

Photo: Albatros Adventure Marathons.(n.d.)

# မြန်မာ့စီးပွားရေးလုပ်ငန်းများအကြောင်း အစီရင်ခံစာ (၂၀၂၀ ခုနှစ်)

အတွဲ (၂)

နိုဝင်ဘာလ၊ ၂၀၂၁ ခုနှစ်

Inya Economics

Inya
Economics

# မြန်မာ့စီးပွားရေးလုပ်ငန်းများအကြောင်း အစီရင်ခံစာ (၂၀၂၀ ခုနှစ်)

အင်းလျားဘောဂဗေဒ

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပရိုဂရမ်

အတွဲ (၂) နိုဝင်ဘာလ၊ ၂၀၂၁ ခုနှစ်

**Copyright © 2021 by Inya Economics LTD GTY. All rights reserved.**

---

**© ၂၀၂၁၊ အင်းလျားဘောဂဗေဒ လီမိတက် ဂရန်တီ၏ မူပိုင်ဖြစ်သည်။**

ဤအစီရင်ခံစာသည် စာရေးသူများ၏ လေ့လာဆန်းစစ်ချက်များသာဖြစ်ပြီး အင်းလျားဘောဂဗေဒ၊ အင်းလျားဘောဂဗေဒ၏ မိတ်ဖက်အဖွဲ့အစည်းများ၏ အမြင်များကို ကိုယ်စားမပြုပေ။ အစီရင်ခံစာတွင် ပါဝင်သော အချက်အလက်များသည် သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ တွေ့ဆုံမေးမြန်းမှုများနှင့် ကျမ်းကိုးအချက်အလက်များပေါ်တွင် အခြေခံပါသည်။ ဤအစီရင်ခံစာတွင် ပါဝင်သော စာများ၊ ပုံများ၊ ဇယားများနှင့် အချက်အလက်များကို တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း၊ အားလုံးသော်လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အကျိုးစီးပွားအလို့ငှာ တစ်ဆင့်ပြန်လည် ကူးယူခြင်း၊ အသုံးပြုခြင်းများကို ခွင့်မပြု။ အင်းလျားဘောဂဗေဒသို့ ကြိုတင် ခွင့်ပြုချက်တောင်းခံရမည်။

## အင်းလျားဘောဂဗေဒ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပရိုဂရမ်အကြောင်း

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ပရိုဂရမ် (Private Sector Development Programme) ကို အင်းလျားဘောဂဗေဒ စတင်တည်ထောင်ချိန် ၂၀၁၇ခုနှစ်တွင် စီးပွားရေးယူနစ်အဖြစ် ဖွဲ့စည်းခဲ့ပြီး၊ မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများအကြောင်းကို သုတေသနပြုလုပ်၍ ယင်းလုပ်ငန်းများအတွက် လိုအပ်သော အကြံပေးဝန်ဆောင်မှုများ၊ သုတေသနဝန်ဆောင်မှုများပေးနိုင်ရန် ရည်ရွယ်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ်တွင် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပြီး လက်ရှိတွင် စီးပွားရေးလုပ်ငန်းများအတွက် (၁) ဈေးကွက်သုတေသနနှင့် အကြံပေးဝန်ဆောင်မှုများ၊ (၂) သုတေသနနှင့် ဈေးကွက်အကဲဖြတ်မှု ကမ်းလှမ်းချက်များနှင့် (၃) စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ဝန်ဆောင်မှုများကို ပေးအပ်လျက်ရှိသည်။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ပရိုဂရမ်အနေဖြင့် စီးပွားရေးလုပ်ငန်းများ၏ ကဏ္ဍအလိုက် သဘောသဘာဝများအကြောင်း ဆန်းစစ်ချက်များ (Industry Analysis)၊ အဖွဲ့အစည်းအတွင်း စီမံခန့်ခွဲမှု (Organization Management)၊ အသေးစိတ်သုံးသပ်ချက်များ (Insights) နှင့် ဆောင်းပါးများ (Blogs) စသည့် အချက်အလက်အပေါ် အခြေခံသည့် ဆန်းစစ်မှုများကို အင်းလျားဘောဂဗေဒ ဝက်ဆိုက်ဒ် (www.inyaeconomics.com) တွင် ပုံမှန်ရေးသား ဖော်ပြသွားမည် ဖြစ်ပါသည်။

## မာတိကာ


ကျေးဇူးတင်လွှာ 6

အတိုကောက်များ 8

(က) ပြည်နယ်နှင့် တိုင်းဒေသကြီးတို့၌ သုတေသနပြုလုပ်ခဲ့သည့် စီးပွားရေးလုပ်ငန်း အမျိုးအစားအလိုက် နမူနာစာရင်း 10

(ခ) သုတေသနပြုမေးမြန်းခဲ့သောပြည်နယ်၊တိုင်းဒေသကြီးများနှင့် ၎င်းတို့၏ ကဏ္ဍကြီးများ ပြပုံ 11

၅။ ရန်ကုန်တိုင်းဒေသကြီး 13

၅.၁။ အထည်ချုပ်လုပ်ငန်း 13

၅.၂။ စားသောက်ကုန်လုပ်ငန်း 19

၅.၃။ စက်ပစ္စည်းနှင့် လျှပ်စစ်ပစ္စည်း လုပ်ငန်း 23

၆။ ချင်းပြည်နယ် 30

၆.၁။ ဝဥလုပ်ငန်း 30

ဇယား (၆.၁.၁) - ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဝဥစိုက်ပျိုးထွက်ရှိမှု အခြေအနေ 31

ဇယား (၆.၁.၂) -၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ချင်းပြည်နယ်၏ ဝဥစိုက်ပျိုးထုတ်လုပ်မှု အခြေအနေ 32

ဇယား (၆.၁.၃) - ဝဥ (အစို)၊ ဝဥ (အခြောက်) နှင့် ဝဥ (အမှုန့်) များ ပြည်ပတင်ပို့မှုအခြေအနေ(အမေရိကန်ဒေါ်လာသန်း) 37

၆.၂။ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း 42

၇။ ကရင်ပြည်နယ် 46

၇.၁။ ရာဘာလုပ်ငန်း 46

ဇယား (၇.၁.၁) - မြန်မာ့ရာဘာ တင်ပို့မှုပမာဏနှင့် တင်ပို့သည့်နိုင်ငံများ (၂၀၁၆-၂၀၁၇)။ 46

၈။ မွန်ပြည်နယ် 53

၈.၁။ ရာဘာလုပ်ငန်း 53

၉။ ရှမ်းပြည်နယ် 60

၉.၁။ ကော်ဖီလုပ်ငန်း 60

၉.၂။ လက်ဖက်လုပ်ငန်း 67

ကိုးကား 72

# ကျေးဇူးတင်လွှာ

အင်းလျားဘောဂဗေဒမှ မြန်မာ့စီးပွားရေးလုပ်ငန်းများအကြောင်း အစီရင်ခံစာ (၂၀၂၀ခုနှစ်)၊ Myanmar Business Insight Report (2020) ၏ ဒုတိယတွဲကို ထုတ်ဝေလိုက်ပါသည်။ ဤအစီရင်ခံစာသည် အင်းလျားဘောဂဗေဒအဖွဲ့၏ ရန်ပုံငွေဖြင့် အင်းလျား ဘောဂဗေဒ၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပရိုဂရမ်မှ ဦးဆောင်ပြုလုပ်နေသော သုတေသနစီမံကိန်း ဖြစ်ပါသည်။ အစီရင်ခံစာ ရေးသားစဉ်အတွင်း အဖွဲ့၏ ကိုယ်ပိုင်အရင်းအမြစ် အကန့်အသတ်ရှိခြင်း၊ အချိန်အကန့်အသတ်ရှိခြင်း၊ ကိုဗစ်ကာလနှင့် စစ်အာဏာသိမ်းမှုတို့၏ ရိုက်ခတ်မှုများကြောင့် အစီရင်ခံစာထွက်ရှိရန် ကြန့်ကြာခဲ့ပါသည်။

ဤအစီရင်ခံစာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်(၁၁)ခုရှိ စီးပွားရေးလုပ်ငန်းများကို လေ့လာခဲ့ပါသည်။ အဆိုပါတိုင်းဒေသကြီးနှင့် ပြည်နယ် (၁၁)ခုထဲမှ အစီရင်ခံစာအတွက် သင့်လျော်မည့် တိုင်းဒေသကြီးနှင့် ပြည်နယ်(၉)ခုရှိ စီးပွားရေးလုပ်ငန်းများအကြောင်းကို အတွဲ(၁)နှင့် အတွဲ(၂)ဖြင့် ရေးသားထုတ်ဝေပါသည်။ အတွဲ(၁)တွင် ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးများရှိ စီးပွားရေးလုပ်ငန်းများအကြောင်းကို ရေးသားခဲ့သည်။ ယခုအတွဲ(၂)အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့ ပါဝင်ပါသည်။ သို့ဖြစ်ပါ၍ ဤစာတမ်းဖြစ်မြောက်ရေးအတွက် အချိန်မျှဝေ၍ ပါဝင်ဖြေဆိုပေးခဲ့သော ဖော်ပြပါ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စီးပွားရေးလုပ်ငန်းရှင်အားလုံးကို အင်းလျားဘောဂဗေဒမှ ကျေးဇူးတင်ရှိပါသည်။

မြန်မာ့စီးပွားရေးလုပ်ငန်းများအကြောင်း အစီရင်ခံစာ (၂၀၂၀ခုနှစ်) ဒုတိယတွဲရေးသားသည့် သုတေသနအဖွဲ့ကို သူရိန်လွင် (ပရိုဂရမ်ဒါရိုက်တာ)မှ ဦးဆောင်ခဲ့ပြီး၊ ခင်စုသက် (ပရိုဂရမ်ရေးရာ အဖွဲ့မှူး)၊ မေသူထက်(စီမံကိန်းကျွမ်းကျင်သူ)နှင့် ပုဂ္ဂလိကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးပရိုဂရမ်၏ အလုပ်သင်များ ပါဝင်ပါသည်။ အချက်အလက်ကောက်ယူရေးအတွက် နည်းစနစ်ပိုင်းဆိုင်ရာ ပြင်ဆင်ပေးသူများမှာ ဆန်းလင်းအောင်၊ ရဲမင်းအောင်နှင့် အောင်ကောင်းဆက်တို့ဖြစ်ပြီး၊ စီးပွားရေးလုပ်ငန်းများနှင့် အင်တာဗျူးမေးမြန်းခြင်းတို့အတွက် သုတေသနအဖွဲ့တွင် ပါဝင်ကူညီပေးခဲ့သော သုတေသန အလုပ်သင်များဖြစ်သည့် အေးချမ်းဖြူဖြူ၊ နှင်းအိမ့်ချယ်၊ ဆုသီရိစံ၊ မေဦးမိုး၊ စုသီရိစိုးနှင့် သိမ့်သဇင်လင်း တို့ဖြစ်သည်။ အဆိုပါ သုတေသနအဖွဲ့တွင် ပါဝင်ဆောင်ရွက်ခဲ့သူ တစ်ဦးတစ်ယောက်ချင်းစီတိုင်းကို အထူးပင်ကျေးဇူးတင်လိုပါသည်။

ယခု အတွဲ(၂)အစီရင်ခံစာကို အဓိကရေးသားကြသူများမှာ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပရိုဂရမ်၏ အလုပ်သင်များဖြစ်သည့် အာကာကျော် (အဖွဲ့ခေါင်းဆောင်)၊ ဝေမိုးဖြူ၊ နှင်းပွင့်လွင်၊ ငါလန် ဂျာလီကော့၊ ဟန်သစ်ညီညီနှင့် ကောင်းသန့်တို့ဖြစ်သည်။ ၎င်းတို့၏ စွမ်းစွမ်းတမံ ကြိုးစားအားထုတ်မှုများမပါဘဲ ဤအစီရင်ခံစာပြီးမြောက်နိုင်မည် မဟုတ်သည့်အတွက် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ယခုအစီရင်ခံစာနှင့် အခြားသော အင်းလျားဘောဂဗေဒ၏ အကြံပေးလုပ်ငန်းများ၊ သုတေသနဝန်ဆောင်မှုလုပ်ငန်းများ၊ သုတေသန စာတမ်းများကို ဖတ်ရှုလိုပါက www.inyaeconomics.comတွင် ဖတ်ရှုနိုင်ပြီး ဝေဖန်၊ အကြံပြုလိုပါကလည်း အဖွဲ့အစည်းအီးမေးလ်ဖြစ်သည့် inyaeconomics@gmail.com သို့လည်းကောင်း၊ သုတေသနစီမံကိန်းများနှင့် ဝန်ဆောင်မှုများအတွက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ပရိုဂရမ်အီးမေးလ် psd.ie.mm@gmail.com သို့လည်းကောင်း လွတ်လပ်စွာပေးပို့ ဆက်သွယ်နိုင်ပါသည်။ဤအစီရင်ခံစာသည် အင်းလျားဘောဂဗေဒ၏ အန္တိမ ရည်မှန်းချက်ဖြစ်သော မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အပံ့ဖြစ်စေရန် ရယ်ရွယ်ပါသည်။

သူရိန်လွင်

ပရိုဂရမ်ဒါရိုက်တာ

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ပရိုဂရမ်

အင်းလျားဘောဂဗေဒ

# အတိုကောက်များ


| | |
|---|---|
| CMP | လက်ခစား အထည်ချုပ်<br>Cut-Make-Pack |
| CSO | အရပ်ဘက်အဖွဲ့အစည်း<br>Civil Society Organization |
| FOB | Free On Board<br>သင်္ဘောပေါ်ရောက်သည်အထိ တာဝန်ယူ တင်ပို့ရောင်းချခြင်း |
| FY | ဘဏ္ဍာရေးနှစ်<br>Fiscal Year |
| GDP | စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး (ဂျီဒီပီ)<br>Gross Domestic Product |
| GIZ | ဂျာမနီအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ<br>German Agency for International Cooperation |
| GSP | ဦးစားပေးအကောက်ခွန်စနစ်<br>Generalized System of Preferences |
| INGO | နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်း<br>International Non-Governmental Organization |
| JICA | ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ<br>Japan International Cooperation Agency |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်<br>Myanmar Agricultural Development Bank |

| | |
|---|---|
| MOALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန<br>Ministry of Agriculture, Livestock and Irrigation |
| MOC | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန<br>Ministry of Commerce |
| NGO | အစိုးရမဟုတ်သော အဖွဲ့အစည်း<br>Non-Governmental Organization |
| RBF | တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်း ရန်ပုံငွေ<br>Responsible Business Fund |
| SMEs | အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ<br>Small and Medium Enterprises |
| SWOT | အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းနှင့် ခြိမ်းခြောက်မှု<br>Strength, Weakness, Opportunity, and Threat |
| UMFCCI | ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း<br>Union of Myanmar Federation of Chambers of Commerce and Industry |
| USAID | အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးမှုဆိုင်ရာ အကူအညီပေးရေးအဖွဲ့<br>United States Agency for International Development |

## (က) ပြည်နယ်နှင့် တိုင်းဒေသကြီးတို့၌ သုတေသနပြုလုပ်ခဲ့သည့် စီးပွားရေးလုပ်ငန်း အမျိုးအစားအလိုက် နမူနာစာရင်း

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ကဏ္ဍ | စီးပွားရေးလုပ်ငန်း အမျိုးအစား | နမူနာ ဦးရေ |
|---|---|---|---|---|
| ၁ | ဧရာဝတီတိုင်းဒေသကြီး | လယ်ယာ | ဆန်စက်လုပ်ငန်း | ၅ |
| ၂ | ပဲခူးတိုင်းဒေသကြီး | လယ်ယာ | ပဲလုပ်ငန်း | ၃ |
| ၃ | မကွေးတိုင်းဒေသကြီး | လယ်ယာ | မြေပဲလုပ်ငန်း၊ နှမ်းလုပ်ငန်း၊ ကြက်သွန်လုပ်ငန်း | ၆ |
| ၄ | မန္တလေးတိုင်းဒေသကြီး | ဝန်ဆောင်မှု | ယွန်းထည်လုပ်ငန်း၊ ရက်ကန်းလုပ်ငန်းနှင့် ရွှေချည်ထိုးလုပ်ငန်း | ၁၀ |
| ၅ | ရန်ကုန်တိုင်းဒေသကြီး | စက်မှု၊ ဝန်ဆောင်မှု | အထည်ချုပ်လုပ်ငန်း၊ အစားအသောက်နှင့် အဖျော်ယမကာလုပ်ငန်း၊ လျှပ်စစ်ပစ္စည်းဆိုင်ရာ လုပ်ငန်း၊ လယ်ယာသုံးစက်ပစ္စည်းဆိုင်ရာ လုပ်ငန်း | ၁၀ |
| ၆ | ချင်းပြည်နယ် | လယ်ယာ၊ ဝန်ဆောင်မှု | ဝဥလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း | ၆ |
| ၇ | ကရင်ပြည်နယ် | လယ်ယာ | ရာဘာလုပ်ငန်း | ၃ |
| ၈ | မွန်ပြည်နယ် | လယ်ယာ | ရာဘာလုပ်ငန်း | ၃ |
| ၉ | ရှမ်းပြည်နယ် | လယ်ယာ | လက်ဖက်လုပ်ငန်း၊ ကော်ဖီလုပ်ငန်း | ၇ |
| တိုင်းဒေသကြီးနှင့် ပြည်နယ် (၉) ခု | | ကဏ္ဍကြီး (၃) ခု | လေ့လာခဲ့သော လုပ်ငန်းအမျိုးအစား (၁၈) ခု | လေ့လာခဲ့သောလုပ်ငန်း အရေအတွက် (၅၃) ခု |

## (ခ) သုတေသနပြုမေးမြန်းခဲ့သောပြည်နယ်၊တိုင်းဒေသကြီးများနှင့် ၎င်းတို့၏ ကဏ္ဍကြီးများ ပြပုံ




မြန်မာ့စီးပွားရေးလုပ်ငန်းများအကြောင်း အစီရင်ခံစာ(၂၀၂၀ခုနှစ်)




ဓါတ်ပုံ - အင်းလျားဘောဂဗေဒ၊ ၂၀၂၁ခုနှစ်

# ၅။ ရန်ကုန်တိုင်းဒေသကြီး

**ရန်ကုန်တိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ စီးပွားရေးကို မောင်းနှင်သည့် အကြီးဆုံးအင်ဂျင်ဖြစ်ပါသည်။** ရန်ကုန်မြို့သည် မြန်မာနိုင်ငံ၏ စီးပွားရေးအချက်အချာမြို့ဖြစ်ပြီး နိုင်ငံတကာကူးသန်းရောင်းဝယ်ရေးအတွက် ဆိပ်ကမ်းများလည်း ပိုင်ဆိုင်ထားရှိသည်။ နိုင်ငံ၏ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ) တွင် ၂၃ ရာခိုင်နှုန်းဖြင့် ရန်ကုန်၏ စီးပွားရေးမှာ ရှင်သန်နေသည်။ ၂၀၁၂ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် ပျမ်းမျှ ဂျီဒီပီ ၉.၂ ရာခိုင်နှုန်းမြင့်တက်လျက်ရှိသည်။ ရန်ကုန် တိုင်းဒေသကြီးအတွင်း လည်ပတ်နေသော လုပ်ငန်းများအနက်မှ အဓိကလုပ်ငန်း ၃ ခုဖြစ်သည့် အထည်ချုပ်လုပ်ငန်း၊ စားသောက်ကုန် လုပ်ငန်းနှင့် စက်ပစ္စည်းနှင့် လျှပ်စစ်ပစ္စည်း လုပ်ငန်းတို့ကို SWOT နည်းစနစ်ဖြင့် ဆန်းစစ်သုံးသပ်ထားပါသည်။

## ၅.၁။ အထည်ချုပ်လုပ်ငန်း

### နောက်ခံအကြောင်းအရာ

**၂၀၁၀ ခုနှစ် နောက်ပိုင်းတွင် မြန်မာ့နိုင်ငံရေးအခြေအနေ ပြောင်းလဲလာသည်နှင့်အတူ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ လမ်းပွင့်ခဲ့ရာ ကုန်ထုတ်လုပ်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာခဲ့သည်။** အထည်ချုပ်ကဏ္ဍတွင်လည်း အများအပြား ရင်းနှီးမြှုပ်နှံလာခဲ့ရာ ၂၀၁၉ ခုနှစ်တွင် နိုင်ငံ၏ထိပ်တန်းပို့ကုန်များထဲမှ တစ်ခု ဖြစ်လာခဲ့သည်။ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည် လုပ်ခလစာ စျေးသက်သာခြင်းနှင့် ကုန်ပစ္စည်းများအပေါ် အကောက်ခွန်လျှော့ချပေးသည့် ဦးစားပေးအကောက်ခွန်စနစ် (GSP) ရှိခြင်းတို့ကြောင့် လက်ခစား အထည်ချုပ်လုပ်ငန်းနှင့် ဖိနပ်ချုပ်လုပ်ငန်းများအတွက် မက်လုံးတစ်ခုဖြစ်ပေသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် အထည်အလိပ်လုပ်ငန်းသည် ၂၀၀၉ ခုနှစ်တွင် ၄၇၂ မီလီယံဒေါ်လာမှသည် ၂၀၁၉ ခုနှစ်တွင် ၆.၅၉ ဘီလီယံဒေါ်လာသို့ ပို့ကုန်၏ တစ်ဦးကျ ဂျီဒီပီ တဟုန်ထိုး တိုးတက်လာပြီး နိုင်ငံ၏ ဂျီဒီပီတိုးတက်စေသော အဓိကပို့ကုန် ၃ ခုတွင် တစ်ခု အပါအဝင် ဖြစ်လာသည် (OEC, 2019)။

**နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် အထည်ချုပ်လုပ်ငန်း၏ ကုန်ထုတ်စွမ်းအားကို တစ်ရှိန်ထိုး တိုးတက်စေသည်။ ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့မှုနှင့်အတူ လုပ်ငန်းခွင်အမူအကျင့်နှင့် လေ့ကျင့်ရေးသင်တန်းများပါ ပူးတွဲပါလာပြီး ကျွမ်းကျင်မှုနိမ့်ကျလျက်ရှိသော အလုပ်သမားများကို ကျွမ်းကျင်မှုမြင့်သော လုပ်သားများအဖြစ်သို့ မြှင့်တင်ပေးခဲ့သည်။** ထို့အပြင် အလုပ်သမားများ၏ အခွင့်အရေး၊ ရပိုင်ခွင့်နှင့် လုပ်ခလစာများအား ကာကွယ်ရန် အလုပ်သမား အဖွဲ့အစည်းများသည်လည်း ဥဒဟို

ပေါ်ပေါက်လာခဲ့သည်။ ဤသို့ဖြင့် နိုင်ငံ၏ စီးပွားတိုးတက်ရေးအတွက် အလားအလာရှိသော၊ နိုင်ငံသားများအား အလုပ်အကိုင် အခွင့်အလမ်း အများအပြားပေးနိုင်သော အထည်ချုပ်လုပ်ငန်း၏ ထုတ်လုပ်မှုစွမ်းရည်နှင့် တိုးတက်မှုများကို အလုံးစုံသိမြင်နိုင်ရန်၊ ကိုဗစ်ကပ်ရောဂါ၏ သက်ရောက်မှုများနှင့် ကုန်ကြမ်းကွင်းဆက် ပြဿနာများကြောင့် လက်ရှိအခြေအနေတွင် ကြုံတွေ့နေရသော စိန်ခေါ်မှု အခက်အခဲများကို ပိုမိုနားလည်နိုင်ရန်အတွက် အထည်ချုပ်လုပ်ငန်း၏ အားသာချက်များ၊ အားနည်းချက်များ၊ အခွင့်အလမ်းများနှင့် ခြိမ်းခြောက်မှုများကို ဤသုတေသနတွင် လေ့လာသွားမည်ဖြစ်ပါသည်။

**အထည်ချုပ်လုပ်ငန်း၏ အားသာချက်များ**

**လုပ်သားအင်အားအများအပြား လိုအပ်သည်ဖြစ်ရာ မြန်မာနိုင်ငံ၏ ကျေးလက်နေ အမျိုးသမီးငယ်များအတွက်ပါ အလုပ်အကိုင် အခွင့်အလမ်းများ ပေးအပ်နိုင်ခဲ့သည်။** လုပ်ငန်း သဘာဝအရ အထည်ချုပ်လုပ်ငန်းသည် လုပ်သားအင်အား အများအပြားသုံးရသော စက်မှုလုပ်ငန်း ဖြစ်သည့်အားလျော်စွာ ၂၀၂၀ ခုနှစ်တွင် မြန်မာနိုင်ငံရှိ လုပ်သားပေါင်းဦးရေ ၇ သိန်းခန့်အား အလုပ်အကိုင် ဖန်တီးပေးနိုင်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ ၂၀၂၀ ခုနှစ် ထုတ်ပြန်ချက်အရ ထိုကဲ့သို့ မြန်မာသို့ လာရောက်ရင်းနှီးမြှုပ်နှံခြင်းမှာ လုပ်သားများအား သက်သာသော လုပ်ခ၊ လစာ ပေးရခြင်းကြောင့်လည်း ဖြစ်သည်။[1]

**အထည်ချုပ်လုပ်ငန်းများသည် အခွန်ကင်းလွတ်ခွင့်နှင့် ဥရောပသို့ဈေးကွက် အခွင့်အလမ်းကို အကျိုးခံစားရပါသည်။** GSP သည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် စီးပွါးရေးဖွံ့ဖြိုးတိုးတက်မှုအား မြှင့်တင်ပေးသော အခွန်ကင်းလွတ်ခွင့်စနစ် ဖြစ်ပြီး အမေရိကန်နှင့် ဥရောပ နိုင်ငံများသို့ ထုတ်ကုန်တင်ပို့မှုအား အဓိက ကင်းလွတ်ခွင့်ပေးသည်ဖြစ်ရာ မြန်မာနိုင်ငံအတွက် အထူးသဖြင့် အထည်ချုပ်လုပ်ငန်းအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခွင့်အရေးများစွာကို ပိုင်ဆိုင်ထားပါသည်။ မြန်မာ့အထည်ချုပ်လုပ်ငန်းသည် အဓိကအားဖြင့် ၂၀၁၆ ခုနှစ်အရှေ့ပိုင်းကာလများတွင် တောင်ကိုရီးယား နှင့် ဂျပန်အား အများဆုံးတင်ပို့သော်လည်း ၂၀၁၆ ခုနှစ်နောက်ပိုင်းတွင် ဥရောပသို့ အများဆုံးတင်ပို့သည်ကို တွေ့ရသည်။ (OEC, 2019) ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် အနောက်နိုင်ငံများသို့

[1] မြန်မာနိုင်ငံတွင် အနည်းဆုံးလုပ်ခကြေးငွေဥပဒေအား ၂၀၁၃ ခုနှစ်တွင် ထပ်မံပြဌာန်း၍ ၂၀၁၅ ခုနှစ်မှစတင်၍ တစ်ရက်လျှင် အနည်းဆုံးလုပ်ခ (၂.၇ ဒေါ်လာ) ၃,၆၀၀ ကျပ်ဖြင့် (၁ ဒေါ်လာ = ၁,၃၀၀ ကျပ်, ဒီဇင်ဘာလ ၂၀၁၅) သတ်မှတ်ခဲ့သည်။ ဥပဒေအရ ၂ နှစ်တစ်ကြိမ် ပြန်လည် ပြင်ဆင်ရေးအား သတ်မှတ်ထားရာ ၂၀၁၈ ခုနှစ်တွင် တစ်ရက်လုပ်ခလစာ (၃.၁ ဒေါ်လာ) ၄,၈၀၀ ကျပ်ဖြင့် (၁ ဒေါ်လာ = ၁,,၅၅၈ ကျပ်, ဒီဇင်ဘာလ ၂၀၁၈) ပြင်ဆင် သတ်မှတ်လိုက်သော်လည်း မြန်မာနိုင်ငံ၏ အနည်းဆုံးလုပ်ခလစာသည် အာရှတွင် အခြားဖွံ့ဖြိုးဆဲ အိမ်နီးခြင်းနိုင်ငံများနှင့် ယှဉ်လျှင် သိသာစွာ နည်းပါးနေဆဲ ဖြစ်သောကြောင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများအတွက် မက်လုံးတစ်ခု ဖြစ်နေဆဲဖြစ်သည်။

ဈေးကွက်ပိုမိုချဲ့ထွင်လာနိုင်ပြီး၊ ကမ္ဘာကျော် တံဆိပ်များဖြစ်သည့် Zara၊ H&M၊ Primark နှင့် Bestseller စသော တံဆိပ်များချုပ်လုပ်ရာ နိုင်ငံတစ်ခု ဖြစ်လာခဲ့သည် (Paton, 2021)။

**အထည်ချုပ်လုပ်ငန်းအများစုသည် မြန်မာနိုင်ငံ၏ အဓိက သယ်ယူပို့ဆောင်ရေး အချက်အချာကျသော ရန်ကုန်တွင် တည်ရှိသည်ဖြစ်ရာ ရေကြောင်းလမ်း၊ လေကြောင်းလမ်း၊ ကုန်းကြောင်းလမ်းများအား အလွယ်တကူ အသုံးပြုနိုင်သဖြင့် သွင်းကုန် ထုတ်ကုန် အများဆုံးပြုလုပ်ရသော အထည်ချုပ်လုပ်ငန်းများအတွက် အားသာချက်တစ်ခု ဖြစ်သည်။** မြန်မာနိုင်ငံ၌ အထည်ချုပ်လုပ်ငန်းများတွင် အများအပြား ရင်းနှီးမြှုပ်နှံလာသည်နှင့်အမျှ ရန်ကုန်မြို့အပြင် ပဲခူး၊ ပုသိမ် နှင့် မန္တလေးမြို့များသို့ လုပ်ငန်းများတိုးချဲ့လာခဲ့သည်။

**မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့်အားလျော်စွာ အထည်ချုပ်လုပ်ငန်းအပေါ် နိုင်ငံတကာထောက်ပံ့မှု အများအပြား ခံစားရရှိသည်။** နိုင်ငံတကာအဖွဲ့အစည်းများမှ နည်းပညာအားဖြင့်လည်းကောင်း၊ ငွေကြေးအားဖြင့်လည်းကောင်း၊ ကုန်ထုတ်လုပ်မှုများ ပိုမိုတိုးတက်စေရန် လုပ်သားများအား သင်တန်းပေးခြင်းဖြင့်လည်းကောင်း ယင်းလုပ်ငန်းအား များစွာပံ့ပိုးလျက်ရှိသည်။

**အထည်ချုပ်လုပ်ငန်း၏ အားနည်းချက်များ**

**အထည်ချုပ်လုပ်ငန်းမှာ နိုင်ငံ၏ ဂျီဒီပီတိုးတက်စေသော အဓိကပို့ကုန် ၃ ခုတွင် တစ်ခု ဖြစ်သော်လည်း ၎င်း၏ ကုန်ကြမ်းပစ္စည်းများအား ပြည်တွင်း၌ ထုတ်လုပ်နိုင်ခြင်းမရှိပေ။** ချည်နှင့် ပိတ်လိပ် အစရှိသော ဆက်စပ်ကုန်ကြမ်းများပစ္စည်းများအား ၂၀၁၉ ခုနှစ်တွင် တရုတ်နိုင်ငံမှ ၈၂.၀၅ ရာခိုင်နှုန်း (တန်ဖိုးအားဖြင့် သန်း ၁,၇၀၀ ခန့်)၊ ထိုင်းနိုင်ငံမှ ၃.၉ ရာခိုင်နှုန်းနှင့် တောင်ကိုရီးယားမှ ၃.၂ ရာခိုင်နှုန်း တင်သွင်းခဲ့ရပြီး အချို့သော ဆက်စပ်ကုန်ကြမ်းများအား ပြည်တွင်းရှိ နိုင်ငံခြားသားပိုင်စက်ရုံများမှ ပြန်လည် ဝယ်ယူရသည် (World Integrated Trade Solution, 2019)။

**ပုံ (၅.၁.၁) - အထည်ချုပ်လုပ်ငန်း တန်ဖိုးကွင်းဆက်**




*ရင်းမြစ် - အင်းလျားဘောဂဗေဒ၊ ၂၀၂၁ခုနှစ်*

**အခြားသော အထည်ချုပ်လုပ်ငန်း၏ အားနည်းချက်တစ်ခုမှာ လက်ခစား အထည်ချုပ်စနစ် (CMP)မှ သင်္ဘောပေါ်ရောက်သည်အထိ တာဝန်ယူ တင်ပို့ရောင်းချခြင်း (FOB) စနစ်သို့ ပြောင်းလဲရန် လုပ်ရည်ကိုင်ရည် မရှိခြင်းပင်ဖြစ်သည်။** အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ကုန်ကြမ်းပစ္စည်းများအား ပြည်ပမှ တင်သွင်းနေရသည့်အတွက် အထည်ချုပ် တန်ဖိုးကွင်းဆက် တစ်ခုလုံး ပြည့်မှီရန် မြန်မာနိုင်ငံ၌ အရည်အသွေးပြည့်မီသော ကုန်ကြမ်းများအား ထုတ်လုပ်နိုင်စွမ်းမရှိပဲ လက်ခစားအထည်ချုပ်အဖြစ်နှင့်သာ ရပ်တန့်နေပေသည်။ မြန်မာနိုင်ငံသည် ပြည်တွင်းထုတ်လုပ်မှုနှင့် ရက်ကန်းစက်များ၊ ချည်မျှင်ထုတ်စက်ရုံများ ရှိသော်လည်း ကျွမ်းကျင်ဝန်ထမ်းမရှိခြင်း၊ ချည်မျှင်ကောင်းနှင့် အထည်လိပ်ကောင်းများရရှိရန် နည်းပညာနှင့် စက်ပစ္စည်းကောင်းများ မရှိခြင်းတို့ကြောင့် လိုအပ်သော ကုန်ကြမ်းများအား ထုတ်လုပ်ပေးနိုင်စွမ်း မရှိပေ။ ထို့ကြောင့် လိုအပ်သော ကုန်ကြမ်းများတင်သွင်းရသောကြောင့် တင်သွင်းအခွန်နှင့် များပြားသော ထပ်တိုးကုန်ကျစရိတ်များကိုပါ ဖြစ်ပေါ်စေသည်။

**အခြေခံအဆောက်အဦး ကောင်းစွာမရှိခြင်းနှင့် လျှပ်စစ်မီး ပုံမှန်မရရှိခြင်းများနှင့်လည်း ရင်ဆိုင်ရသည်။** မြန်မာနိုင်ငံသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ကြိုဆိုနေသော်လည်း လျှပ်စစ်စွမ်းအင် ထောက်ပံ့မှုအားနည်းခြင်းမှာ ကြီးမားသော ပြဿနာတစ်ရပ်ဖြစ်သည်။ နိုင်ငံအတွင်း၌ တစ်နှစ်လျှင် လေးလနီးပါးခန့် မီးပြတ်တောက်မှုကြောင့် စက်ရုံများသည် မီးစက်များဖြင့်သာ လည်ပတ်ရပြီး ကုန်ကျစရိတ် ပို၍ ကြီးမားသည်။ အခြေခံအဆောက်အဦး ကောင်းစွာမရှိခြင်းနှင့် မြေငှါးခ ဈေးကြီးခြင်းတို့သည်လည်း အားနည်းချက်တစ်ခု ဖြစ်သည် (Myanmar Economic Monitor Report, 2020)။

**အထည်ချုပ်စက်ရုံအများစုသည် စက်ရုံအုပ်ချုပ်ရေးနှင့် ကုန်ထုတ်လုပ်မှုအတွက် ပြည်တွင်း ကျွမ်းကျင်ပညာရှင်များ မရှိခြင်းကြောင့် ပြည်ပမှသာ ငှါးရမ်းကြရသည်။** ဤတွင် ဘာသာစကားအခက်အခဲများ ကြုံတွေ့ရခြင်း၊ နိုင်ငံခြားဘာသာပြန်သူများမှ ကုန်ထုတ်လုပ်မှုပိုင်းတွင် အတွေ့အကြုံနှင့် ဗဟုသုတမရှိခြင်းတို့ကြောင့် လုပ်သားများနှင့် အုပ်ချုပ်မှုပိုင်းတွင် အငြင်းပွါးမှုများ ရှိလာခဲ့သည်။

## အထည်ချုပ်လုပ်ငန်း၏ အခွင့်အလမ်းများ

**အထည်ချုပ်သည် မြန်မာနိုင်ငံအတွက် ဦးစားပေးကဏ္ဍတစ်ခု ဖြစ်ပေသည်။** CMP အထည်ချုပ်လုပ်ငန်းသည် မြန်မာနိုင်ငံ၏ ဂျီဒီပီကို တိုးတက်စေသော ကဏ္ဍတစ်ခုဖြစ်သည်နှင့်အမျှ အစိုးရ၏ ပံ့ပိုးကူညီမှုများသည်လည်း အထည်ချုပ်လုပ်ငန်းများကို အဓိက ဦးစားပေးသည်ကို တွေ့ရသည်။ ဥပမာအားဖြင့် မြန်မာနိုင်ငံ၌ ကိုဗစ်ကပ်ရောဂါ ပထမလှိုင်းနှင့် ဒုတိယလှိုင်းတို့တွင် အထည်ချုပ်လုပ်ငန်းများသည် ကိုဗစ်အရေးပေါ်ချေးငွေအတွက် အဓိက ဦးစားပေးလုပ်ငန်း ဖြစ်ခဲ့သည် (Ministry of Planning and Finance, 2020)။

**ကုန်ကြမ်းပစ္စည်းများအား ပြည်တွင်း၌ ထုတ်လုပ်နိုင်ခြင်း မရှိသေးသော်လည်း ၎င်းတို့အား ထုတ်လုပ်ရန် စက်ပစ္စည်းနှင့် စက်ရုံအဆောက်အဦးများ အဆင်သင့် ရှိပေသည်။** လက်ခစား အထည်ချုပ်မှသည် ပို၍ အကျိုးအမြတ်များနိုင်သော ကုန်ပစ္စည်းများအား FOB သို့ပြောင်းလဲလျှင် တဖြည်းဖြည်း တိုးတက်အောင်လုပ်၍ ပြောင်းလဲနိုင်သော အခြေအနေတွင် ရှိသည်။ အဘယ်ကြောင့်ဆိုသော် လိုအပ်သော ကုန်ကြမ်းများထုတ်လုပ်ရန် မြန်မာနိုင်ငံတွင် ဝါဂွမ်းများ အလွယ်တကူ စိုက်ပျိုးနိုင်ရန် မြေနေရာ အလုံအလောက်ရှိခြင်း၊ ချည်မျှင်များ ထုတ်လုပ်နိုင်ငံရန် စက်ရုံနှင့် စက်ပစ္စည်းများ ရှိခြင်းနှင့် အထည်အလိပ်ထုတ်လုပ်ရန် စက်ရုံများရှိခြင်းတို့ကြောင့် ဖြစ်သည်။

## အထည်ချုပ်လုပ်ငန်း၏ ခြိမ်းခြောက်မှုများ

**မြန်မာနိုင်ငံအတွင်း နိုင်ငံရေးမတည်ငြိမ်မှုများသည် အထည်ချုပ်လုပ်ငန်း၏ အလားအလာကောင်းသော အနာဂတ်ကို ခြိမ်းခြောက်လျက်ရှိသည်။** ကမ္ဘာ့ဘဏ်၏ မြန်မာ့စီးပွါးရေး လေ့လာမှုအစီရင်ခံစာအရ နိုင်ငံ့စီးပွါးရေးသည် ရေရှည်တိုးတက်နိုင်သော်လည်း နိုင်ငံရေးတည်ငြိမ်မှု မရှိခြင်းက နိုင်ငံတကာ ရင်းနှီးမြှပ်နှံသူများအား လက်တွန့်စေသည်။ နိုင်ငံရေး မတည်ငြိမ်မှုကြောင့် ကုန်ကြမ်းပစ္စည်းများ တင်သွင်းရန်ကြန့်ကြာခြင်းနှင့် ကုန်ပစ္စည်းများ တင်ပို့ရန်ကြန့်ကြာခြင်းတို့ ဖြစ်စေသည့်အတွက် ကုန်ထုတ်လုပ်မှု ကုန်ကျငွေအား တိုးစေသကဲ့သို့ ကုန်ထုတ်လုပ်မှုအားကိုလည်း ထိခိုက်စေနိုင်သည်။

## အကြံပြုချက်များ

- အထည်ချုပ်လုပ်ငန်းများတွင် ကုန်ကျစရိတ် မြင့်တက်ခြင်းနှင့် ထုတ်လုပ်မှုအင်အား လျော့ကျခြင်းတို့သည် လုပ်ငန်းအား သိသိသာသာ ပိုမိုဆိုးရွားစေသည်။ ထို့ပြင် ပို့ကုန်ဈေးကွက်၌ သွင်းကုန် ကုန်ကျစရိတ်မြင့်တက်ခြင်းနှင့် ဝယ်လိုအားကျဆင်းမှုတို့ကြောင့် ပို့ကုန်ဦးစားပေး အထည်ချုပ်စက်ရုံများမှာ အကြီးအကျယ် ထိခိုက်မှုဖြစ်ပေါ်နေပါသည်။ ထို့ကြောင့် အစိုးရအနေဖြင့် ရေရှည်တည်တံ့သော စီးပွါးရေးလုပ်ငန်း ထူထောင်နိုင်ရန် စီးပွါးရေးကုန်ကျစရိတ်များလျော့ချခြင်း၊ အခွန်လျော့ချခြင်းနှင့် အခြေခံအဆောက်အဦးများ တိုးတက်အောင် ပြုလုပ်ခြင်းဖြင့် မြို့ပြနှင့်မြို့ငယ်များသို့ ရင်းနှီးမြှုပ်နှံမှုများအား ဆွဲဆောင်နိုင်မည် ဖြစ်သည်။

- အထည်ချုပ်လုပ်ငန်း၏ လုပ်သားများကို လေ့ကျင့်ပျိုးထောင်ပေးခြင်းနှင့် ကျင့်ဝတ်နှင့် ကိုက်ညီပြီး နိုင်ငံတကာတွင် ကျင့်သုံးနေသော စီးပွားရေးလမ်းညွှန်ချက်များအား လိုက်နာရန် ကူညီသည့် အထောက်အပံ့အစီအစဉ်များသည် ပြည်တွင်းထုတ်ကုန်များ၏ နိုင်ငံတကာ ဝယ်လိုအားကို မြှင့်တင်ပေးနိုင်သည်သာမက စက်မှုလုပ်ငန်းများ၏ ကုန်ထုတ်လုပ်ငန်းကိုပါ တိုးတက်စေနိုင်မည် ဖြစ်သည်။

- ကုန်ကြမ်းတင်သွင်းမှုအတွက် ကုန်သွယ်မှုဆိုင်ရာချေးငွေ ပို၍ထောက်ပံ့ခြင်းက လုပ်ငန်းများ၏ ငွေဖြစ်လွယ်မှုကို တိုးမြှင့်ပေးသည်။ ငွေကြေးကဏ္ဍတွင် နည်းဥပဒေများအား လျှော့ပေါ့လာသဖြင့် အာမခံပစ္စည်းလိုအပ်ချက်များ လွယ်ကူလာခြင်းကလည်း ထုတ်ကုန်တင်ပို့မှုကို မြှင့်တင်ပေးနိုင်သည်။

- ပြည်တွင်းရှိ အထည်အလိပ်ကဏ္ဍအား မြှင့်တင်ခြင်းနှင့် အထည်အလိပ်ကဏ္ဍအတွက် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများအား ဖိတ်ခေါ်ခြင်းသည် ပြည်တွင်း၌ အလုပ်အကိုင် ပိုမိုဖန်တီးပေးနိုင်သည်သာမက အထည်ချုပ်လုပ်ငန်းအတွက် ကုန်ကြမ်းကုန်ကျစရိတ်များ လျော့ချနိုင်၍ ပိုမို အကျိုးဖြစ်ထွန်းနိုင်ပေသည်။

## ၅.၂။ စားသောက်ကုန်လုပ်ငန်း

### နောက်ခံအကြောင်းအရာ

**ရန်ကုန်တိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ စီးပွါးရေးမြို့တော်ဟု တင်စားသကဲ့သို့ပင် လေကြောင်း၊ ရေကြောင်းနှင့် ကုန်းကြောင်း ကုန်သွယ်ရေးတို့၏ ဗဟိုချက်ပင်ဖြစ်သည်။** Flanders ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးအဖွဲ့အစည်း၏ အဆိုအရ မကြာသေးမီနှစ်များအတွင်း အစားအသောက်နှင့် အဖျော်ယမကာလုပ်ငန်းသည် စုစုပေါင်းစားသုံးသူအသုံးစရိတ်၏ ပျမ်းမျှ ၁၅ ရာခိုင်နှုန်းဖြင့် အကြီးဆုံးကဏ္ဍခွဲဖြစ်သည်။ မြန်မာနိုင်ငံသည် လူသုံးကုန်ပစ္စည်းထုတ်လုပ်မည့် ကုမ္ပဏီများအတွက် အခွင့်အလမ်းအများဆုံးပေးစွမ်းမည့် "အနာဂတ်၏ ဈေးကွက် ၂၀" ထဲတွင် တစ်ခုဖြစ်ကြောင်း Euromonitor မှ အစီရင်ခံတင်ပြခဲ့ပါသည်။ ၎င်းတို့အနက် ထုပ်ပိုးထားသော အစားအစာများသည် အကြီးဆုံးလုပ်ငန်းတစ်ခုဖြစ်ပြီး အပူ၊ အအေး သောက်စရာလုပ်ငန်းများက အလျင်မြန်ဆုံး တိုးတက်လာနိုင်သည်ဟု ခန့်မှန်းထားပါသည်။ ဤအပိုင်းတွင် ရန်ကုန်မြို့၏ တရှိန်ထိုး တိုးတက်လာသော စားသောက်ကုန်လုပ်ငန်း၏ အားသာချက်များ၊ အားနည်းချက်များ၊ အခွင့်အလမ်းများနှင့် ခြိမ်းခြောက်မှုများကို အလေးပေး သုံးသပ်သွားပါမည်။

### စားသောက်ကုန်လုပ်ငန်း၏ အားသာချက်များ

**ရန်ကုန်တိုင်းဒေသကြီးရှိ စားသောက်ကုန်လုပ်ငန်းများသည် ပြည်တွင်းဈေးကွက်တွင် ဝယ်လိုအား အခိုင်အမာ ရရှိပြီးသားဖြစ်သည်။** စားသောက်ကုန်ဈေးကွက်သည် လက်လီဈေးကွက် ဖြစ်သော ရပ်ကွက်ဈေးများနှင့် သီရိမင်္ဂလာဈေးနှင့် ဒညင်းကုန်းဈေးများ စသည့် လက်ကားဈေးကွက်များအပေါ်တွင် အမှီပြုနေရပါသည်။ ယနေ့ခေတ်တွင် ပြည်သူလူထု၏ နေထိုင်စားသောက်မှုပုံစံသည်လည်း သိသိသာသာ ပြောင်းလဲလာပြီး လူထုသည် ဝန်ဆောင်မှုနှင့် သန့်ရှင်းမှု ပိုမိုကောင်းမွန်သော စူပါမားကတ်နှင့် ကုန်တိုက်တို့အပေါ် ပို၍မှီခိုလာသည်ကို တွေ့ရှိရပါသည်။ ပြည်တွင်း စူပါမားကတ်နှင့် ကုန်တိုက်လုပ်ငန်းများ တိုးချဲ့လာမှုအပြင် နိုင်ငံတကာမှ စူပါမားကတ်များလည်း ပြည်တွင်းဈေးကွက်ထဲသို့ ဝင်ရောက်လာသောကြောင့် ပြည်တွင်း စားသောက်ကုန်များအတွက် ဈေးကွက်သည် ပိုမိုကြီးထွားလာပါတယ်။

ယင်းကဲ့သို့ လူနေမှုအဆင့်အတန်း မြင့်မားလာခြင်းကို အခြေခံ၍ ပြည်တွင်းစားသောက်ကုန် လုပ်ငန်းကြီးများသည် အရည်အသွေးတန်းညှိခြင်းနှင့် မြှင့်တင်ခြင်းများအား တိုးမြှင့်လုပ်ဆောင်လာသည်ကို တွေ့ရသည်။ ထို့အပြင် ပြည်တွင်းစားသုံးသူများ၏ စားသောက်မှု အမူအကျင့်များကို ပိုမိုနားလည်သောကြောင့် ၎င်းတို့အကြိုက်ဖြစ်စေမည့် စားသောက်ကုန်များ ထုတ်လုပ်နိုင်ခြင်းသည်

ပြည်တွင်း စားသောက်ကုန်ထုတ်လုပ်ငန်းများအား ပြည်ပမှ ဝင်ရောက်လာသော စားသောက်ကုန်လုပ်ငန်းများ၊ တင်သွင်းလာသော စားသောက်ကုန်များနှင့် ယှဉ်ပြိုင်နိုင်စွမ်း ရှိစေပါသည်။

ထို့အပြင် ပြည်တွင်းစားသောက်ကုန် လုပ်ငန်းကြီးများသည် အရည်သွေးမပြည့်ဝသော စားသောက်ကုန် ကုန်ကြမ်းများအား အလေအလွင့်မဖြစ်စေရန် ထိုကုန်ကြမ်းများအား လျှော့ဈေးများဖြင့် တန်ဖိုးနည်းဈေးကွက်တွင် လုပ်ကိုင်နေသည့်လုပ်ငန်းများအား ပြန်လည်ရောင်းချပါသည်။ ထိုသို့ဆုံးရှုံးမှုသက်သာစေမည့် နည်းလမ်းများဖော်ဆောင်လာနိုင်ခြင်းက ၎င်းတို့အတွက် အမြတ်အစွန်းများ ပိုထွက်လာစေပါသည်။

**စားသောက်ကုန်လုပ်ငန်း၏ အားနည်းချက်များ**

**စားသောက်ကုန်ထုတ်လုပ်ရေးတွင် နည်းပညာနှင့် ပါဝင်ပစ္စည်းများ၏ အရည်အသွေးသည် အလွန်အရေးပါလှပါသည်။** ပြည်တွင်းဈေးကွက်မှ ပြည်ပဈေးကွက်သို့ ထိုးဖောက်ရာတွင် နိုင်ငံတကာစံချိန်စံညွှန်းနှင့်ညီသော ကုန်ကြမ်းများလိုအပ်ပါသည်။ ပြည်တွင်းရှိ အသေးစားနှင့် အလတ်စား စားသောက်ကုန်လုပ်ငန်းများ၏ အဓိကအားနည်းချက်မှာ အရည်အသွေးမြင့် သွင်းအားစုများ လွယ်လင့်တကူ မရရှိနိုင်ခြင်းနှင့် ထုတ်လုပ်နိုင်မှု နည်းပညာပိုင်းတို့တွင် ဖြစ်ပါသည်။

**မြန်မာနိုင်ငံတွင် စားသောက်ကုန် ကုန်ကြမ်းများ ပေါကြွယ်ဝသော်လည်း ကျန်းမာရေးထောက်ခံချက်လက်မှတ် ရရှိထားသောကုန်ကြမ်းများ ရှားပါးပါသည်။** ထိုအခါ အရည်အသွေးမြင့် သွင်းအားစုများကို နိုင်ငံရပ်ခြားမှ တင်သွင်းရသည်။ နိုင်ငံခြားမှ သွင်းအားစုများ မတင်သွင်းနိုင်သည့်လုပ်ငန်းများမှာ နိုင်ငံတကာသို့ မထိုးဖောက်နိုင်ပဲ ပြည်တွင်းဈေးကွက်ထဲတွင်သာ ရောင်းချနေရပါသည်။

**အရည်အသွေးပြည့်မီသော ကုန်ကြမ်းများရရှိရန်အတွက် အရင်းအနှီးနှင့် နည်းပညာများ လိုအပ်ပေသည်။** နိုင်ငံတော်အစိုးရမှ ပြည်ပရင်းနှီးမြှုပ်နှံမှုများအား ခွင့်ပြုပေးခဲ့သည့်အတွက် အရင်းအနှီးရရှိရန် အခွင့်အလမ်းများစွာ ခံစားခဲ့ရသော်လည်း ထိုရင်းနှီးမြှုပ်နှံမှုများသည် လုပ်ငန်းကြီးများကိုသာ အခြေတည်ခဲ့သည်။ ဤသည်အား ဖြေရှင်းရန် အစိုးရမှ အတိုးနှုန်း သက်သာသည့် ချေးငွေများ ခွင့်ပြုပေးရန် လိုအပ်ပါသည်။

**အသေးစားနှင့်အလတ်စား လုပ်ငန်းများမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုရရှိစေကာမူ ပြည်တွင်းဈေးကွက်တွင် လုပ်ငန်းကြီးများနှင့်ယှဉ်ပြိုင်ရန် အခက်အခဲများ ရှိနေပါသည်။** အသေးစားနှင့်အလတ်စား လုပ်ငန်းများသည် ကုန်ထုတ်စက်ယန္တရားကြီးများမရှိ၍ ပမာဏများစွာ ထုတ်နိုင်စွမ်းမရှိပါ။ သို့ပါသောကြောင့် ပမာဏများများစားစား ထုတ်နိုင်သော ပြည်တွင်းမှ

လုပ်ငန်းကြီးများနှင့် ပြည်ပမှဝင်ရောက်လာသော လုပ်ငန်းကြီးများကသာ ဈေးကွက်ကို လက်ဝါးကြီးအုပ်ထားကြသည်။ အသေးစားနှင့် အလတ်စား လုပ်ငန်းများမှာ ဈေးနှုန်းမမြင့်မားသည့် အရည်အသွေးနိမ့် ကုန်စည်များဖြင့်သာ ဈေးကွက်များတွင် ယှဉ်ပြိုင်ရလေသည်။

**စားသောက်ကုန်လုပ်ငန်း၏ အခွင့်အလမ်းများ**

**ရန်ကုန်တိုင်းဒေသကြီး၏ စားသောက်ကုန်လုပ်ငန်း အများစုသည် ပြည်တွင်းဈေးကွက်ကို မှီခိုနေရဆဲဖြစ်သည်။** လက်ရှိတွင် နိုင်ငံသားများ၏ ပျမ်းမျှဝင်ငွေသည် တစ်လလျှင် အမေရိကန်ဒေါ်လာ ၁၂၀ ခန့်ရှိပြီး ၂၀၂၂ ပြည့်နှစ်တွင် ၄၈ ရာခိုင်နှုန်း တက်လာမည်ဟု ခန့်မှန်းထားပါသည်။ ယခုနှစ်များတွင် နိုင်ငံသားများ၏ ၁၅ ရာခိုင်နှုန်းသော ဝင်ငွေသည် စားသောက်ကုန်များပေါ်တွင် သုံးစွဲနေခြင်းကြောင့် ဝင်ငွေတိုးလာသည်နှင့်အမျှ ပြည်တွင်း စားသောက်ကုန်လုပ်ငန်းသည် ပိုမိုကြီးထွားလာနိုင်သည့် အလားအလာကောင်းများ ရှိနေပါသည်။

**ဝယ်လိုအားမြင့်မားလျက်ရှိသော ပြည်တွင်းဈေးကွက်ထဲသို့ နိုင်ငံတကာမှ ရင်းနှီးမြုပ်နှံမှုများ ဝင်ရောက်လာမှုနှုန်းသည် ၂၀၁၁ ခုနှစ်မှစ၍ အရှိန်ဟုန်ကောင်းနေပြီး ဈေးကွက် ထပ်မံချဲ့ထွင်နေရဆဲ ဖြစ်သည်။** အသင့်ထုတ်ပိုးပြီး စားသောက်ကုန်ဈေးကွက် တစ်ခုထဲကြည့်လျှင် ပြည်တွင်းလက်လီဈေးကွက်၏တန်ဖိုးသည် ၂၀၁၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁.၇ ဘီလီယံခန့်ရှိခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃.၁ ဘီလီယံခန့်ရှိမည်ဟု Eurocharm’s Consumer Good Guide 2020 မှ သုံးသပ်ခဲ့သည်။

**ရန်ကုန်ကဲ့သို့ မြို့ကြီးများတွင် အချိုရည်ဝယ်လိုအားသည် မြင့်မားလျက်ရှိနေသည်။ ဝယ်လိုအားများသော အချိုရည်ဈေးကွက်တွင် ပြည်တွင်းမှ အချိုရည်လုပ်ငန်းကြီးများနှင့် ဂျပန်၊ အမေရိကန် အစရှိသောနိုင်ငံများနှင့် ပူးပေါင်းကာ ကုန်ထုတ်လုပ်မှုများ လုပ်ဆောင်ခဲ့သည်။** နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာချိန်တွင် ထိုလုပ်ငန်းများမှ အမေရိကန်ဒေါ်လာ ၂၀၀ မီလီယံခန့် အကုန်အကျခံကာ ဗူးထုတ်လုပ်ရေးစက်ရုံနှင့် အရည်ပူထည့်ခြင်းစနစ်များ တည်ဆောက်ရေးအတွက် ရင်းနှီးမြှုပ်နှံခဲ့သည်။ ထိုသို့ ထုတ်လုပ်မှုကိုလည်းကောင်း၊ အရေအတွက်များများ ထုတ်လုပ်နိုင်သော နည်းပညာများအားလည်းကောင်း ရင်းနှီးမြှုပ်နှံမှုများ ရှိခဲ့ခြင်းကြောင့် ပြည်တွင်းဈေးကွက်၏ များပြားသောဝယ်လိုအားကို ဖြည့်ဆည်းပေးနိုင်ခဲ့ပါသည်။

**ပြည်တွင်းတွင် အစားအသောက်ထုတ်လုပ်ရန် ထောက်ခံချက်လက်မှတ်ရထားသော ကုန်ကြမ်းများနှင့် ထုတ်ပိုးရာတွင် အရည်အသွေးပြည့်မီသော ကုန်ကြမ်းများမရှိ၍ ပြည်ပမှ တင်သွင်းနေရသည်။** ယခုအခါ အာဆီယံနိုင်ငံများမှ သွင်းကုန်များသည် များသောအားဖြင့်

အခွန်ကင်းလွတ်ခွင့်ရှိသော်လည်း ပေါ်လစီအပြောင်းအလဲများနှင့် ကုန်သွယ်ရေးအခက်အခဲများ ရှိခဲ့ပါက အခွင့်အလမ်းမှ အတားအဆီးတစ်ခု ဖြစ်လာနိုင်သည်ကို သတိချပ်ရမည်။

**ကုန်ထုတ်လုပ်ရေးနည်းပညာတွင်မှု ထုတ်လုပ်ရေးစက်ပစ္စည်းများသည် ဈေးကွက်တွင် ပေါပေါလောလော မရှိပေ။** အသေးစားနှင့်အလတ်စား လုပ်ငန်းများသည် လုပ်ငန်းကြီးများနှင့် ယှဉ်ပြိုင်ရန်အလို့ငှာ အရည်အသွေးမြင့်ထုတ်လုပ်ရေး နည်းပညာရရှိရန် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့မှ ကြီးမှူးကျင်းပသော ကုန်စည်ပြပွဲများကို အားကိုးရပါသည်။ ထိုပြပွဲများမှ အဆက်အသွယ်များဖြင့် ကုန်ထုတ်လုပ်ရေးစက်ကရိယာများနှင့် နည်းပညာအထောက်အပံ့များ၊ အကြံညဏ်များ ရယူနိုင်ခြင်းမှာ အသေးစားနှင့်အလတ်စား လုပ်ငန်းများအတွက် အခွင့်အလမ်းတစ်ခုပင် ဖြစ်ပါသည်။

## စားသောက်ကုန်လုပ်ငန်း၏ ခြိမ်းခြောက်မှုများ

**စားသောက်ကုန်ဈေးကွက်သည် သိပ်သည်းပြီး အပြိုင်အဆိုင်များသော ဈေးကွက်ဖြစ်သည်။** ကုန်တံဆိပ်အား စားသုံးသူများ သတိထားမိစေရန် ဈေးကွက်ရှာဖွေခြင်း၊ ကြော်ငြာခြင်းများအတွက် ငွေကြေးအမြောက်အမြားသုံးစွဲရပါသည်။ ဈေးကွက်ထဲသို့ နိုင်ငံတကာမှ နာမည်ရှိပြီးသား စားသောက်ကုန်လုပ်ငန်းများ ဝင်ရောက်လာသည်နှင့်အမျှ ပြည်တွင်းမှ အသေးစားနှင့်အလတ်စား လုပ်ငန်းများသည် ပို၍ရုန်းကန်နေရပါသည်။ ထိုအခါ အသေးစား လုပ်ငန်းအချို့က နိုင်ငံခြားကုန်တံဆိပ်ကြီးများနှင့် ဆင်တူယိုးမှား တံဆိပ်များ၊ ဒီဇိုင်းများ ထုတ်လုပ်လာကြသည်မှာ လုပ်ငန်းကြီးများအား တစ်ဖန်ပြန်လည် အခက်တွေ့စေပါသည်။

ထို့အပြင် ဒေသထွက်တနိုင်တပိုင် စားသောက်ကုန်ထုတ်လုပ်ငန်းများသည် ခရီးသွားများအပေါ် မှီခိုနေရသောလုပ်ငန်းဖြစ်ပါသည်။ ကိုဗစ်ကပ်ရောဂါဖြစ်ပွားပြီး ပြည်တွင်းခရီးသွားလုပ်ငန်းနှင့် နိုင်ငံတကာမှ ခရီးသွားဝင်ရောက်မှု ရပ်ဆိုင်းသွားသဖြင့် ထိုလုပ်ငန်းများ၏ ဝင်ငွေသည်လည်း လျော့ကျလာကာ အခက်တွေ့နေရလျက်ရှိပါသည်။

## အကြံပြုချက်များ

- ကုန်ကြမ်းများ ပေါကြွယ်ဝသော်လည်း အရည်အသွေးပြည့်မီသော သွင်းအားစုများ မရှိသည့်အတွက် နိုင်ငံတော်မှ နည်းပညာအကူအညီများပေးရန် လိုအပ်ပါသည်။
- ဈေးကွက်ထဲတွင် စားသုံးရန်မသင့်သော ဓာတုဆေးဝါးများ သုံးစွဲသည့်စားသောက်ကုန်များ တည်ရှိနေခြင်းမှာ ပြည်သူလူထုအားများစွာ ထိခိုက်စေနိုင်ပါသည်။ ထို့ကြောင့် အစိုးရဖက်မှ

အရပ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ အသေးစားနှင့်အလတ်စား လုပ်ငန်းများအား စားသုံးသူများ ဘေးဥပါဒ်မဖြစ်စေရေးအတွက် လမ်းညွှန်ချက်များကို ပိုမိုနားလည်စေရန် ပညာပေးလုပ်ငန်းစဉ်များ လုပ်ဆောင်သင့်သည်။ ထိုလမ်းညွှန်ချက်များနှင့်အညီ စားသောက်ကုန်များ ထုတ်လုပ်နိုင်အောင်လည်း သင်တန်းများ ပို့ချသင့်ပါသည်။

- စားသောက်ကုန်ဈေးကွက်သည် အပြိုင်အဆိုင်များသည့်အလျောက် ဈေးကွက်ရှာဖွေရေး လုပ်ငန်းစဉ်သည် မဖြစ်မနေ အရေးပါလှပါသည်။ အသေးစားနှင့် အလတ်စား လုပ်ငန်းများ ဈေးကွက်တွင်း၌ ပို၍ထဲထဲဝင်ဝင်ယှဉ်ပြိုင်လာနိုင်ရန် စားသောက်ကုန်စည်ပြပွဲများအား အထောက်အပံ့အနေဖြင့် ပိုမိုလိုအပ်ပါသည်။

## ၅.၃။ စက်ပစ္စည်းနှင့် လျှပ်စစ်ပစ္စည်း လုပ်ငန်း

### နောက်ခံအကြောင်းအရာ

**စက်ပစ္စည်းနှင့် လျှပ်စစ်ပစ္စည်း လုပ်ငန်းသည် နိုင်ငံ၏စီးပွားရေး အချက်အချာမြို့ဖြစ်သော ရန်ကုန်တိုင်းဒေသကြီးအတွက် အလွန်အရေးပါသော စီးပွားရေးတစ်ခု ဖြစ်သည်။** လုပ်ငန်းရှင်များနှင့် ထုတ်လုပ်သူများကို အကြမ်းဖျဉ်းအားဖြင့် လုပ်ငန်းအုပ်စု နှစ်စုခွဲလျှင် ပြည်ပမှ တင်သွင်းလာသည့် အကြီးစား လယ်ယာသုံးစက်ယန္တရားများနှင့် ပြည်တွင်းထုတ် လျှပ်စစ်ပစ္စည်းများ၊ အစိတ်အပိုင်းများ ဟူ၍ဖြစ်သည်။ ကိုဗစ်ကပ်ရောဂါသည် ယင်းလုပ်ငန်းကို ဆိုးရွားစွာ ထိခိုက်စေပြီး သွားလာရေး အခက်အခဲ၊ လျှပ်စစ်ပစ္စည်း အစိတ်အပိုင်းများ ဈေးမြင့်တက်ခြင်း၊ ဝယ်လိုအား ကျဆင်းခြင်းတို့ကို ဖြစ်ပေါ်စေခဲ့ပါသည်။ လျှပ်စစ်နည်းပညာ တိုးတက်မှု နည်းပါးနေသော်လည်း လျှပ်စစ်လုပ်ငန်းသည် အလားအလာရှိသော လုပ်ငန်းတစ်ခုဖြစ်ပါသည်။

### စက်ပစ္စည်းနှင့် လျှပ်စစ်ပစ္စည်း လုပ်ငန်း၏ အားသာချက်များ

**ဤလုပ်ငန်း၏ အားသာချက်တစ်ခုမှာ လယ်ယာစိုက်ပျိုးရေးကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍဖြစ်သည့် ဟိုတယ်လုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်းတို့နှင့် ပူးပေါင်းဆောင်ရွက်နိုင်ခြင်း ဖြစ်သည်။** အကြီးစား လယ်ယာသုံး စက်ယန္တရား လုပ်ငန်းများသည် လယ်သမားများအား စက်များရောင်းချခြင်း၊ ပြုပြင်ထိန်းသိမ်းမှုနှင့် လယ်သမားများအား အခြားသော နည်းပညာဆိုင်ရာ အကူအညီများ ပေးလျက်ရှိသည်။ ဤလုပ်ငန်းများကို အမျိုးအစားခွဲခြားလျှင် အမှတ်တံဆိပ်တစ်ခုတည်းကိုသာ ကိုယ်စားပြု

တင်သွင်းရောင်းချသည့် လုပ်ငန်းရှင်နှင့် အမှတ်တံဆိပ်အမျိုးမျိုးကို တင်သွင်းရောင်းချသည့် လုပ်ငန်းရှင် ဟူ၍ ဖြစ်သည်။

အမှတ်တံဆိပ်တစ်ခုတည်းကို ကိုယ်စားပြု တင်သွင်းသည့် လုပ်ငန်းရှင်များ၏ အားသာချက်မှာ ဝယ်ယူသူများအား စက်ပစ္စည်းအပိုများ ရောင်းချပြီးနောက် ဝန်ဆောင်မှုများကို ပို၍သင့်တော်သောဈေးနှုန်းဖြင့် ၎င်းတို့မှ အကျိုးရှိရှိ ဝန်ဆောင်မှုပေးနိုင်ခြင်းပင် ဖြစ်သည်။ အမှတ်တံဆိပ်အမျိုးမျိုးကို တင်သွင်းရောင်းချသည့် လုပ်ငန်းရှင်များ၏ အားသာချက်မှာ စက်တံဆိပ်အမျိုးမျိုးကို ရွေးချယ်ခွင့်များ ပိုမိုပေးဆောင်နိုင်ခြင်းဖြစ်သည်။ ထိုရောင်းချမှု ပုံစံနှစ်မျိုး၏ စုပေါင်းအင်အားမှာ လယ်ယာသုံးစက်များကို နိုင်ငံတစ်ဝှမ်းတွင် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးနိုင်ခြင်းပင် ဖြစ်သည်။ လယ်ယာသုံး စက်ယန္တရား လုပ်ငန်းများသည် လယ်သမားများအပေါ် မှီခိုနေရပြီး တစ်နှစ်တာကာလအတွင်း သီးနှံများ ဈေးမြင့်သည့်အချိန်တွင် အဆိုပါလုပ်ငန်းများအပေါ် ဝယ်လိုအား မြင့်တက်လာသည်။ ယင်းလုပ်ငန်းများသည် နိုင်ငံအနှံ့ရှိ လယ်သမားများနှင့် ရင်းနှီးသော ဆက်ဆံရေးကို တည်ဆောက်ထားပြီးလည်း ဖြစ်သည်။ စိုက်ပျိုးရေး စက်ယန္တရားလုပ်ငန်းများ၏ အကြီးမားဆုံး အားသာချက်တစ်ခုမှာ တင်သွင်းရောင်းချသူများသည် ရင်းနှီးသော ဆက်ဆံရေးများက ဝယ်သူများကို ကြာရှည်စွာ ထိန်းသိမ်းနိုင်သည့် အကျိုးသက်ရောက်မှုအား ကောင်းစွာသိရှိနားလည်ထားခြင်းပင် ဖြစ်သည်။

တစ်ချိန်တည်းတွင် အင်ဗာတာများ၊ လျှပ်စစ်ခလုတ်ခုံများနှင့် ထိန်းချုပ်ခလုတ်ခုံများ ထုတ်လုပ်ကြသည့် ပြည်တွင်းထုတ်လုပ်သူများက ဟိုတယ်များ၊ စက်ရုံများနှင့် စားသောက်ဆိုင်များကဲ့သို့သော အခြားစီးပွားရေးလုပ်ငန်းများအား အဓိက ဝန်ဆောင်မှုပေးကြသည်။ ၎င်းတို့၏ အဓိက အားသာချက်မှာ ၎င်းတို့၏ထုတ်ကုန်များကို နိုင်ငံတစ်ဝှမ်းတွင် အလွယ်တကူရရှိနိုင်ခြင်းပင် ဖြစ်သည်။ နိုင်ငံတစ်ဝှမ်းရှိ ဖြန့်ဖြူးရေးကွန်ရက်များမှတစ်ဆင့် ထုတ်ကုန်များ ရောင်းချပြီး ပြုပြင်ထိန်းသိမ်းမှု ဝန်ဆောင်မှုများနှင့် အာမခံများလည်း ပေးကြသည်။

**စစ်တမ်းကောက်ယူထားသော လယ်ယာသုံး စက်ယန္တရား လုပ်ငန်းများနှင့် ပြည်တွင်း လျှပ်စစ်ပစ္စည်း ထုတ်လုပ်သူများ၏ အကြီးမားဆုံး အားသာချက်မှာ ၎င်းတို့ထံမှ ဝယ်ယူသုံးစွဲသူများ၏ အလေ့အထများနှင့် အကြိုက်များကို နားလည်ကြပေသည်။** ၎င်းတို့သည် မိမိတို့ သတ်မှတ်ထားသည့် ဈေးကွက်ကို ကောင်းကောင်းသိရှိပြီး ဈေးကွက်ပိုင်ဆိုင်မှု ရာခိုင်နှုန်းကို ထိန်းသိမ်းရန် ပေးဆောင်ရမည့် ဝန်ဆောင်မှုအမျိုးအစားများကိုလည်း ကောင်းကောင်း နားလည်ကြသည်။

**စက်ပစ္စည်းနှင့် လျှပ်စစ်ပစ္စည်း လုပ်ငန်း၏ အားနည်းချက်များ**

**လျှပ်စစ်ကဏ္ဍသည် နည်းပညာနှင့် အစိုးရ၏ ပံ့ပိုးကူညီမှု မရှိခြင်း၊ ထောက်ပံ့ဖြည့်ဆည်းမှု ကွင်းဆက်ဆိုင်ရာ အားနည်းချက်များ ရှိကြသည်။** ထို့အပြင် သွင်းကုန်ခွန်မြင့်မားခြင်း၊ ပိုမိုကြီးမားသောဈေးကွက်ပြိုင်ဆိုင်မှု၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ စိန်ခေါ်မှုများကဲ့သို့သော အခြေခံအားနည်းချက်များနှင့် ရင်ဆိုင်နေရသည်။ ဖွံ့ဖြိုးတိုးတက်နေသော နည်းပညာများ မရှိခြင်းသည် လျှပ်စစ်ကဏ္ဍ၏ အကြီးမားဆုံး အားနည်းချက်များထဲမှ တစ်ခုဖြစ်သည်။ ထို့ပြင် အစိုးရသည် တနိုင်ငံလုံးအတိုင်းအတာအနေနှင့် လျှပ်စစ်မီး မပေးနိုင်သေးသည့်အတွက် ဈေးကွက်ကျယ်ပြန့်နိုင်မှုနှင့် ချဲ့ထွင်နိုင်မှုတွင် အကန့်အသတ် ဖြစ်ပေါ်စေသည်။ လျှပ်စစ်အစိတ်အပိုင်းများနှင့် လျှပ်စစ်ထုတ်ကုန်များ၏ ပြည်တွင်း ထုတ်လုပ်သူများသည် အစိုးရထံမှ ပံ့ပိုးမှုသော်လည်းကောင်း၊ နည်းပညာပိုင်း မြှင့်တင်ရန် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်မှု မရရှိခြင်းကြောင့်လည်းကောင်း အစိုးရနှင့် ဆက်ဆံရေးမှာ တသီးတခြား ဖြစ်နေသည်။

**အစိုးရမှ အသိအမှတ်ပြုလက်မှတ်များ မပေးအပ်နိုင်ခြင်းက ပြည်တွင်းထုတ်လုပ်သူများနှင့် နိုင်ငံတကာကုမ္ပဏီများ ပူးပေါင်းဆောင်ရွက်ခြင်းကို အတားအဆီး ဖြစ်စေသည်။** လျှပ်စစ်ပစ္စည်း အစိတ်အပိုင်းများနှင့် ထုတ်ကုန်များကို ပြည်တွင်းတွင် ထုတ်လုပ်ရန် လိုအပ်သော လျှပ်စစ်အစိတ်အပိုင်းများအတွက် တင်သွင်းခွန် မြင့်မားနေခြင်းမှာ ပြည်တွင်းထုတ်လုပ်မှုကို အကန့်အသတ်ဖြစ်စေသည့် အားနည်းချက်တစ်ခု ဖြစ်သည်။ ပြည်တွင်း ထုတ်လုပ်သူများအနေဖြင့် ထုတ်လုပ်မှုကွင်းဆက်တစ်ခုလုံးရှိ ပစ္စည်းများကို ဒေသတွင်း၌ မထုတ်လုပ်နိုင်သောကြောင့် ပြည်ပမှ အဆိုပါ စက်ပစ္စည်းအစိတ်အပိုင်းများကို တင်သွင်းရသည်။ အဆိုပါ အစိတ်အပိုင်းများအပေါ် တင်သွင်းခွန် ကောက်ခံခြင်းသည် ကုန်ချောထုတ်ကုန်များ၏ ဈေးနှုန်းကိုပါ မြင့်တက်စေသည်။ ထိုအခါ ထုတ်လုပ်မှုလုပ်ငန်းစဉ်များတွင် ပြည်တွင်းကုမ္ပဏီများ၏ ဆန်းသစ်တီထွင်လာမှုများ အားနည်းလာပေသည်။ ပြည်တွင်းထုတ်လုပ်သူများအနေဖြင့် လုပ်ငန်းချဲ့ထွင်ရာတွင် နိုင်ငံတကာ အသိအမှတ်ပြု လက်မှတ်များရရှိရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံသို့ လာရောက် ရင်းနှီးမြှုပ်နှံသည့် နိုင်ငံတကာကုမ္ပဏီများသည်လည်း နိုင်ငံတကာအသိအမှတ်ပြု လက်မှတ်များ ရရှိထားသည့် ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုအလေးပေးလျက်ရှိသည်။

**မြန်မာ့တောင်သူများသည် လုပ်သားအင်အားသုံး စိုက်ပျိုးရေးပုံစံမှ စက်အသုံးပြုသော စိုက်ပျိုးရေးပုံစံသို့ ကူးပြောင်းနေသည်ဖြစ်ရာ လယ်ယာသုံး စက်ယန္တရားလုပ်ငန်းများ၏ အနာဂတ်မှာ အလားအလာရှိသည်ကို ငြင်းဆို၍ မရနိုင်ပေ။** သို့ရာတွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် နယ်စပ် သယ်ယူပို့ဆောင်ရေးနှင့် ပို့ကုန်-သွင်းကုန် လုပ်ငန်းများ ပိုမိုခက်ခဲလာရသည်။ လယ်ယာသုံး

စက်ယန္တရားလုပ်ငန်း အများစုသည် အမှတ်တံဆိပ်တစ်ခုတည်းကိုသာ ကိုယ်စားပြု တင်သွင်းရောင်းချသည့် လုပ်ငန်းရှင်ဖြစ်စေ၊ အမှတ်တံဆိပ်အမျိုးမျိုးကို တင်သွင်းရောင်းချသည့် လုပ်ငန်းရှင်ဖြစ်စေ တရုတ်၊ ထိုင်း၊ ဗီယက်နမ်နှင့် စင်ကာပူစသည့် နိုင်ငံအသီးသီးမှ စက်ယန္တရားတင်သွင်းမှုအပေါ် အဓိက မှီခိုနေရသည်။ ကိုဗစ်-၁၉ ကာကွယ်မှုအတွက် အိမ်နီးချင်းနိုင်ငံများ၏ တင်းကျပ်သော ကန့်သတ်မှုများကြောင့် မြန်မာ့လယ်ယာသုံး စက်ယန္တရား လုပ်ငန်းများ၏ ဈေးကွက်ကို ထိခိုက်စေသည်။ ကိုဗစ်ကပ်ရောဂါသည် သွင်းကုန်ကဏ္ဍကိုသာမက နိုင်ငံတွင်း သယ်ယူပို့ဆောင်ရေးကိုပါ သက်ရောက်မှုရှိခဲ့သည်။ စက်ပစ္စည်းများနှင့် အပိုပစ္စည်းများ၏ ထောက်ပံ့ဖြည့်ဆည်းရေးကွင်းဆက်များ အလွယ်တကူ ဖြတ်တောက်ခံရပြီး ဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့် အရောင်းအဝယ်များ ပိုမိုခက်ခဲလာခဲ့သည်။

## စက်ပစ္စည်းနှင့် လျှပ်စစ်ပစ္စည်း လုပ်ငန်း၏ အခွင့်အလမ်းများ

**စက်ပစ္စည်းနှင့် လျှပ်စစ်ပစ္စည်း လုပ်ငန်းများသည် ဝယ်ယူသုံးစွဲသူများ၏ အကြိုက်နှင့် အလေ့အထများ ပြောင်းလဲလာခြင်းကြောင့် အကျိုးအမြတ်များ ရရှိခဲ့သည်။** မြန်မာတောင်သူ လယ်သမားများသည် လုပ်သားအင်အားသုံး စိုက်ပျိုးရေးမှ စက်အသုံးပြုသော စိုက်ပျိုးရေးသို့ ကူးပြောင်းလာသောကြောင့် လယ်ယာသုံး စက်ယန္တရားများအပေါ် ဝယ်လိုအား ပိုများလာပြီး လုပ်ငန်းချဲ့ထွင်ရန် အခွင့်အလမ်းများစွာရှိနေသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူများအတွက် ငွေကြေးပံ့ပိုးမှုသည် လယ်ယာသုံးစက်ယန္တရားလုပ်ငန်းကို ရေရှည်တည်တံ့ ခိုင်မြဲစေရန်အတွက် အရေးကြီးကြောင်း စီးပွားရေးလုပ်ငန်းရှင်များက ဖြေဆိုကြသည်။ လယ်သမားများသည် ထိုချေးငွေများကို လယ်ယာသုံးစက်ပစ္စည်းများ ဝယ်ယူရန်နှင့် အကြွေးများဆပ်ရန် သုံးကြသည်ဟု သိရသည်။ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) သည် စိုက်ပျိုးရေးစက်ယန္တရားကဏ္ဍအတွက် အခွင့်အလမ်းများ ဖန်တီးရာတွင် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်ပါသည်။ အဆိုပါအေဂျင်စီသည် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်နှင့် ပူးပေါင်း၍ တောင်သူလယ်သမားများအား ချေးငွေထုတ်ပေးသည်။ ထိုအချက်သည် တောင်သူလယ်သမားများအတွက် အစိုးရ၏ ပံ့ပိုးကူညီမှုသည် လယ်ယာသုံး စက်ယန္တရား လုပ်ငန်းများကို မည်ကဲ့သို့ အကျိုးဖြစ်ထွန်းနိုင်သည်ကို မီးမောင်းထိုးပြနေသည်။

**ပြည်တွင်းလျှပ်စစ်ထုတ်ကုန် ထုတ်လုပ်သူများအနေဖြင့် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ခြင်းမှ အကျိုးကျေးဇူးများစွာ ရရှိနိုင်ပေသည်။** လျှပ်စစ်ခလုတ်ခုံများနှင့် ထိန်းချုပ်ခုံများ ထုတ်လုပ်သော ပြည်တွင်းထုတ်လုပ်သူများသည် အစိုးရတင်ဒါပရောဂျက်များတွင် လုပ်ဆောင်နိုင်ပါက အခွင့်အလမ်းများစွာ ရရှိနိုင်သည်။ အစိုးရသည် တစ်နိုင်ငံလုံး လျှပ်စစ်မီးရရှိရေးနှင့် အမျိုးသားလျှပ်စစ်ကွန်ရက်ကို အဆင့်မြှင့်တင်ရန် ကြိုးပမ်းမှုများကြောင့် ပြည်တွင်း လျှပ်စစ်ပစ္စည်းဈေးကွက်သည်

အလားအလာရှိနေပါသည်။ အစိုးရသည် ကျွမ်းကျင်ပညာရှင်များထံမှ နည်းပညာအကူအညီကို ရရှိပြီး ပြည်တွင်းထုတ်လုပ်သူများသည် ပိုမိုကြီးမားသော ပရောဂျက်များနှင့် ယုံကြည်ရလောက်သည့် မှတ်တမ်းများကို ပြန်လည်ရရှိမည် ဖြစ်သဖြင့် အစိုးရနှင့် ထုတ်လုပ်သူများအား နှစ်ဦးနှစ်ဖက် အကျိုးရှိစေပါသည်။

## စက်ပစ္စည်းနှင့် လျှပ်စစ်ပစ္စည်း လုပ်ငန်း၏ ခြိမ်းခြောက်မှုများ

**ကိုဗစ်-၁၉ ကပ်ရောဂါသည် စက်ပစ္စည်းနှင့် လျှပ်စစ်ပစ္စည်း လုပ်ငန်းအတွက် အကြီးမားဆုံး ခြိမ်းခြောက်မှုဖြစ်သည်။** နယ်စပ်ကုန်သွယ်ရေး ကန့်သတ်ချက်များကြောင့် သီးနှံဈေးနှုန်းများ ကျဆင်းခြင်း၊ သွင်းအားစုဈေးနှုန်းများ မြင့်တက်လာခြင်းနှင့် ကမ္ဘာ့ထောက်ပံ့ဖြည့်ဆည်းရေး ကွင်းဆက်များရပ်တန့်ခြင်းတို့သည် လယ်သမားများကို ထိခိုက်စေခဲ့သည်။ လယ်ယာစိုက်ပျိုးရေးကို မှီခိုနေရသော လယ်ယာသုံး စက်ယန္တရားများမှာ ရုန်းကန်လာရသည်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍမှ အမြတ်ငွေများ လျော့နည်းလာသည်နှင့်အမျှ လယ်ယာသုံး စက်ယန္တရားများအား ဝယ်လိုအားမှာ ကျဆင်းလာသည်။ စီးပွားရေးကျဆင်းမှုကြောင့် ဈေးကွက်ချဲ့ထွင်ရန် ယခင်က စိတ်ကူးထားရှိမှုများကိုလည်း ရပ်ဆိုင်းထားကြရသည်။

ထို့ပြင် ပြည်တွင်းထုတ်လုပ်သူများ မှီခိုအားထားနေရသော ဟိုတယ်နှင့် စားသောက်ဆိုင်များကဲ့သို့သော လုပ်ငန်းများသည် ကိုဗစ်ကပ်ရောဂါကြောင့် လုပ်ငန်းလည်ပတ်မှု ပြင်းပြင်းထန်ထန် ကန့်သတ်ခံထားရသည်ဖြစ်ရာ ပြည်တွင်းထုတ် လျှပ်စစ်ပစ္စည်းများနှင့် အစိတ်အပိုင်းများအား ဝယ်လိုအားမှာလည်း ကျဆင်းလာခဲ့သည်။ လောင်စာဆီဈေးနှုန်းများ မြင့်တက်ခြင်းနှင့် ကိုဗစ်-၁၉ ကန့်သတ်ချက်များကြောင့် တစ်နိုင်ငံလုံးရှိ ဖြန့်ဖြူးရေးကွန်ရက်များမှာလည်း လည်ပတ်နိုင်ခြင်းမရှိပေ။ အစိုးရ၏ ပံ့ပိုးကူညီမှု မရရှိသော ဤလုပ်ငန်းသည် ကိုဗစ်၏ သက်ရောက်မှုကြောင့် တစ်ချိန်တည်းတွင် ပိုမိုကြီးမားသော အတားအဆီးများနှင့် ရင်ဆိုင်နေရသည်။

## အကြံပြုချက်များ

- အစိုးရသည် လယ်သမားများအား ငွေကြေးထောက်ပံ့ရန်နှင့် လယ်ယာသုံးစက်ယန္တရား လုပ်ငန်းကို ကူညီပေးရန် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပို၍ ပူးပေါင်းဆောင်ရွက်သင့်သည်။
- အစိုးရသည် လျှပ်စစ်အစိတ်အပိုင်းများနှင့် ထုတ်ကုန်များ ထုတ်လုပ်သော ပြည်တွင်းလုပ်ငန်းရှင်များအား နိုင်ငံတကာ အသိအမှတ်ပြု လက်မှတ်များ ထုတ်ပေးနိုင်ရန် ဖန်တီးသင့်သည်။

- အစိုးရသည် စိုက်ပျိုးရေးသုံး စက်ယန္တရားများနှင့် လျှပ်စစ်ပစ္စည်း အစိတ်အပိုင်း လုပ်ငန်းများ၏ အကျိုးအမြတ်နှင့် နိုင်ငံတော်၏ အခွန်ရငွေကို ချိန်ဆ၍ ပြည်တွင်း ထုတ်လုပ်နိုင်မှုကို အထောက်အကူပြုသော ကုန်ပစ္စည်း၊ ယန္တရားများအတွက် တင်သွင်းခွန် ဖြေလျှော့မှုများ ပြုလုပ်သင့်သည်။



ဓါတ်ပုံ - McCrow, E. (2019)

# ၆။ ချင်းပြည်နယ်

ချင်းပြည်နယ်သည် မြန်မာနိုင်ငံ၏ အနောက်ဘက်အကျဆုံးသော ပြည်နယ်တစ်ခုဖြစ်သည်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအချက်အလက်များအရ လူဦးရေအားဖြင့် ၄၇၈,၈၀၁ သိန်းသာရှိပြီး အခြားပြည်နယ်နှင့်တိုင်းများနှင့် နှိုင်းယှဉ်ပါက ဒုတိယမြောက် လူဦးရေနည်းပါးကာ ပြည်နယ်တစ်ခုလုံးသည်လည်း မြို့နယ်တစ်ခုနှင့်တစ်ခု တစ်ရွာနှင့်တစ်ရွာ ပြန့်ကျဲနေသောအခြေအနေ ဖြစ်ပါသည်။ မြန်မာနိုင်ငံ၌ ဖွံ့ဖြိုးတိုးတက်မှု နောက်အကျဆုံးသော ပြည်နယ်အဖြစ် အတော်ကြာကြာ တည်ရှိနေပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု မရှိသလောက်နည်းပါးပါသည်။ UNICEF၏ ၂၀၁၅ ခုနှစ် စစ်တမ်းလေ့လာချက်အရ ချင်းပြည်နယ်တွင် အိမ်ထောင်စု ၈၀ ရာခိုင်နှုန်းကျော်သည် ဆင်းရဲခြင်း သို့မဟုတ် အစာဖူလုံမှုမရှိခြင်းတို့ကို ခံစားနေကြရသည်။ ဤသည်မှာ တောင်တန်းထူထပ်သော ဒေသဖြစ်သောကြောင့် ပို့ဆောင်ဆက်သွယ်ရေးခက်ခဲကာ စိုက်ပျိုးရန်မြေနှင့် ရာသီဥတု ဆိုးဝါးလှသောကြောင့် ဖြစ်သည်။

## ၆.၁။ ဝဥလုပ်ငန်း

### နောက်ခံအကြောင်းအရာ

**ချင်းပြည်နယ်သည် လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ဆန်စပါး၊ ပြောင်းဖူး၊ ကော်ဖီ၊ ထောပတ်သီး၊ စပျစ်သီး၊ ဝဥ၊ လက်ဖက်၊ ပဲနှင့် ကြံ အစရှိသည်တို့ကို အဓိကစိုက်ပျိုးကြသည်။** ၎င်းတို့အနက်မှ ဝဥကို ယခင်က ဒေသတွင်းသာ စိုက်ပျိုးစားသုံးကြသော်လည်း ၂၀၀၀ ခုနှစ်ဝန်းကျင်မှစ၍ စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်ပြီး ချင်းပြည်နယ်မှတစ်ဆင့် တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံများသို့ အဓိက တင်ပို့ရောင်းချလျက်ရှိသည်။ ပြည်ပဝယ်လိုအားရှိသော ဝဥထွက်ကုန်သည် ချင်းပြည်နယ်၏ ဒေသစီးပွားရေးကို မြှင့်တင်ပေးသည့် စိုက်ပျိုးရေးထွက်ကုန်တစ်ခု ဖြစ်လာသည်။ ဝဥလုပ်ငန်း လုပ်ကိုင်သူများ၏ မျှော်လင့်ချက်နှင့် ရည်ရွယ်ချက်မှာ ဝဥကုန်ကြမ်းအစို၊ အခြောက်အပြင် နောက်ဆုံး ကုန်ချောများပါ ပြည်တွင်း၌ ထုတ်လုပ်ပြီး ကိုရီးယား၊ ဂျပန်၊ တရုတ်နှင့် အခြားနိုင်ငံများသို့ ဖြန့်ဖြူးနိုင်သည်အထိ ရည်ရွယ်ထားကြောင်း သိရပါသည်။ သို့ဖြစ်ပါ၍ မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာအားဖြင့် ဝဥအများဆုံး စိုက်ပျိုးထုတ်လုပ်နေသည့် ချင်းပြည်နယ်ရှိ ဝဥစိုက်ပျိုးရေးလုပ်ငန်းများ၏ အားသာချက်များ၊ အားနည်းချက်များ၊ အခွင့်အလမ်းများနှင့် ခြိမ်းခြောက်မှုများကို ဤသုတေသနမှ သုံးသပ်ဖော်ပြမည်ဖြစ်ပေသည်။

**ဇယား (၆.၁.၁) - ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဝဥစိုက်ပျိုးထွက်ရှိမှု အခြေအနေ**

| စဉ် | တိုင်း/ပြည်နယ် | စိုက်ဧက | အထွက်နှုန်း (ပိဿာ) | အထွက် (ပိဿာ) | |
|---|---|---|---|---|---|
| | | | | အစို | အခြောက် |
| ၁ | ချင်းပြည်နယ် | ၈,၈၄၈ | ၆,၁၉၉.၂၀ | ၅၄,၈၅၀,၅၂၂ | ၉,၁၄၁,၇၅၄ |
| ၂ | ကရင်ပြည်နယ် | ၃,၀၃၃ | ၁,၃၇၄.၂၈ | ၄,၀၈၆,၃၀၀ | ၆၈၁,၀၅၀ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး | ၃၁ | ၂,၅၀၀ | ၇၇,၅၀၀ | ၁၂,၉၁၇ |
| ၄ | ပဲခူးတိုင်းဒေသကြီး | ၂၇ | ၅,၆၀၀ | ၁၅၁,၂၀၀ | ၂၅,၂၀၀ |
| ၅ | မကွေးတိုင်းဒေသကြီး | ၅၇၁ | ၅,၀၀၀ | ၂,၈၅၅,၀၀၀ | ၄၇၅,၈၃၃ |
| ၆ | ရခိုင်ပြည်နယ် | ၁ | ၉၀၀ | ၉၀၀ | ၁၅၀ |
| ၇ | ရှမ်းပြည် (တောင်) | ၆၀၀ | ၆,၂၀၀ | ၃,၇၂၀,၀၀၀ | ၆၂၀,၀၀၀ |
| ၈ | ရှမ်းပြည် (အရှေ့) | ၃ | ၁,၂၀၀ | ၃,၆၀၀ | ၆၀၀ |
| ၉ | ဧရာဝတီတိုင်းဒေသကြီး | ၉၀ | ၂,၀၀၀ | ၁၈၀,၀၀၀ | ၃၀,၀၀၀ |
| | ပြည်ထောင်စုချုပ် | ၁၃,၂၀၄ | ၄,၉၉၂.၈၁ | ၆၅,၉၂၅,၀၂၂ | ၁၀,၉၈၇,၅၀၄ |

*ရင်းမြစ် - မြန်မာ့ဝဥ စိုက်ပျိုးထုတ်လုပ်မှု မြင့်မားခြင်းမှ ဈေးကွက်ခိုင်မာရေးဆီသို့, 19(25).* (2019).

**ဝဥလုပ်ငန်း၏ အားသာချက်များ**

**ဝဥမှာမူ လက်ရှိပထဝီဝင်အနေအထား၊ ရာသီဥတုတို့နှင့် ကိုက်ညီသော စိုက်ပျိုးသီးနှံဖြစ်သဖြင့် ဟားခါး၊ မင်းတပ်၊ ကန်ပက်လက်နှင့် မတူပီမြို့နယ်များတွင် အများဆုံး စိုက်ပျိုးလျက်ရှိပါသည်။** ချင်းပြည်မြောက်ပိုင်းဒေသထက် တောင်ပိုင်းဒေသဖြစ်သော မင်းတပ်၊ မတူပီ၊ ကန်ပလက်၊ ရေဇွာ အစရှိသည့်ဒေသများတွင် ဝဥစိုက်ပျိုးမှုဧကပိုများသလို သီးနှံအရည်အသွေးမှာလည်း ပိုမိုကောင်းမွန်ကြောင်း သိရသည်။ ထိုကဲ့သို့ ဒေသရာသီဥတု၊ ရေမြေသဘာဝနှင့် ကိုက်ညီနေသည်မှာ ဝဥစိုက်ပျိုးရေးလုပ်ငန်း၏အားသာချက်ဖြစ်ပြီး ယင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာမှုမှာ ချင်းပြည်နယ်အတွက် ထပ်လောင်းအားသာချက်ပင် ဖြစ်ပါသည်။

**ဇယား (၆.၁.၂) -၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ချင်းပြည်နယ်၏ ဝဉစိုက်ပျိုးထုတ်လုပ်မှု အခြေအနေ**

| စဉ် | မြို့နယ်/ခရိုင် | စိုက်ဧက | ရိတ်ဧက | အထွက်နှုန်း | အထွက်ပိဿာ (အစို) |
|---|---|---|---|---|---|
| ၁ | ဟားခါး | ၆၈၈ | ၆၈၈ | ၁,၁၅၁ | ၇၉၁,၈၈၈ |
| ၂ | ထန်တလန် | ၉၈ | ၉၈ | ၁,၁၅၀.၀၉ | ၁၁၂,၇၀၉ |
|  | **ဟားခါးခရိုင်ချုပ်** | **၇၈၆** | **၇၈၆** | **၁,၁၅၀.၈၉** | **၉၀၄,၅၉၇** |
| ၃ | တီးတိန် | ၇၁၁ | ၄၁၀ | ၉၆၀ | ၃၉၃,၆၀၀ |
| ၄ | တွန်းဇန် | ၅၅ | ၅၅ | ၂,၈၄၅.၄ | ၁၅၆,၄၉၇ |
| ၅ | ကျီခါး | ၁ | ၁ | ၇၂၁ | ၇၂၁ |
| ၆ | ဖလမ်း | ၁၈၁ | ၁၂၂ | ၁,၄၀၀.၆၉ | ၁၇၀,၈၈၄ |
| ၇ | ရိခေါဒါရ် | ၇ | - | - | - |
|  | **ဖလမ်းခရိုင်ချုပ်** | **၉၅၅** | **၅၈၈** | **၁,၂၂၇.၃၈** | **၇၂၁,၇၀၂** |
| ၈ | ကန်ပက်လက် | ၇၃၀ | ၄၈၀ | ၁,၂၁၆ | ၅၈၃,၆၈၀ |
| ၉ | ပလက်ဝ | ၂၁၉ | ၂၁၉ | ၃,၁၃၀.၂၃ | ၆၈၅,၅၂၀ |
| ၁၀ | ဆမီး | ၅၉ | ၅၉ | ၃,၂၈၀ | ၁၈၃,၆၈၀ |
| ၁၁ | မတူပီ | ၁,၇၂၁ | ၉၈၈ | ၃,၂၈၅ | ၃,၂၄၅,၅၈၀ |
| ၁၂ | ရေဇွာ | ၁,၁၉၁ | ၅၇၃ | ၂,၁၅၃.၃၆ | ၁,၂၃၃,၈၇၅ |
| ၁၃ | မင်းတပ် | ၃,၁၉၀ | ၂,၇၆၀ | ၁,၀၂၃.၁၆ | ၂,၈၂၃,၉၁၃ |
|  | **မင်းတပ်ခရိုင်ချုပ်** | **၇,၁၀၇** | **၅,၀၇၆** | **၁,၇၂၅.၀၃** | **၈,၇၅၆,၂၄၈** |
|  | **ပြည်နယ်ချုပ်** | **၈,၈၄၈** | **၆,၄၅၀** | **၁,၆၀၉.၇** | **၁၀,၃၈၂,၅၄၇** |

*ရင်းမြစ် - မြန်မာ့ဝဉ စိုက်ပျိုးထုတ်လုပ်မှု မြင့်မားခြင်းမှ ဈေးကွက်ခိုင်မာရေးဆီသို့, 19(25).* (2019).

**၂၀၁၃ ခုနှစ်မှစ၍ အစိုးရအနေဖြင့်[2] ဝဥအား သစ်တောထုတ်ကုန်မှ စိုက်ပျိုးရေးထုတ်ကုန်သို့ ပြောင်းလဲပေးလိုက်ခြင်းကြောင့် ဝဥဈေးကွက်၏ ပြည်တွင်း၊ ပြည်ပ ကုန်သွယ်ရေးလမ်းကြောင်းကို တရားဝင်ပွင့်သွားစေပြီး၊ တောင်သူများနှင့် ကုန်သည်များအပေါ် အကျိုးကျေးဇူးများစွာ ရရှိခံစားစေခဲ့သည်။** ထို့ကြောင့် လယ်ယာကဏ္ဍတိုးတက်ရေးနှင့် ပြည်ပတင်ပို့မှုများသည် အစိုးရ၏ ထောက်ပံ့ကူညီမှုများနှင့် တိုက်ရိုက်သက်ဆိုင်သည်။

**စကားမှတ်စု (၁)**

*"ဝဥ ထုတ်ကုန်ကို သစ်တောထဲကနေဖျက်တာ ဒါအကြီးမားဆုံးဆုလာဘ်ပေါ့နော်။ ဒီလိုပဲဟာမျိုးဆို တော်ရုံတန်ရုံလုပ်ဖို့မလွယ်ဘူး။ ဒီဟာက အခြေခံဥပဒေထဲအထိပါတာပေါ့နော်။ ဒါအစိုးရပိုင်းကနေ ကူလို့ရတာပေါ့နော်။ နောက်တစ်ချက်က ကျွန်တော်တို့ ဒီကုန်သွယ်ခွင့်တွေမှာ နယ်စပ်ကုန်သွယ်ခွင့်တွေမှာ စီးပွားကူးသန်းဆို တော်တော်များများ ညှိပေးတယ်ပေါ့နော်။ နောက်ပြပွဲတွေမှာဆိုလဲ ကျွန်တော်တို့ MOU ထိုးနိုင်တဲ့အဆင့်ထိပါဖြစ်အောင် organize လုပ်ပေးတယ်ပေါ့နော်။ အဲ့လိုမျိုးတွေတော့ ကူညီကြပါတယ်။ စီးပွားကူးသန်းကနေ အများကြီးရပါတယ်။"* - ချင်းပြည်နယ်မှ ဝဥစိုက်ပျိုးရေးနှင့် စီးပွားရေးလုပ်ငန်းရှင်။

ချင်းပြည်နယ်ရှိ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်မှုများအပြင် ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်စည်ပြပွဲများကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ချင်းပြည်နယ်ကုန်သည်များ၊ UMFCCI၊ ဓနအဖွဲ့အစည်းနှင့် VDB Loi ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းကျင်းပခဲ့ကြသည်။ ပြည်နယ်၏ အဓိက စိုက်ပျိုးရွာများတွင် အစိုးရ၊ နိုင်ငံတကာ အရပ်ဘက်အဖွဲ့အစည်း (CSO) များနှင့် ဒေသခံအဖွဲ့အစည်းများက စိုက်ပျိုးရေးဆိုင်ရာ နည်းပညာ သင်တန်းများကို ယခင်ကထက် ပိုမိုစီစဉ်ပေးလာကြသည်ကို တွေ့ရသည်။

ဝဥကို နွေအကုန် မိုးဦးကျမှ စတင်စိုက်ပျိုးပြီး ဆောင်းဦးရာသီ နိုဝင်ဘာ၊ ဒီဇင်ဘာလများ၌ မြေပေါ် ပိုင်းအပင် ညှိုးခြောက်သွားချိန်တွင် တူးဖော်ရိတ်သိမ်းရပါသည်။ ချင်းပြည်နယ်တွင် ဝဥကို အနီ၊ အဝါ၊ အဖြူ ၃ မျိုး စိုက်ပျိုးကြရာ ဝဥ (အဝါ) တစ်ဧကလျှင် ပိဿာချိန် ၃,၀၀၀ မှ ၅,၀၀၀ အထိ ထွက်ရှိကြောင်း စိုက်ပျိုးသူ ဒေသခံတောင်သူများထံမှ သိရှိရပါသည်။ ဈေးကွက်အနေဖြင့် ဝဥ အစိုတစ်ပိဿာလျှင် ၂,၀၀၀ ကျပ် မှ ၂,၅၀၀ ကျပ်အထိ ဖြစ်ပြီး ဝဥ အခြောက် တစ်ပိဿာလျှင် ၁၀,၀၀၀

---

[2] အထူးသဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာန (MOC)၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (MOALI)၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ လမ်းပန်းဆက်သွယ်ရေးဌာနနှင့် ဌာနဆိုင်ရာအကြီးအကဲများ

ကျပ်မှ ၁၅,၀၀၀ ကျပ် အထိ ဈေးပေါက်နေကြောင်း လေ့လာရပါသည်။ ဤသည်မှာ ပြည်တွင်းပြည်ပ ဝယ်လိုအားကောင်းသောကြောင့် ဝဥလုပ်ငန်းတွင်ကျယ်လာပြီး ပေါက်ဈေးများ တိုးတက်လာခြင်း ဖြစ်သည်။

**စကားမှတ်စု (၂)**

*"ပြောင်းလဲမှုတွေကတော့ ရှိပါတယ်။ ဥပမာ - တစ်နှစ် တစ်နှစ် ပိဿချိန်က ၃၊ ၄ သိန်းလောက်ထွက်တာလည်း ရှိတယ်၊ နောက်တစ်နှစ် ပိဿချိန် ၅ သိန်း၊ ၆ သိန်း အဲ့လိုမျိုးပေါ့၊ တဖြည်းဖြည်းနဲ့တော့ တိုးတက်တယ်။ ပြီးတော့ ကျနော်တို့ လုပ်ပုံ ကိုင်ပုံတွေ၊ စိုက်ပျိုးပုံ စိုက်ပျိုးနည်းတွေ၊ ရောင်းတဲ့အချိန်မှာ quantity quality ပိုမိုကောင်းမွန်တဲ့ အပိုင်းကို ရောက်လာတယ။"* - ချင်းပြည်နယ်မှ ဝဥစိုက်ပျိုးရေးနှင့် စီးပွားရေးလုပ်ငန်းရှင်။

**စကားမှတ်စု (၃)**

*"လွန်ခဲ့တဲ့ ငါးနှစ် ခြောက်နှစ်လောက်ထဲက စဝင်တဲ့အချိန်မှာ ကျွန်တော်တို့ ချင်းပြည်နယ်ဘက်ကို လုပ်ပေးမယ်ဆိုပြီးမှ သွားတဲ့အချိန်မှာ ဒီ ဝဥ အစိုတစ်ပိဿာရဲ့ဈေးက ၂၅၀၊ ၃၀၀ ကျပ် လွန်ရောကျွံရော ၄၀၀ ကျပ် လောက်ပဲရတယ်။ ဝဥ အခြောက်တစ်ပိဿာ ၂,၅၀၀ ကျပ် ပဲရှိတယ်ပေါ့နော်။ အဲ့ဒီဈေးကနေပြီးတော့ မနှစ်ကဆိုလို့ရှိရင် ဝဥ အစိုတစ်ပိဿာ ၂,၀၀၀ ၂,၂၀၀ ကျပ် အထိဖြစ်သွားတယ်၊ ဝဥ အခြောက်တစ်ပိဿာက ၁၅,၀၀၀ ကျပ် လောက်အထိဖြစ်သွားတယ်ပေါ့နော်။ အဲ့တော့ဈေးကအဲ့လိုမျိုးအရမ်းကွာသွားတယ်။ ဒါသည် နှစ်တိုင်းနှစ်တိုင်းတက်လာတာပါ။"* - ချင်းပြည်နယ်မှ ဝဥစိုက်ပျိုးရေးနှင့် စီးပွားရေးလုပ်ငန်းရှင်။

**ပြည်တွင်းဝယ်လိုအားသာမက ပြည်ပဝယ်လိုအားရှိသော ဝဥစိုက်ပျိုးရေးလုပ်ငန်းသည် ချင်းပြည်နယ်၌ တစ်နှစ်နှင့်တစ်နှစ် ပိုမိုချဲ့ထွင်လာခဲ့ကြသည်။** ချင်းပြည်နယ် စိုက်ပျိုးရေးဌာနမှ ထုတ်ပြန်သော သတင်းအချက်အလက်များအရ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် တောင်ယာသီးနှံအဖြစ် ဝဥစိုက်ပျိုးမှု ၈,၈၀၀ ဧကဝန်းကျင်သာရှိခဲ့သော်လည်း ၂၀၁၉-၂၀၂၀ ခုနှစ်တွင် နိုင်ငံတော်အစိုးရနှင့် ချင်းပြည်နယ်အစိုးရ၏ ပံ့ပိုးကူညီမှုအပါအဝင် ဈေးကွက်အတွင်း ဝယ်ယူမှုများလာပြီး ဝဥဈေးကောင်းလာသည့်အတွက် စိုက်ပျိုးဧက ၁၅,၀၀၀ အထိ တိုးပွားလာခဲ့သည်။

**ဝဥလုပ်ငန်း၏ အားနည်းချက်များ**

**ချင်းပြည်နယ်သည် တောင်စောင်းတောင်တန်းများ ထူထပ်များပြားသည်ဖြစ်ရာ မြေပြင်အနေအထားနှင့် ရာသီဥတုအခြေအနေများက စိုက်ပျိုးရေးကဏ္ဍအတွက် အခက်အခဲများ ဖန်တီးနေသကဲ့သို့ဖြစ်သည်။** ချင်းပြည်သူများအနေဖြင့် ဝဥလုပ်ငန်းနှင့် အခြားတောင်ယာလုပ်ငန်းများအပေါ် လုပ်နိုင်စွမ်းအားရှိသော်လည်း ဤလုပ်ငန်း၏ ဖြစ်စဉ်တစ်ရပ်လုံးနှင့် ပြည်နယ်တစ်ခုလုံး၏ လယ်ယာမြေစိုက်ပျိုးရေးကဏ္ဍတို့တွင် အကျိုးအမြတ်များ ပိုမိုဖြစ်ထွန်းရန် ဦးဆောင်နိုင်မည့် လူငယ်များ၊ နည်းပညာရင်းမြစ်များ လိုအပ်နေပါသေးသည်။ လက်ရှိ စိုက်ပျိုးရေးနည်းစနစ်များသည် မိရိုးဖလာ စိုက်ပျိုးနည်းများဖြစ်သဖြင့် တောင်သူများအား စိုက်ပျိုးနည်းစနစ် အသိပညာပေးခြင်း၊ သီးနှံစိုက်ပျိုးခြင်းမှ ကုန်ချောထုတ်လုပ်မှုအဆင့်၊ စိုက်ပျိုးသည့်အဆင့်မှ ဈေးကွက်အဆင့်၊ ကုန်ကြမ်းမှ တန်ဖိုးမြင့် အရည်အသွေးရှိကုန်ပစ္စည်းများ ထုတ်လုပ်နိုင်သည့် အသိပညာပေးခြင်းနှင့် လိုအပ်သည့် ထောက်ပံ့မှုများ ပေးခြင်းတို့သည် ချင်းပြည်နယ်၏ စိုက်ပျိုးရေးကဏ္ဍ တိုးတက်လာစေရန် အရေးကြီးပါသည်။

**ပြဿနာတစ်ရပ်မှာ ချင်းပြည်နယ်အတွင်း သီးနှံထွက်ရှိမှု များပြားသော်လည်း အခြောက်ခံစက်ရုံအရေအတွက်မှာ နည်းပါးနေခြင်းဖြစ်သည်။** အခြားပြည်နယ်များသို့ သွားရောက်၍ အခြောက်ခံရသည်များရှိသဖြင့် သယ်ယူပို့ဆောင်ရေးစရိတ်၊ အခြားအထွေထွေစရိတ်များ ပိုမိုကုန်ကျနေသည်နှင့် ကြုံကြရပါသည်။ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ (INGOs) မှ အထောက်အပံ့များ၊ နည်းပညာများ၊ သင်တန်းများပို့ချခြင်းနှင့် သုတေသနများ လုပ်ဆောင်သော်လည်း စီမံကိန်းများမှာ နှစ်ကာလ အကန့်အသတ်ရှိခြင်းကြောင့် ဒေသအတွက် ရေရှည်အကျိုးဖြစ်ထွန်းမှု နည်းသည်ဟု သုံးသပ်မိပါသည်။ ဝဥဈေးကွက်သည် အစိုထက် ကုန်ချောဖြစ်သည့် ဝဥအခြောက်မှာ ပို၍ ဈေးကောင်းရ၊ အမြတ်ရသောကြောင့် ယခုအခါ တောင်သူများက ဝဥအစိုများကို အခြောက်ခံစက်ရုံများတွင် အခြောက်ခံ၍ ပြန်လည်ရောင်းချကြသည်။

**စကားမှတ်စု (၄)**

*"Solar Dryerတွေက ရိုးရိုးသားသားပြောရင် လုံလောက်မှုတော့ မရှိဘူး။ သူ့မှာ အခြောက်လုပ်ဖို့ရန်အတွက် limit ရှိတယ်လေ၊ ကျနော်တို့ အခြောက်လုပ်ချင်တာက အများကြီးကိုး။ တဖြည်းဖြည်းနဲ့ ထပ်ချဲ့ဖို့ရှိပါတယ်။ ကျနော်တို့ ဂျပန်ကုမ္ပဏီနဲ့ ပူးပေါင်းပြီးတော့ ဒီမှာ စက်ရုံအကြီးကြီး ထောင်ဖို့လည်း ရှိပါတယ်။"* - ချင်းပြည်နယ်မှ ဝဥစိုက်ပျိုးရေးနှင့် စီးပွားရေးလုပ်ငန်းရှင်။

**ဝဥလုပ်ငန်း၏ အခွင့်အလမ်းများ**

**ဝဥမှာ စားသုံးမှုနှုန်းမြင့်မားကာ ပြည်တွင်းပြည်ပ ဈေးကွက်အနေဖြင့်လည်း ဝယ်လိုအားရှိသော ထုတ်ကုန်ဖြစ်သည်။** ကမ္ဘာပေါ်တွင် ဝဥ မျိုးစိတ်ပေါင်း ၁၃၀ ခန့်ရှိပြီး ၁၂ မျိုးခန့်ကိုသာ သုံးစွဲစားသုံးလျက်ရှိပါသည်။ ဝဥများကို စားသုံးကုန်ပစ္စည်း ထုတ်လုပ်ရေးအနေဖြင့် အသင့်စားအသားတုများ၊ ဂျယ်လီအမျိုးမျိုး၊ ခေါက်ဆွဲ၊ ဂျုံမှုန့်အစားထိုး ဝဥအမှုန့်အပြင် တိရိစ္ဆာန်အစားအစာများ ထုတ်လုပ်ရာတွင် အသုံးပြုကြသည်။ ဆေးဝါးထုတ်လုပ်ရေးတွင် အဝလွန်ခြင်း၊ ကိုလက်စရော၊ သိုင်းရွိုက်၊ ဆီးချို၊ သွေးတိုးအစရှိသည့်ရောဂါများအတွက် ကုသသည့်ဆေးဝါးများ ထုတ်လုပ်ရာတွင်လည်း အသုံးပြုကြသည်။ စက္ကူနှင့်ကော်အမျိုးမျိုး၊ ချည်ထည်၊ ဆေးဆိုးပန်းရိုက်နှင့် ကမ်းလွန်ပင်လယ် ရေနံရှာဖွေရေးလုပ်ငန်း စသည်တို့တွင် စက်မှုကုန်ကြမ်းအဖြစ် အထူးအသုံးပြုကြသလို အလှကုန်ပစ္စည်းများ ထုတ်လုပ်ရေးတွင် မျက်နှာပေါင်းတင်ဆေးကော်ရည်အဖြစ် ကျယ်ပြန့်စွာ အသုံးပြုလာကြပါသည်။

**နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးမှုဆိုင်ရာ အကူအညီပေးရေးအဖွဲ့ (USAID) မှ စိုက်ပျိုးရေးလုပ်ငန်းများပေါ် ရန်ပုံငွေများ၊ တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်း ရန်ပုံငွေ (RBF) မှ နည်းပညာအထောက်အပံ့များ ပေးအပ်ထောက်ပံ့ခဲ့သည်များ ရှိသည်။** ၂၀၁၀ခုနှစ်တွင် K&L နှင့် Myanmar Belle ကုမ္ပဏီတို့မှ ဒေသခံတောင်သူတို့အား ဝဥအများအပြားထုတ်လုပ်နည်းနှင့် စိုက်ပျိုးနည်းစနစ်တို့ကို သင်ကြားပေးခဲ့ပြီး ၎င်းတို့နှင့် အရောင်းအဝယ်စာချုပ်ပါ ချုပ်ဆိုနိုင်ခဲ့ပါသည်။ ချင်းပြည်နယ်ထွက် ဝဥသည် အခြားနိုင်ငံ၊ အခြားဒေသထွက် ဝဥများနှင့်ယှဉ်လျှင် အာဟာရ၊ အရသာ၊ အရည်အသွေး ပိုမိုကောင်းမွန်သဖြင့် ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်များမှ တင်ပို့ရောင်းချရန် ကမ်းလှမ်းမှုများ ရရှိထားပါသည်။ သို့ဖြစ်ပါ၍ ဝဥလုပ်ငန်းသည် နိုင်ငံတကာနှင့်တန်းတူ တင်ပို့ရောင်းချနိုင်ကာ နိုင်ငံခြားဝင်ငွေရရှိစေခြင်း၊ ဒေသခံပြည်သူများအတွက် စီးပွားရေးနှင့် အလုပ်အကိုင်များပြားစေခြင်း အစရှိသည့် အခွင့်အလမ်းများစွာ ပံ့ပိုးလျက်ရှိနေပါသည်။

**ဇယား (၆.၁.၃) - ဝဥ (အစို)၊ ဝဥ (အခြောက်) နှင့် ဝဥ (အမှုန့်) များ**

**ပြည်ပတင်ပို့မှုအခြေအနေ(အမေရိကန်ဒေါ်လာသန်း)**

| စဉ် | ဘဏ္ဍာနှစ် | ဝဥ (အစို) | | ဝဥ (အခြောက်) | | ဝဥ (အမှုန့်) | | စုစုပေါင်း | |
|---|---|---|---|---|---|---|---|---|---|
| | | တန်ချိန် | တန်ဖိုး | တန်ချိန် | တန်ဖိုး | တန်ချိန် | တန်ဖိုး | တန်ချိန် | တန်ဖိုး |
| ၁ | ၂၀၁၃-၂၀၁၄ | - | - | ၅,၅၈၄.၇၄၅ | ၉.၉၄၄ | ၃၉ | ၀.၀၆၇ | ၅,၆၂၃.၇၅ | ၁၀.၀၁၁ |
| ၂ | ၂၀၁၄-၂၀၁၅ | ၄၂.၁ | ၀.၀၁၅ | ၄,၂၁၄.၈၅ | ၇.၈၁၃ | ၂၂၉ | ၀.၄၁၄ | ၄,၄၈၆.၃၅ | ၈.၂၄၂ |
| ၃ | ၂၀၁၅-၂၀၁၆ | | | ၁,၉၀၆.၅၀၅ | ၃.၄၉၈ | ၂၆၁.၀၂ | ၀.၅၁၅ | ၂,၁၆၇.၅၃ | ၄.၀၁၃ |
| ၄ | ၂၀၁၆-၂၀၁၇ | ၁၇၃.၀၃ | ၀.၀၄၃ | ၁,၄၃၃.၃၀ | ၂.၆၀၆ | ၁၇၈ | ၀.၄၃၂ | ၁,၇၈၄.၃၃ | ၃.၀၈၁ |
| ၅ | ၂၀၁၇-၂၀၁၈ | ၁၉၆ | ၀.၀၄၈ | ၁,၀၀၁.၃၈ | ၁.၆၉၅ | ၁,၃၆၁.၂၅ | ၂.၁၃၅ | ၂,၅၅၈.၆၃ | ၃.၈၇၈ |
| ၆ | ၂၀၁၈ (mini Budget) | - | - | ၁၁၀.၃၀ | ၀.၂၀၄ | - | - | ၁၁၀.၃၀ | ၀.၂၀၄ |
| ၇ | ၂၀၁၈-၂၀၁၉ (၇.၆.၂၀၁၉ ထိ) | - | - | ၁,၂၄၀.၀၅ | ၂.၂၀၈ | - | - | ၁,၂၄၀.၀၅ | ၂.၂၀၈ |

*ရင်းမြစ် - မြန်မာ့ဝဥ စိုက်ပျိုးထုတ်လုပ်မှု မြင့်မားခြင်းမှ ဈေးကွက်ခိုင်မာရေးဆီသို့, 19(25).* (2019).

စက်မှုဝန်ကြီးဌာနနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမာန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းနှင့် ယူကေ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအကူအညီ (UKAID) တို့ ပူးပေါင်းကာ ဟားခါးမြို့ရှိ လုပ်ငန်းရှင်တို့အား ဝဥ ဆေးစက်၊ ဖြတ်စက်၊ အခြောက်ခံစက် စသော ဝဥအခြေခံ စက်မှုကုန်ထုတ်လုပ်ငန်းများအကြောင်း ဗဟုသုတများအပါအဝင် ဝဥစိုက်ပျိုးထုတ်လုပ်ရေးဆိုင်ရာ နည်းပညာတို့ကိုလည်း ပူးပေါင်းပို့ချပေးခဲ့ပါသည်။ Adventist Development and Relief Agency ကလည်း သီးနှံစိုက်ပျိုးရန်အတွက် မျိုးစေ့များဖြန့်ဝေပေးကာ ဝဥဖြတ်စက်နဲ့ ဝဥဆေးကြောစက်တို့ကိုလည်း မိတ်ဆက်ပေးခဲ့သည်။

**ဝဥအခြောက်များသည် သယ်ယူရ ပိုမိုလွယ်ကူသည့်အပြင် ထုတ်ပိုးမှုလွယ်ကူကာ ကုန်ချိန်ပမာဏ ပိုမိုတင်ပို့နိုင်သည်ဖြစ်ရာ ၎င်းတို့ကို ထုတ်လုပ်တင်ပို့ရောင်းချသူ များလာခဲ့သည်။** ချင်းပြည်နယ်တွင် ၂၀၁၈ ခုနှစ်၌ ပထမဆုံးသော ဝဥနှင့်သီးနှံ အခြောက်ခံလုပ်ငန်းကို မင်းတပ်ခရိုင် ကန်ပက်လက်မြို့တွင်

စတင်လည်ပတ်ခဲ့ပြီး ရေဗွာမြို့တွင် ချင်းပြည်နယ်၏ ဒုတိယမြောက် ဝဥနှင့်သီးနှံ အခြောက်ခံလုပ်ငန်းကို ဒေသခံလူငယ်များဖြင့် ဖွဲ့စည်းထားသည့် Amico ကုမ္ပဏီမှ ဦးဆောင်တပ်ဆင်ခဲ့ရာ ယခုအခါ လုပ်ငန်းများစတင်လည်ပတ်လျက်ရှိပါသည်။ ယခင်က ချင်းပြည်နယ်မှ နှစ်စဉ်ထွက်ရှိသည့် ဝဥများကို မန္တလေးမြို့နှင့် ကုန်သည်များထံအလုံးလိုက် တင်ပို့ရောင်းချမှုဖြင့် စတင်ခဲ့ကြသည်။ ဝဥကို အခြောက်ခံရာတွင်လည်း နေရောင်ခြည်ဖြင့်သာ အခြောက်ခံကြသဖြင့် မိုးရာသီကာလများတွင်မူ သီးနှံအခြောက်ခံရန် အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရသည်။ ယခု နေရောင်ခြည်စွမ်းအင်သုံး အခြောက်ခံစက်များသည် တောင်သူများအတွက် အချိန်နှင့်ကုန်ကျစရိတ်ကို လျှော့ချကာ အထောက်အကူဖြစ်စေပါသည်။

**စကားမှတ်စု (၅)**

*"ဝဥဈေးကွက်က ပိုကောင်းဖို့ရှိတယ်။ တရုတ်တို့၊ ဂျပန်တို့၊ ကိုရီးယားတို့က ခေါက်ဆွဲစားတဲ့နိုင်ငံပေါ့နော်။ ဝဥက ခေါက်ဆွဲအပြင် cosmetics အလှအပတွေမှာလည်း သုံးတယ်ဆိုတော့ လူဦးရေလည်း တဖြည်းဖြည်းနဲ့တိုးလာတော့ စားသုံးသူလည်း တဖြည်းဖြည်းများလာမယ်ဆိုတဲ့ သဘောပေါ့။ အဲ့အတွက် ဝဥကို များများစိုက်ဖို့၊ အစိုးရအနေနဲ့လည်း ပိုမိုအားဖြည့်ဖို့၊ INGO၊ NGO တွေ အနေနဲ့လည်း ပိုမိုအားစိုက်ဖို့။ အခု ကိုဗစ်ကာလမှာ ကျနော်တို့နိုင်ငံမှာ စိုက်ပျိုးရေးကို အားစိုက်မယ်ဆိုရင်တော့ ကျနော်တို့ ခုခံနိုင်မယ်လို့ ယုံကြည်ပါတယ်။"* - ချင်းပြည်နယ်မှ ဝဥစိုက်ပျိုးရေးနှင့် စီးပွားရေးလုပ်ငန်းရှင်။

**ဝဥလုပ်ငန်း၏ ခြိမ်းခြောက်မှုများ**

**ကိုဗစ်ကပ်ရောဂါကြောင့် ၂၀၂၀ ခုနှစ်အတွင်း စိုက်ပျိုးရေးကဏ္ဍသာမက အခြားကဏ္ဍများသည်လည်း လုပ်ငန်းထိခိုက်မှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်မှာ မလွဲကေန်ပင်။** ဝဥစိုက်ပျိုးသူ တောင်သူများအနေဖြင့် သီးနှံရိတ်သိမ်းရောင်းချပြီးဖြစ်၍ ဇန်နဝါရီလအထိ ထိခိုက်မှုမရှိခဲ့ပါ။ သို့သော် ဖေဖော်ဝါရီလတွင် ဝဥများ ဝယ်ယူထားသော စက်ရုံများ၊ ကုန်သည်များနှင့် ပွဲစားများမှာ လအတော်ကြာမရောင်းရပဲ ပိတ်မိသည့်အခြေအနေမျိုးနှင့် ကြုံကြရသည်။ ပြန်လည်ရောင်းချနိုင်သည့်အခါတွင်လည်း ဝဥဈေးများ ထက်ဝက်ခန့်အထိ ကျသွားသည်ဖြစ်ရာ ယခု ၂၀၂၀ ခုနှစ်သည် စက်ရုံများ၊ ကုန်သည်များနှင့် ပွဲစားများ အရှုံးပေါ်သည့်နှစ် ဖြစ်ပေသည်။ ကုန်သွယ်ရေးကဏ္ဍတွင် ကိုဗစ်အခြေအနေအရ မြန်မာနိုင်ငံဘက်မှ ကုန်စည်များကို တရုတ်နိုင်ငံဘက်သို့ ဝင်ခွင့်မရှိသေးသော အနေအထားရှိခဲ့သည်။ ဤကုန်သွယ်ရေးလမ်းကြောင်းသာ ရပ်သွားမည်ဆိုပါက ဝဥဈေးကွက်မှာ လုံးလုံး ရပ်သွားနိုင်သည့် အခြေအနေရှိပါသည်။

**စိုက်ပျိုးရေးတောင်သူများ၊ လုပ်ငန်းရှင်များနှင့် ကုန်သည်များအတွက် နိုင်ငံတော်အစိုးရမှ ကောင်းမွန်သောမူဝါဒများဖြင့် ထောက်ပံ့ပေးရန်လိုအပ်သည်။** ပြည်တွင်းကုန်သွယ်ရေး လမ်းကြောင်းများသာမက ပြည်ပကုန်သွယ်ရေးများအပေါ် ထိထိရောက်ရောက်နှင့် စီမံဆောင်ရွက်ရန် အရေးကြီးသည်။ ဆိုလိုရင်းမှာ မြန်မာနိုင်ငံ ထွက်ကုန်ပစ္စည်းများကို အဓိကတင်ပို့နေရသော နိုင်ငံများဖြစ်သည့် ဂျပန်နှင့် တရုတ် အစရှိသည့်နိုင်ငံများနှင့် ကုန်သွယ်မှုအပိုင်း အဆင်ပြေချောမွေ့ရေး၊ ဝယ်ယူမှုပမာဏ စဉ်ဆက်မပြတ်တိုးတက်ရေး စသည်များကို အစိုးရအနေဖြင့် ထိထိရောက်ရောက် လုပ်ဆောင်သင့်ပါသည်။ မူဝါဒများ မကြာခဏ ပြောင်းလဲခြင်းသည် စိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် ကုန်သည်များအား လုပ်ကိုင်ရခက်ခဲစေပြီး၊ မမျှော်လင့်သောဈေးကွက် အပြောင်းအလဲများကြောင့် သီးနှံများသည် ပြည်တွင်းမှာပင် အလဟဿဖြစ်ကာ အရှုံးပေါ်ရသည်များ ဖြစ်ပေါ်စေနိုင်ပါသည်။

**အခြားဒေသများတွင် ဝဥအများအပြား စိုက်ပျိုးရောင်းချလာခြင်းမှာ ချင်းပြည်နယ်နှင့် ချင်းပြည်နယ်ရှိ တောင်သူများ၊ လုပ်ငန်းရှင်များနှင့် ကုန်သည်များအတွက် စိုးရိမ်ထိတ်လန့်စရာတစ်ရပ်အဖြစ် ပုံဖော်ထင်မြင်လျက် ရှိပေသည်။** ဝဥဈေးကွက် ပိုမိုခိုင်မာလာသည်နှင့်အမျှ မြေပြန့်ဒေသများပါမကျန် မြန်မာနိုင်ငံ ဒေသအနှံ့အပြားတွင် ဝဥကို စိုက်ပျိုးလာကြသည်။ ဤသည်မှာ ဝဥဈေးကွက်ကို ပြောင်းလဲနိုင်သည်သာမက ဝဥ အဓိကစိုက်ပျိုးထုတ်လုပ်သော ချင်းပြည်နယ်ကိုပါ ကြီးမားစွာ သက်ရောက်စေမည် ဖြစ်ပါသည်။ မြေပြန့်ဒေသများတွင် ဆန်နှင့် ဆီထွက်သီးနှံအမျိုးမျိုး၊ ပဲအမျိုးမျိုးတို့ကို စိုက်ပျိုးတင်ပို့ ရောင်းချနိုင်သော်လည်း မည်သည့်သယံဇာတမျှမရှိသော၊ အခြားစိုက်ပျိုးသီးနှံများလည်း ကောင်းမွန်စွာ မဖြစ်ထွန်းနိုင်သော ချင်းပြည်နယ်အတွက် ဝဥလုပ်ငန်းကသာ ပြည်သူများ၏ စီးပွားရေးထွက်ပေါက်တစ်ခု ဖြစ်ပေသည်။ ထိုမျှသာမက ဝဥလုပ်ငန်းအပေါ် ဖိအားသက်ရောက်မှုများ ရှိလာနိုင်ပြီး သယ်ယူပို့ဆောင်ရေးခက်ခဲသော ချင်းပြည်နယ်မှ ဝယ်လိုအားများလည်း ကျဆင်းလာနိုင်ပါသည်။

**ထို့ကဲ့သို့ ဝဥကို အရည်အသွေးထိန်းသိမ်းမှုမရှိ၊ နေရာဒေသအနှံ့ စိုက်ပျိုးရောင်းချနေမှုများကြောင့် ဝဥဈေးကွက်တွင် ဈေးပြိုင်အမျိုးမျိုး ပေါ်ပေါက်လာစေနိုင်ပြီး ပုံမှန်တင်ပို့နေသောနိုင်ငံများမှလည်း ဈေးလျှော့၊ ဈေးကိုင်လာနိုင်သော အခြေအနေများ ဖြစ်လာနိုင်ပါသည်။** ထို့ကြောင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများကို သီးနှံထွက်ရှိရာ အမျိုးအစားအလိုက်၊ အားသာချက်၊ အားနည်းချက်များအပေါ် မူတည်၍ ကန့်သတ်ချက်ထားကာ စိုက်ပျိုးဖြန့်ချီသောစနစ်ကို အစိုးရမှ အကောင်ထည်ဖော်သင့်ပါသည်။

**စကားမှတ်စု (၆)**

*"မြန်မာတစ်ပြည်လုံးက ဝဥကို လိုက်စိုက်တယ်ပေါ့ဗျာ။ လိုက်စိုက်တော့ အထူးသဖြင့်တော့ ကျွန်တော်ကတော့ ဒီတောင်ပေါ်သားတွေအတွက်ကို နည်းနည်း ချန်စေချင်တယ်ပေါ့။သူတို့အတွက် သူတို့နေရာက သယံဇာတလဲမရှိဘူးဗျ၊ ဝဥပဲရှိတာ။ အဲ့လိုမျိုးဆိုတော့ သူတို့က ဒီဝဥရောင်းပြီးတော့ ဆန်ပြန်ဝယ်စားရတယ်၊ ကလေးတွေကို ကျောင်းထားရတယ်၊ သူတို့အိမ်တွေကို ဆောက်ရတယ်။ မြေပြန့်မှာဆို ဆန်လဲစိုက်လို့ရတယ်၊ ဆီလဲစိုက်လို့ရတယ်၊ အခြားစီးပွားရေးလုပ်လို့လဲရတယ်။ အဲ့ဒီမှာ အကုန်လုံးက ဝဥကိုလိုက်စိုက်လာရင် ခုနကလို မြေပြန့်ကြီးမှာ ဧက ၅၀၀ လောက်ကို စက်ကြီးနဲ့တူးပြီး စိုက်နိုင်တဲ့သူကို ချင်းပြည်နယ်ကလူက ဘယ်လိုမှယှဉ်နိုင်မှာမဟုတ်ဘူး။ ဒါကတော့သေချာတယ်ပေါ့နော်။ အဲ့လိုများလာရင် ချင်းကလူတွေ ဒုက္ခရောက်မယ်ပေါ့နော်၊ ဒါကျွန်တော်မြင်နေတဲ့အမြင်ပေါ့။"* - ချင်းပြည်နယ်မှ ဝဥစိုက်ပျိုးရေးနှင့် စီးပွားရေးလုပ်ငန်းရှင်။

**စကားမှတ်စု (၇)**

*"ဒီလွှတ်တော်ထဲနေတဲ့သူတို့၊ အစိုးရအဖွဲ့ထဲနေတဲ့သူတွေက ပြန်ဖော်ဆောင်ရမှာပေါ့နော်၊ အဲ့လိုလုပ်လိုက်မှ။ Board ဆိုတာအစိုးရချည်းပဲပါတာမဟုတ်ဘူး၊ အစိုးရရော ပုဂ္ဂလိကရော ပါပြီးတော့မှ ဖွံ့ဖြိုးရေးအတွက်ကို ထိန်းကျောင်းသွားတာပေါ့နော်။ အဲ့လိုမျိုးဟာမျိုးလေးတွေ ဖြစ်ဖို့လိုတယ်ပေါ့နော်။"* - ချင်းပြည်နယ်မှ ဝဥစိုက်ပျိုးရေးနှင့် စီးပွားရေးလုပ်ငန်းရှင်။

မြန်မာနိုင်ငံတွင် ဝဥများ ဈေးကောင်းလာသည်နှင့်အမျှ ဝဥမျိုး အတုအပများ၊ ဆင်တူရိုးမှားမျိုးများ ဈေးကွက်ထဲသို့ ဝင်ရောက်လာကြသည်။ ထိုကဲ့သို့ အတုအပများ ရောင်းဝယ်မိခြင်းကြောင့် သိန်းရာနှင့်ထောင်ချီ ရှုံးသွားရသောကုန်သည်များလည်း ရှိခဲ့သည်။ ဤဖြစ်ရပ်များကြောင့် ကုန်ပစ္စည်း၏အရည်အသွေးကို အလေးအနက်ထားသော ပုံမှန်တင်ပို့နေကျ ဂျပန်နိုင်ငံမှ ဝယ်ယူမှုများ လျော့ကျသွားခဲ့သည့် ဖြစ်ရပ်များကိုလည်း တွေ့ရသည်။

**<u>အကြံပြုချက်များ</u>**

- ခိုင်မာသောဈေးကွက်ရှိပြီးသား ကုန်ကြမ်းထွက်ရာ ဒေသအနေနှင့် ပြည်တွင်းမှာပင် ကုန်ချောများ ထုတ်လုပ်လာနိုင်သည်အထိ အစိုးရမှ ကူညီပံ့ပိုးသင့်ပါသည်။ ဝဥအား စိုက်ပျိုးရေးထွက်ကုန်သက်သက် တင်ပို့သည်ထက် တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ်

တင်ပို့နိုင်မည်ဆိုပါက ပြည်သူတို့၏ အလုပ်အကိုင် အခွင့်အလမ်း များပြားကာ တိုင်းပြည်ဝင်ငွေလည်း ပိုမိုမြင့်မားစေမည် ဖြစ်ပါသည်။

- မြန်မာနိုင်ငံအနေဖြင့် ဝဥစိုက်ပျိုးရေးအကြောင်း သုတေသနများ နည်းပါးလျက်ရှိသဖြင့် စနစ်ကျသောမျိုးပွါးခြံများ ဖြစ်လာစေရန် သုတေသနများကို အလေးပေး လုပ်ဆောင်သင့်ပါသည်။ ကောင်းမွန်သောမျိုးစေ့များအား လုံလောက်စွာ ချပေးနိုင်ရန်၊ နှစ်စဉ်သီးနှံအထွက်နှုန်း တိုးစေရန်နှင့် အရည်အသွေးပြည့်မီရန် အစိုးရမှ ကြီးကြပ်လုပ်ကိုင်သင့်ပါသည်။
- ထို့အပြင် ဒေသခံပြည်သူများ၏ ရေရှည်တည်တံ့သော အကျိုးစီးပွားကို အဓိကထားလျက် သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်စေမည့် ဒေသတွင်း အသေးစားစီးပွားရေးလုပ်ငန်းများကို စွန့်ဦးတီထွင်ခြင်းများ လုပ်ကိုင်နိုင်ရန်အတွက် ချေးငွေများစီစဉ်ပေးရန် လိုအပ်ပါသည်။
- ဝဥနှင့်သီးနှံ အခြောက်ခံလုပ်ငန်းများက ဒေသတွင်း ကုန်ချောထုတ်လုပ်မှုနှင့် အရည်အသွေးမြှင့်တင်ရန်၊ ဈေးကွက်ချိတ်ဆက်မှုနှင့် ထုတ်ကုန်ရောင်းဝယ်မှု ပိုမိုမြှင့်တင်ရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးရန် စသည့်ရည်မှန်းချက်တို့အား ရေရှည်မျှော်မှန်းချက်များအနေဖြင့် သတ်မှတ်လုပ်ဆောင်သင့်ပါသည်။
- စိုက်ပျိုးရေးတိုးချဲ့ခြင်းနှင့် လယ်ယာအကြံပေး ဝန်ဆောင်မှုများ၊ ထုတ်လုပ်မှု အဆုံးအရှုံးများကို လျှော့ချနိုင်ရေးအတွက် သုတေသနလုပ်ဆောင်မှုများ၊ မြေဆီလွှာ ထိန်းသိမ်းရေးနှင့် ရေစီမံခန့်ခွဲခြင်းဆိုင်ရာ လမ်းညွှန်မှုများ၊ ဈေးကွက်သုတေသနများကို အစိုးရမှ ဦးဆောင်ကာ အကောင်အထည်ဖော်သင့်ပါသည်။
- မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍတွင် ပြည်နယ်တစ်ခု၏ သီးခြားထွက်ကုန်အလိုက် Zooming system နည်းဖြင့် နည်းဗျူဟာကျနစွာ ဆောင်ရွက်သင့်ပါသည်။

## ၆.၂။ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း

### နောက်ခံအကြောင်းအရာ

မြန်မာနိုင်ငံ၏ တိုင်းနှင့်ပြည်နယ် ၁၄ခုတွင် ဖွံ့ဖြိုးမှု အနိမ့်ဆုံးဖြစ်ပြီး တောင်တန်းထူထပ်သောကြောင့် လမ်းပန်းဆက်သွယ်ရေးလည်း ခက်ခဲပေသည်။ ၂၀၁၀ခုနှစ် နိုင်ငံရေးအပြောင်းအလဲများနောက်ပိုင်းတွင် နိုင်ငံတကာအကူအညီများကြောင့် လမ်းပန်းဆက်သွယ်ရေးနှင့် အခြားသော ဖွံ့ဖြိုးရေးလုပ်ငန်းများကို အင်တိုက်အားတိုက် လုပ်ကိုင်နိုင်ခဲ့ကြသည်။ တောင်တန်းများပေါများသော ဒေသဖြစ်သည့်အပြင် တန်ဖိုးမဖြတ်နိုင်သည့် တိုင်းရင်းသားရိုးရာအမွေအနှစ်များကြောင့် ချင်းပြည်နယ်၌ ခရီးသွားလုပ်ငန်းသည် ဖွံ့ဖြိုးစပြုလာပြီး ပွင့်လင်းခရီးသွားရာသီရောက်တိုင်း ဒေသခံများက ခရီးသွားလုပ်ငန်းကို မှီခိုအားထားကြသည်။ ချင်းပြည်နယ်၏ သဘာဝအလှနှင့် ဓလေ့ထုံးတမ်းများကို သဘောကျနှစ်သက်သဖြင့် ပြည်ပမှ ဧည့်သည်များသည်လည်း တဖြည်းဖြည်းတိုးမြင့် ဝင်ရောက်လာခဲ့သည်။ ချင်းပြည်နယ်သို့ ပြည်တွင်း၊ ပြည်ပ ခရီးသွားနှုန်းတဖြည်းဖြည်း မြင့်တက်လာရာ ၂၀၁၉ခုနှစ်တွင် ပြည်တွင်း ၃၀,၀၁၇ ဦး၊ ပြည်ပ ၃,၇၆၂ ဦးဖြင့် အမြင့်ဆုံးဖြစ်ခဲ့ပြီး ၂၀၁၈ခုနှစ်ထက် နှစ်ဆနီးပါးရောက်ရှိခဲ့သည်။ ဆက်လက်၍ ချင်းပြည်နယ်ရှိ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ၏ အားသာချက်များ၊ အားနည်းချက်များ၊ အခွင့်အလမ်းများနှင့် ခြိမ်းခြောက်မှုများကို ဤသုတေသနမှ သုံးသပ်ဖော်ပြထားပါသည်။

### ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၏ အားသာချက်များ

**ချင်းပြည်နယ်တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် လုပ်ဆောင်နေမှုများက ခရီးသွားလုပ်ငန်းကိုများစွာ တိုးတက်စေသည်။** လမ်းပန်းဆက်သွယ်ရေးသာမက သတင်းအချက်အလက်ဆက်သွယ်ရေး မြန်ဆန်လာမှုကြောင့် ချင်းပြည်နယ်သို့ ခရီးသွားလာလိုလျှင် ယခင်ကထက် ပိုမိုအဆင်ပြေလာသည်။ ယခုအခါ ရန်ကုန်မှ တိုက်ရိုက်ကားလမ်းကြောင်းအချို့ပါ ပြေးဆွဲနေပြီ ဖြစ်သည်။ ထို့ကြောင့်ပင် ဟိုတယ်လုပ်ငန်းအတွက် ကုန်ကြမ်းများကို ရန်ကုန်မှတဆင့် လွယ်ကူစွာဝယ်ယူနိုင်ကြသလို အွန်လိုင်းစနစ်ကိုလည်း ကောင်းမွန်စွာ အသုံးပြုလာနိုင်ခြင်းကြောင့် ပြည်တွင်းသာမက ပြည်ပဧည့်သည်များနှင့်ပါ ငွေပေးချေမှု အစရှိသည်တို့ကို တိုက်ရိုက်ချိတ်ဆက်လာနိုင်သည်။ တောင်တက်ခရီးစဉ်များ၊ ချင်းရိုးရာ တက်တူးနှင့် တောင်ပေါ်ဒေသ အလှအပများအစရှိသည်တို့သည် ပြည်နယ်အတွက် ဝင်ငွေကို အဓိကဆွဲဆောင်မှုများ ဖြစ်သည်။ ချင်းပြည်နယ်ရှိ ခရီးသွားလုပ်ငန်းများသည် ပြည်နယ်ဒေသခံများနှင့်ပင် ကောင်းကောင်း လုပ်ကိုင်နိုင်သောကြောင့် အခြားဒေသမှ လုပ်သားလိုအပ်ချက်မှာ နည်းပါးပြီး ဒေသခံများအတွက်

အလုပ်အကိုင် အခွင့်အလမ်းကောင်းများ ရှာဖွေပေးနိုင်သည်။ ချင်းပြည်နယ်သို့ ခရီးသွားဦးရေ များပြားလာသည်မှာ ကာလအားဖြင့် မကြာသေးသော်လည်း ဟိုတယ်နှင့် တည်းခိုခန်းများသည် အလားအလာကောင်းသော လုပ်ငန်းများဖြစ်သလို ပြည်နယ်၏ ဝင်ငွေတိုးတက်စေရုံသာမက၊ ပြည်နယ်အတွက် အလုပ်အကိုင်များ ဖန်တီးပေးနိုင်ပါသည်။

**ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၏ အားနည်းချက်များ**

**လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည်ဟု ဆိုသော်လည်း အားနည်းချက်များ ရှိနေသေးသည်။** အင်တာနက်နှင့် ဖုန်းလိုင်းလွှမ်းခြုံမှုသည် အပြည့်အဝ မရရှိသေးပေ။ ကြိုတင်ဘွတ်ကင်ပြုလုပ်ခြင်းများကို ရန်ကုန်မှတဆင့် ဆောင်ရွက်ခြင်းကသာ ပိုမိုအဆင်ပြေသည်။ ထို့အပြင် ယခု ၂၀၂၀ ခုနှစ် အထိ ပြည်နယ်၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးမှာ ဒေသခံအဖွဲ့အစည်းများ၏ အင်အားဖြင့်သာ အသက်ဆက်နေရသည်။ နိုင်ငံတော်အစိုးရမှ ကူညီအားပေးမှုများမှာ တစ်နိုင်ငံလုံး အတိုင်းအတာနှင့်သာရှိပြီး ချင်းပြည်နယ်အတွက် သီးသန့်အစီအစဉ်များမှာ ယခုထက်ပိုမိုလိုအပ်နေသေးသည်။ ထို့ကြောင့် ဟိုတယ်ပိုင်ရှင်နှင့် တည်းခိုခန်းပိုင်ရှင်များသည် ငွေကြေးလိုအပ်ချက်အရ လုပ်ငန်းတိုးချဲ့ရန် မစွမ်းနိုင်ကြပေ။

**ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၏ အခွင့်အလမ်းများ**

**ချင်းတောင်တန်းဒေသသည် တောင်တက်ဝါသနာရှင်များ၊ ဇီဝမျိုးကွဲ စိတ်ဝင်စားသူများနှင့် ငှက်ကြည့်ဝါသနာရှင်များအတွက် တန်ဖိုးရှိလှသည်။** မြေသားတောင်များထဲတွင် ချင်းပြည်နယ်ရှိ နတ်မတောင်သည် အာဆီယံ၌ အမြင့်ဆုံးဖြစ်သည်။ တိုင်းရင်းသားတို့၏ မတူကွဲပြားသော ဓလေ့ထုံးစံများလည်း ကြွယ်ဝသည်။ ဒေသန္တရအုပ်ချုပ်ရေးတို့၏ အကူအညီဖြင့် ထိုအချက်များကို အပြည့်အဝ အသုံးချနိုင်ပါက ချင်းပြည်နယ်၏ သဘာဝခရီးသွားလုပ်ငန်းအတွက် ကြီးမားသော အားသာချက်ဖြစ်လိမ့်မည်။ ခရီးသွားလုပ်ငန်းတိုးတက်ခြင်းသည် ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုနိုင်သည်။ ခရီးသွားလုပ်ငန်းကို ဖွံ့ဖြိုးစေခြင်းသည် ဒေသဖွံ့ဖြိုးရေးအား တကူးတက လုပ်ဆောင်ရခြင်းကို များစွာသက်သာစေသည်။ ပိုမိုမြန်ဆန်စေသည်။ ပြည်နယ်၏ ဆင်းရဲမှုနှုန်းကိုလည်း အထိုက်လျောက်ကျဆင်းစေရန် ထိရောက်စွာ အကူအညီဖြစ်စေပါသည်။

သဘာဝပတ်ဝန်းကျင်နှင့်ပတ်သက်၍ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးခြင်းသည် အမြင်နှစ်မျိုး ရှိလာသည်။ ခရီးသွားများကြောင့် ပတ်ဝန်းကျင် ပျက်ဆီးနိုင်သည် (ဝါ) ခရီးသွားများကြောင့် ပတ်ဝန်းကျင် ထိန်းသိမ်းရမှန်းသိလာနိုင်သည်။ ဤအချက်နှစ်ချက်ကား ဒေသန္တရအုပ်ချုပ်ရေး၏ စွမ်းဆောင်ရည်နှင့် မူဝါဒပေါ်တွင်သာ မူတည်လေသည်။ ငြင်းမရသည့် အချက်ကား ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာလျှင် အလုပ်အကိုင် အခွင့်အလမ်းပေါင်းများစွာ ပေါ်ပေါက်လာပြီး ဒေသခံများအတွက် အကျိုးပြုမည်ဖြစ်သည်။

**ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၏ ခြိမ်းခြောက်မှုများ**

**ကိုဗစ်ကပ်ရောဂါသည် အရှိန်အဟုန်ဖြင့်တိုးတက်နေသော ချင်းပြည်နယ်၏ ခရီးသွားကဏ္ဍအား ခြေထိုးခံလိုက်သကဲ့သို့ ဖြစ်စေခဲ့သည်။** လုပ်ငန်းကြီးများပင် အလူးအလဲ ခံစားနေရချိန်တွင် အသေးစားနှင့်အလတ်စား လုပ်ငန်းများအတွက်မူ ပြောဖွယ်ရာမရှိတော့ပေ။ ဒေသခံများ၏ စုပေါင်းအင်အားဖြင့် ရုန်းကန်နေရသော ချင်းပြည်နယ်အတွက်မူ ပို၍ အခက်အခဲဖြစ်စေသည်။ ကိုဗစ်ကာလအစပိုင်းတွင် ဟိုတယ်နှင့် တည်းခိုခန်းများအား ယာယီပိတ်သိမ်းစေသည့် ကန့်သတ်ချက်မြောက်မြားစွာတို့က အဘက်ဘက်မှ ထိခိုက်စေခဲ့သည်။ အဆိုပါ ကပ်ဘေးကြောင့် ဝင်ငွေလျော့နည်းလာခြင်းနှင့်အတူ ဒေသခံများအတွက် အလုပ်အကိုင်များ ရှားပါးလာသည်။ ခရီးသွားဧည့်သည်များ ပြန်လည်ဝင်ရောက်စေရန် အစိုးရမှ ဖြေလျှော့ပေးရမည့် လိုအပ်ချက်သာမက ဟိုတယ်များအနေဖြင့် ကိုဗစ်နှင့်ပူးတွဲနေထိုင်ရေး နည်းလမ်းများအား အကောင်အထည်ဖော်ရန် လိုအပ်နေပါသည်။ အဓိက စိန်ခေါ်မှုမှာ ကိုဗစ်ကပ်ရောဂါကာအတွက် စနစ်တကျကာကွယ်မှုများ ပြုလုပ်ထားသည့်တိုင် ခရီးသွားဧည့်သည်များ အမှန်တကယ် လာရောက်ရန် မသေချာသော အခြေအနေနှင့် ရင်ဆိုင်နေရသည်။ ထို့ကြောင့် လုပ်ငန်းတိုးချဲ့ရန် ဖြစ်စေ၊ တောင့်ခံနိုင်ရန်အတွက်ဖြစ်စေ ချေးငွေယူ၍ ရလျှင်ပင် ပြန်မဆပ်နိုင်မည် စိုးရိမ်သောကြောင့် ချေးငွေပါ မယူရဲသည့် အခြေအနေဟု မီးမောင်းထိုးပြရပေမည်။

**အကြံပြုချက်များ**

- ကိုဗစ်ကာလတွင် ချင်းပြည်နယ်ရှိ ခရီးသွားလုပ်ငန်းများ သင့်တင့်စွာ လည်ပတ်နိုင်မည့် အစီအစဉ်များ ချမှတ်ပေးရပါမည်။ သက်ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် ဝန်ဆောင်မှုသင်တန်းများကို ကိုဗစ်အခြေပြုအစီအစဉ်ဖြင့် ပို့ချပေးသင့်သည်။

- နိုင်ငံတော်အစိုးရအနေဖြင့် ပြည်နယ်အလိုက် ခရီးသွားကဏ္ဍတိုးတက်ရေး စီမံကိန်းများ၊ ပိုမိုကောင်းမွန်သော လမ်းပန်းဆက်သွယ်ရေးများ ဖော်ဆောင်သင့်ပါသည်။ ဤအချက်သည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုက်ရိုက်ဆက်စပ်နေပေသည်။

- CSOများ၊ ပညာရှင်များနှင့် အစိုးရအကြီးအကဲများ အင်တိုက်အားတိုက် ပူးပေါင်းကာ ချင်းပြည်နယ်အတွက် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန် ကြော်ငြာသင့်သည်။ ထိုမှတဆင့် ဧည့်သည်လာရောက်မှုနှုန်းကို ခန့်မှန်းကာ ဒေသခံ ဟိုတယ်နှင့် တည်းခိုခန်းပိုင်ရှင်များအား လုပ်ငန်းတိုးချဲ့နိုင်ရန် ချေးငွေများထုတ်ပေးခြင်းတို့ကို ပြုလုပ်သင့်သည်။



ဓါတ်ပုံ - Myanmar Business Today (2015, April 9)

# ၇။ ကရင်ပြည်နယ်

## ၇.၁။ ရာဘာလုပ်ငန်း

### နောက်ခံအကြောင်းအရာ

ကရင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အရှေ့တောင်ပိုင်းတွင်တည်ရှိပြီး ကရင်လူမျိုး အများစုနေထိုင်သောပြည်နယ်ဖြစ်သည်။ ပြည်နယ်၏ မြို့တော်မှာ ဘားအံမြို့ဖြစ်သည်။ စိုက်ပျိုးရေး၊ သစ်တောလုပ်ငန်းနှင့် ငါးဖမ်းလုပ်ငန်းများသည် ကရင်ပြည်နယ်၏ အဓိကစီးပွားရေးလုပ်ငန်းများ ဖြစ်သည်။ ၂၀၁၄ ခုနှစ် လူဦးရေစစ်တမ်းအရ ထိုလုပ်ငန်းများသည် ကော့ကရိတ်မြို့နယ်အတွင်းရှိ လူဦးရေ၏ ၅၀ ရာခိုင်နှုန်းကို အလုပ်ပေးအပ်ထားသည်။ ကရင်ပြည်နယ်သည် ရာဘာစိုက်ပျိုးရန် အသင့်တော်ဆုံးဖြစ်သော အပူပိုင်းမုတ်သုံရာသီဥတုကို ပိုင်ဆိုင်ထားသည်။ နိုင်ငံတော် ပို့ကုန်ဗျူဟာ (၂၀၁၅-၂၀၁၉) အရ ရာဘာမှိုင်းခံပြားများ တင်ပို့မှုသည် အလုံးစုံတင်ပို့မှု၏ ၁.၆ ရာခိုင်နှုန်းရှိသည်။ ထို့ကြောင့် ရာဘာစိုက်ခင်းများ၊ ရာဘာတင်ပို့မှုနှင့် ရာဘာအခြေခံထုတ်ကုန်များသည် မြန်မာ့စီးပွားရေး၏ အရေးပါသော အစိတ်အပိုင်းအဖြစ်တည်ရှိနေသည်။

**ဇယား (၇.၁.၁) - မြန်မာ့ရာဘာ တင်ပို့မှုပမာဏနှင့် တင်ပို့သည့်နိုင်ငံများ (၂၀၁၆-၂၀၁၇)။**

| တင်ပို့သည့်နိုင်ငံများ | ပြည်ပသို့ ရာဘာတင်ပို့မှု ပမာဏ (မက်ထရစ်တန်) |
|---|---:|
| ဗီယက်နမ် | ၁၂၀.၀၀ |
| မလေးရှား | ၂၄,၈၃၅.၀၀ |
| စင်ကာပူ | ၁၀,၉၆၉.၆၆ |
| ဂျပန် | ၅,၁၆၈.၀၆ |
| ဩစတြေးလျ | ၄၄၆.၀၀ |
| အိန္ဒိယ | ၆၉၈.၉၆ |
| ထိုင်း | ၅,၆၀၂.၄၅ |
| အင်ဒိုနီးရှား | ၈၁.၀၈ |
| ကိုရီးယား | ၁,၈၃၂.၀၄ |

| | |
|---|---|
| ပါကစ္စတန် | ၆၀.၀၀ |
| တရုတ် | ၈၈,၆၆၀.၀၀ |
| စုစုပေါင်း | ၁၃၈,၄၇၃.၂၅ |

*ရင်းမြစ်: စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ၂၀၁၈ ခုနှစ်။*

**ရာဘာလုပ်ငန်း၏ အားသာချက်များ**

**ရာဘာ၏ အဓိကအားသာချက်မှာ ၎င်းသည် ကမ္ဘာတစ်ဝှမ်းတွင် ရောင်းဝယ်ဖောက်ကားနေသော ကုန်စည်ဖြစ်၍ လေယာဉ်နှင့် မော်တော်ကားတာယာများ၊ အင်္ကျီများ၊ ဖိနပ်များနှင့် ဆေးပစ္စည်းကဲ့သို့ အခြေခံလူသုံးကုန်ပစ္စည်းများအတွက် လိုအပ်သော အခြေခံအစိတ်အပိုင်းတစ်ခု ဖြစ်သည်။** ရာဘာလုပ်ငန်းသည် အတိုင်းအတာတစ်ခုအထိ တည်ငြိမ်သော နိုင်ငံတကာဝယ်လိုအားကို ရရှိထားသည်။ ထို့ကြောင့် ကရင်ပြည်နယ်အတွင်း၌ ရာဘာပိုမိုစိုက်ပျိုးရန်နှင့် ရာဘာစက်ရုံများအား မှိုင်းခံပြားများပိုမို ထုတ်လုပ်ရန် အားပေးနေသည်။ စိုက်ပျိုးရေးဌာန၏ အဆိုအရ မြန်မာနိုင်ငံအတွင်းတွင် ၁၉၈၇-၁၉၈၈ ဘဏ္ဍာရေးနှစ်မှ ၁၉၉၄-၁၉၉၅ ဘဏ္ဍာရေးနှစ်အထိ၌ ရာဘာစိုက်ပျိုးမှုမှု ဧက ၂၀၀,၀၀၀ ဝန်းကျင်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဧက ၁,၆၀၀,၀၀၀ ကျော်အထိ တိုးတက်လာပါသည်။ ထို့အတူ ရာဘာထွက်ရှိမှုနှုန်းမှာလည်း ၁၉၈၇-၁၉၈၈ ဘဏ္ဍာရေးနှစ်မှ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အထိ တန်ချိန်ပေါင်း ၅၀,၀၀၀ ကျော်သာထွက်ရှိသော်လည်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တန်ချိန်ပေါင်း ၂၅၀,၀၀၀ ကျော် ထွက်ရှိလာခဲ့ပြီး နှစ်အလိုက် တိုးတက်လာကြောင်းသိရသည်။ ထို့အပြင် နိုင်ငံတကာမှ ဝယ်လိုအား အတိုင်းအတာတစ်ခုထိရှိခြင်းကြောင့် စိုက်ပျိုးသူများနှင့် စက်ရုံများကို ပို၍ထိထိရောက်ရောက် လုပ်ဆောင်နိုင်စေရန် ရာဘာဈေးသည် သင့်တော်သော ဈေးနှုန်းရှိခဲ့သည်။

**စကားမှတ်စု (၈)**

*"ကျနော်တို့က ပြည်တွင်းမှာ ရောင်းမရဘူး။ ပြည်ပပဲ ပို့ရတယ်။ ကျနော်တို့ အထူးသဖြင့် တာယာစက်ရုံလုပ်တဲ့သူတွေက အများဆုံးချိတ်ပြီး လုပ်ရတာပေါ့။ ကျနော်တို့ဆီကို ဂျပန်က project လာတာလည်း အဲ့လိုပါဘဲ။ Bridgestone က ရာဘာလာဝယ်ဖို့အတွက်ကို မြန်မာနိုင်ငံရဲ့ အခြေခံ ကိုလာကြည့်တာပါ။ ကျနော်တို့ဘက်က လိုအပ်ချက်တွေ သင်ပေးတယ်။ နည်းပညာတွေပေးပေးတယ်။ နည်းပညာတွေ ပေးပြီးတဲ့ နောက်မှာ သူတို့လိုချင်တဲ့ quality ရောက်ရင် ဝယ်ပြီဆိုတော့ သဘောမျိုးရောက်အောင် ပြင်ထားပါတယ်။"* - ကရင်ပြည်နယ်မှ ရာဘာစိုက်တောင်သူ။

ရာဘာလုပ်ငန်း၏ အလားအလာ ပိုမိုကောင်းမွန်လာသည်နှင့်အမျှ ကရင်ပြည်နယ်အတွင်းရှိ ရာဘာထုတ်လုပ်ရေးနှင့် ရာဘာပို့ကုန်လုပ်ငန်းများသည် အပြုသဘောဆောင်သော တိုးတက်မှုများကို မြင်တွေ့ခဲ့ရသည်။ ထို့ကြောင့် ကရင်ပြည်နယ်အတွင်းရှိ ရာဘာစိုက်ခင်း၊ စက်ရုံများနှင့် အခြားသော ရာဘာဆက်စပ်လုပ်ငန်းများသည် တဖြည်းဖြည်း လုပ်ငန်းချဲ့ထွင်မှုများ ရှိလာပြီး လုပ်သားများစွာ ခန့်အပ်လာနိုင်ခဲ့သည်။

ရာဘာလုပ်ငန်း၏ အခြားသော အားသာချက်မှာ ရာဘာပို့ကုန်လုပ်ငန်း လုပ်ကိုင်သူများနှင့် စက်ရုံများသည် စိုက်ပျိုးသူများအား ပို့ကုန်ကို ပိုမိုအလေးထားတတ်စေရန် တွန်းအားပေးနိုင်ခြင်း ဖြစ်ပါသည်။ ဤအချက်သည် ရာဘာပို့ကုန်လုပ်ငန်းရှင်များနှင့် စက်ရုံများအတွက် ပိုမိုကျယ်ပြန့်သော ဈေးကွက်ကို လက်လှမ်းမှီစေသည်။

**ရာဘာလုပ်ငန်း၏ အားနည်းချက်များ**

**ကရင်ပြည်နယ်အတွင်းရှိ ရာဘာလုပ်ငန်း၏ အသိသာဆုံး အားနည်းချက်မှာ ရာဘာစိုက်ပျိုးခြင်းနှင့် သဘာဝရာဘာကို ရာဘာမှိုင်းခံပြားများထုတ်လုပ်ခြင်းမှလွဲ၍ ကျန်ရှိသော နည်းပညာဖြင့် ထုတ်လုပ်သည့် လုပ်ငန်းစဉ်များကို ပြည်တွင်းတွင် မပြုလုပ်နိုင်ခြင်းဖြစ်သည်။** ရာဘာလုပ်ငန်းသည် ရာဘာအခြေခံပစ္စည်းများကို မထုတ်လုပ်နိုင်ပေ။ ရာဘာမှိုင်းခံပြားများကို တင်ပို့ခြင်းသည် ထုတ်လုပ်ရေးလုပ်ငန်းစဉ်၏ နောက်ဆုံးအဆင့် ဖြစ်၍မရပေ။ သဘာဝရာဘာကို တင်ပို့မည့်အစား ရာဘာကို အခြားပစ္စည်းများအဖြစ် တန်ဖိုးမြှင့် ပြောင်းလဲထုတ်လုပ်ခြင်းသည် ပို၍အကျိုးဖြစ်ထွန်းစေမည် ဖြစ်သည်။ သို့သော် ထိုသို့ပြုလုပ်ရန် ကရင်ပြည်နယ်တွင် အစိုးရအကူအညီ၊ နည်းပညာနှင့် ငွေကြေးအထောက်အပံ့များ အားနည်းနေသည်။ နိုင်ငံတကာမှ သဘောကျနှစ်ခြိုက်သော သဘာဝရာဘာထုတ်လုပ်နိုင်ရန် တောင်သူများသည် မျိုးကောင်းမျိုးမှန်များနှင့် နောက်ဆုံးပေါ်နည်းပညာများ လိုအပ်ပါသည်။ ကရင်ပြည်နယ်၏ လူ့စွမ်းအားအရင်းအမြစ်တွင် ရင်းနှီးမြှုပ်နှံမှု နည်းပါးခြင်းသည်လည်း အဆိုပါအခွင့်အရေးများကို လက်လှမ်းမီရန်အတွက် အားနည်းချက်တစ်ခုဖြစ်သည်။

**ကရင်ပြည်နယ်အတွင်းရှိ ရာဘာလုပ်ငန်းများအတွက် ချေးငွေနှင့် ထောက်ပံ့မှုများကဲ့သို့ အစိုးရအထောက်အပံ့သည် မရှိသလောက် နည်းပါးသည်။** ရာဘာသည် ကမ္ဘာတစ်ဝှမ်းတွင် ရောင်းဝယ်ဖောက်ကားနေသော ကုန်စည်ဖြစ်သည့်အတွက် ရာဘာလုပ်ငန်းများသည် နိုင်ငံတကာနှင့် အဆက်အသွယ်ရှိရန်မှာ အလွန်အရေးကြီးသည်။ နိုင်ငံတကာနှင့် အဆက်အသွယ်ရှိခြင်းဆိုသည်မှာ ပြည်ပဈေးကွက်များနှင့် ဝယ်လိုအား ပိုမိုရှိခြင်းကို ဆိုလိုသည်။ သို့သော် ယခုလက်ရှိတွင် ရာဘာလုပ်ငန်းသည် ဝယ်လိုအားမရေရာခြင်းနှင့် ကြုံတွေ့နေရသည်။

**နောက်ထပ်အားနည်းချက်တစ်ခုမှာ တရုတ်နိုင်ငံ၏ လွှမ်းမိုးမှုဖြစ်သည်။** တရုတ်နိုင်ငံသည် မြန်မာ့ရာဘာကို အများဆုံးဝယ်ယူထားပြီး အရည်အသွေးညံ့ဖျင်းသော သဘာဝရာဘာကို ဈေးနှိမ်၍ ဝယ်ယူလေ့ရှိသည့် အနည်းအကျဉ်းသောနိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်သည်။ ရာဘာလုပ်ငန်းသည် ရောင်းတန်းဝင် အရည်အသွေးရှိသည့် ရာဘာကုန်စည်အဖြစ် မမြှင့်တင်နိုင်ပါက ရေရှည်တွင်လည်း တရုတ်နိုင်ငံအပေါ် အလွန်အမင်းမှီခိုအားထားရမည့် ပြဿနာရှိလာနိုင်သည်။

**စကားမှတ်စု (၉)**

*"ဈေးကွက်ကတော့ ကိုယ်တွေနိုင်ငံရဲ့ ဈေးကွက်က တရုတ်ကို အားကိုးရတယ်။ ဘယ် product မဆို တရုတ်ကို အားကိုးရတယ်။ တရုတ်က ပိုက်ဆံချပေးတယ်။ ဝဥ လုပ်ငန်းဆိုလည်း တရုတ်ကဘဲ ပိုက်ဆံချပေးတယ်။ ရာဘာ လုပ်ငန်းဆိုလည်း တရုတ်ကပဲ ပိုက်ဆံချပေးတယ်။"* - ကရင်ပြည်နယ်မှ ရာဘာစိုက်တောင်သူ။

## ရာဘာလုပ်ငန်း၏ အခွင့်အလမ်းများ

**ကရင်ပြည်နယ်အတွင်းရှိ စိုက်ခင်းများနှင့် စက်ရုံများက ရာဘာအား အရည်အသွေးရှိသည့် ထုတ်ကုန်အဖြစ်ပြောင်းလဲနိုင်ပါက ရေရှည်အတွက် တွက်ခြေကိုက်နိုင်သည့် အခွင့်အလမ်းရှိသော ကုန်စည်တစ်ခုဖြစ်ပါသည်။** ထို့ကြောင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs) သည် ရာဘာစိုက်ခင်းများနှင့် စက်ရုံများအား အရေးကြီးသော နည်းပညာအထောက်အပံ့များကို ပေးအပ်လျက်ရှိသည်။ ၎င်းတို့သည် ရာဘာကဏ္ဍ တိုးတက်စေခြင်း၊ တင်ပို့မှုကို ဦးတည်စေခြင်း၊ လုပ်ငန်းရေရှည်တည်တံ့အောင် လုပ်ဆောင်ခြင်းကဲ့သို့သော သိသင့်သိထိုက်သည့် လုပ်ငန်းဆိုင်ရာ အသိအမြင်များကို ပံ့ပိုးမှုများ ပြုလုပ်ပေးပါသည်။

**စကားမှတ်စု (၁၀)**

*"ဥပမာ ဂျပန် NIKKI ဂျပန်စီးပွားရေးနဲ့ ကုန်သွယ်ရေးဌာနကနေပြီးတော့ ရာဘာကဏ္ဍကို ဘယ်လို တိုးတက်အောင်လုပ်ရမလဲ၊ ပရောဂျက်အတွက် သူတို့ expert တွေက ဒီမှာ လာပြီးသင်တန်း ပို့ချပေးတာတို့။ စီးပွားရေးတွေ လုပ်ပေးတယ်။ workshop တွေ လုပ်ပေးတယ်။ WWF တို့ ဘာတို့ဆိုရင် SSR နဲ့ ပတ်သက်တဲ့ ကိစ္စတွေဆိုရင် သူတို့ဘက်က လိုက်ပြီးတော့ လုပ်ပေးတာမျိုးတွေရှိတယ်။ အဲ့လိုမျိုးတော့ လုပ်ပေးတယ်။ ကျနော်တို့ကို ငွေကြေးတွေ ဘာတွေပေး၊ အဲ့လိုမျိုးတော့ မဟုတ်ဘူးဗျ။ သူက နည်းပညာပိုင်းဆိုင်ရာ အဲ့တာလေးတွေ ကျနော်တို့ကို လုပ်ပေးတာပါ။"* - ကရင်ပြည်နယ်မှ ရာဘာစိုက်တောင်သူ။

**ရာဘာလုပ်ငန်း၏ အားသာချက်မှာ ၎င်းအား မည်သည့်နေရာတွင် စိုက်ပျိုးလိုက်သည်ဖြစ်စေ အရိပ်နှင့် သစ်တောကို ဖန်တီးပေးသဖြင့် သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုအပေါ် ကောင်းကျိုးများ ရှိသည်။** လယ်သမားများသည် မြေနေရာ ပိုမိုအသုံးတည့်စေရန် ရာဘာပင်များကြားတွင် ဝဥနှင့် မန်ဂျပ်ရှားပင်များ (မလေးရှားပိတောက်) စိုက်ပျိုးခြင်းကဲ့သို့သော ထပ်ဆောင်းစိုက်ပျိုးရေး နည်းစနစ်များကို စမ်းသပ်စိုက်ပျိုးနိုင်ပြီး ၎င်းတို့သည် တောင်သူများအား အပိုဝင်ငွေ ရရှိလာစေမည်ဖြစ်သည်။ ရာဘာစိုက်ခင်းများသို့ သဘာဝခရီးသွား လုပ်ငန်းများကိုပါ တွဲဖက်လုပ်ကိုင်နိုင်မည်ဆိုပါက ဝင်ငွေပိုမို တိုးတက်လာနိုင်သည့် အခွင့်အရေးရှိပါသည်။

**ရာဘာသည် ကမ္ဘာတစ်ဝှမ်းတွင် ရောင်းဝယ်ဖောက်ကားနေသော ကုန်စည်ဖြစ်၍ ပို့ကုန်ဈေးကွက်တွင် အခွင့်အလမ်းများစွာရှိသည်။** ကရင်ပြည်နယ်ရှိ ရာဘာလုပ်ငန်းများသည် ရာဘာအခြေခံ ကုန်ပစ္စည်းများကို မထုတ်လုပ်နိုင်သေးသော်လည်း သဘာဝရာဘာကို တင်ပို့နိုင်သေးသည်။

**ရာဘာလုပ်ငန်း၏ ခြိမ်းခြောက်မှုများ**

**လက်ရှိတွင် ရာဘာများ၏ အရည်အသွေးကြောင့် အမြတ်ရရှိမှု အလွန်နည်းပါးခြင်းသည် ကရင်ပြည်နယ်၏ ရာဘာလုပ်ငန်းများကို ခြိမ်းခြောက်နေသည်။** ရာဘာထွက်ကုန်များ အမြတ်နည်းပါးရသည့် ပထမအကြောင်းအရင်းမှာ မြန်မာပြည်တွင် ထုတ်လုပ်သော သဘာဝရာဘာ၏ သာမန်အရည်အသွေးကြောင့်ဖြစ်သည်။ နိုင်ငံတကာမှ ဝယ်လက်များသည် မြန်မာ့သဘာဝရာဘာ၏ ရွက်ကြမ်းရေကျို အရည်အသွေးကြောင့် ဈေးတိုးမြှင့်မပေးနိုင်ပေ။ ဒုတိယအကြောင်းအရင်းမှာ သဘာဝရာဘာမှတစ်ဆင့် ရာဘာအခြေခံသောပစ္စည်းများ မထုတ်လုပ်နိုင်သောကြောင့် ဖြစ်ပါသည်။

ကရင်ပြည်နယ်အတွင်းရှိ ရာဘာလုပ်ငန်းများသည် ကုန်ကြမ်းအဆင့် ရာဘာမှိုင်းခံပြားများကိုသာ ထုတ်လုပ်၍ တင်ပို့နိုင်သည်။

> **စကားမှတ်စု (၁၁)**
>
> *"ရာဘာလုပ်ငန်းသည် ၅ နှစ်လောက်ရှိပြီ၊ သူ့အောက်ကို ရောက်နေတာ။ ဟိုအရင်တုန်းက ဈေးဆို ၁၄၀၀၊ ၁၅၀၀ ကျပ် ရှိတယ် ညီမရယ်။ အခုကတော့ ရာဘာကတော့ ၆၀၀၊ ၇၀၀၊ ၅၀၀ ကျပ်။ သည်ထဲမှာတင် သူက လည်ပတ်နေတယ်။ အဲ့တာကြောင့် ရာဘာလုပ်ငန်း ဦးမော့နိုင်စရာအကြောင်း မရှိဘူးလို့ ထင်တာပေါ့လေ။ အကယ်၍ ကိုယ်ခုနကပြောသလို စက်ရုံတွေ လာတည်ပေးမယ် ဆိုရင်တော့ ရာဘာဈေးက ဥပမာ ၆၀၀ ကျပ် ကနေ ၈၀၀၊ ၉၀၀ ကျပ် လောက်ထိ ဖြစ်နိုင်မယ်။"* - ကရင်ပြည်နယ်မှ ရာဘာစိုက်တောင်သူ။

**ကိုဗစ်-၁၉ ကပ်ရောဂါသည်လည်း ကရင်ပြည်နယ်၏ ရာဘာလုပ်ငန်းအတွက် ပြင်းထန်သော ခြိမ်းခြောက်မှုများထဲမှ တစ်ခုဖြစ်သည်။** ကမ္ဘာတစ်ဝှမ်း ကုန်စည်ကွင်းဆက် ရပ်တန့်လုနီးပါး ဖြစ်လာသည်နှင့်အမျှ ရာဘာအတွက် နိုင်ငံတကာဝယ်လိုအားမှာ ထိုးကျသွားခဲ့သည်။ ထို့ကြောင့် ရာဘာရောင်းလိုအား ပိုလျှံလာပြီး ဈေးနှုန်းမှာ ကျဆင်းလာခဲ့သည်။ စိုက်ခင်းများနှင့် စက်ရုံများသည် ၎င်းတို့၏ လုပ်သားများကို ဆက်လက်၍ အလုပ်ခန့်အပ်နိုင်ခြင်း မရှိတော့ပဲ ရာဘာလုပ်ငန်းများမှ ကျွမ်းကျင်လုပ်သားများသည် အခြားစီးပွားရေးလုပ်ငန်းများသို့ ကူးပြောင်းသွားရသည်။ ကုန်စည်ကူးသန်းရောင်းဝယ်ရေး လမ်းကြောင်းများသည်လည်း ကိုဗစ်-၁၉ ကြောင့် ပိုမို၍ ကန့်သတ်ခြင်းကိုခံနေရသည်။ ကိုဗစ်-၁၉ ရောဂါ၏ သက်ရောက်မှုများကြောင့် ကရင်ပြည်နယ်ရှိ ရာဘာလုပ်ငန်းများသည် ပိုမို၍ ထိခိုက်လွယ်လာသည်။

**အကြံပြုချက်များ**

- အစိုးရသည် ရာဘာတင်ပို့မှုကို မြှင့်တင်ရန် ပြည်ပဈေးကွက်များကို ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်း၍ ဖန်တီးပေးသင့်သည်။
- နိုင်ငံတော်အစိုးရမှ NGOs များနှင့် ပူးပေါင်းပါဝင်၍ ရာဘာစိုက်ခင်းများနှင့် စက်ရုံများကို နည်းပညာနှင့် ငွေကြေးအကူအညီများ ပေးအပ်သင့်သည်။
- အစိုးရမှ အများပိုင်နှင့် ပုဂ္ဂလိကလုပ်ငန်းများကို ပြည်တွင်းတွင် ရာဘာအခြေခံ ကုန်ပစ္စည်းများကို ထုတ်လုပ်နိုင်ရန် အားပေး၍ နည်းပညာနှင့် ချေးငွေများကို ပံ့ပိုးပေးသင့်သည်။



ဓါတ်ပုံ - ဧယျာဖြိမ်း (2019, December 16)

# ၈။ မွန်ပြည်နယ်

## ၈.၁။ ရာဘာလုပ်ငန်း

### နောက်ခံအကြောင်းအရာ

မွန်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အရှေ့တောင်ဘက်ခြမ်းတွင်ရှိပြီး အရှေ့ဘက်တွင် ကရင်ပြည်နယ်၊ အနောက်ဘက်တွင် မုတ္တမပင်လယ်ကွေ့၊ တောင်ဘက်တွင် တနင်္သာရီတိုင်းဒေသကြီး၊ မြောက်ဘက်တွင် ပဲခူးတိုင်းဒေသကြီးတို့နှင့် ထိစပ်လျက် တည်ရှိပါသည်။ ပြည်နယ်၏ အဓိက စီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၊ ဥယျာဉ်ခြံမြေလုပ်ငန်းနှင့် ရေလုပ်ငန်းတို့ဖြစ်သည်။ ယခုလေ့လာမှုတွင်ပါဝင်သည့် ရာဘာလုပ်ငန်းသည် မွန်ပြည်နယ်၏ အဓိကစိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး ပြည်နယ်၏ မြေဧက ငါးသိန်းခန့်တွင် ရာဘာများ စိုက်ပျိုးကြသည်။ မြန်မာနိုင်ငံတွင် ရာဘာ အများဆုံးစိုက်ပျိုးသည့် ပြည်နယ်ဖြစ်သည့်အလျောက် တစ်နှစ်လျှင် တန်ချိန်ပေါင်း ၁၀၀,၀၀၀ ကျော်ကို စိုက်ပျိုးထုတ်လုပ်နိုင်သည်။ သို့ဖြစ်ပါ၍ မွန်ပြည်နယ်ရှိ ရာဘာလုပ်ငန်းများ၏ အားသာချက်များ၊ အားနည်းချက်များ၊ အခွင့်အလမ်းများနှင့် ခြိမ်းခြောက်မှုများကို ဤသုတေသနမှ SWOT ဆန်းစစ်နည်းဖြင့် လေ့လာထားပါသည်။

### ရာဘာလုပ်ငန်း၏ အားသာချက်များ

**ရာဘာသည် ပြည်တွင်းဈေးကွက်သာမက နိုင်ငံခြားဈေးကွက်များသို့ပါ တင်ပို့ရောင်းချသည့် အရေးပါသော စက်မှုကုန်ကြမ်းတစ်ခု ဖြစ်သည်။** ၉၀ ရာခိုင်နှုန်းသော မြန်မာ့ရာဘာများကို တရုတ်နိုင်ငံသို့ တင်ပို့၍ ကျန်ရာခိုင်နှုန်းများကို ထိုင်း၊ မလေးရှားနှင့် ဂျပန်နိုင်ငံများသို့လည်း အသီးသီး တင်ပို့ရောင်းချကြသည်။ ပြည်တွင်းဈေးကွက်တွင်မူ များသောအားဖြင့် မန္တလေးရှိ ဖိနပ်လုပ်ငန်းများက ကုန်ကြမ်းအနေဖြင့် ဝယ်ယူကြသည်။

ရာဘာပင်၏ အားသာချက်သည် အပင်တစ်ပင်လုံး အသုံးဝင်သည့်အပင်မျိုး ဖြစ်သည်။ အပင်ပျိုအချိန်တွင် အစေးကိုထုတ်ယူနိုင်သလို အပင်အိုချိန်တွင် သစ်အဖြစ် အသုံးပြုနိုင်ပြီး သစ်နှင့် သစ်ခွဲသားအနေဖြင့်သော်လည်းကောင်း၊ စားပွဲနှင့် ကုလားထိုင်ကဲ့သို့သော လူသုံးကုန် ပရိဘောဂများအနေဖြင့်လည်းကောင်း ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်သည်။ ထို့အပြင် ရာဘာ၏ အစေးများသည် အထားခံပြီး ဈေးအတက်အကျပေါ်မူတည်၍ ရာဘာကို ထုတ်ရောင်းနိုင်သည်။

**စကားမှတ်စု (၁၂)**

*"ရာဘာက အစေးခြစ်ပြီးရင် ကုမ္ပဏီကိုမဟုတ်ဘူးလေ၊ ပုဂ္ဂလိကက လိုက်ဝယ်တာတွေရှိတယ်လေ၊ အဲ့တာကိုရောင်းတာပေါ့။ တချို့ဖိနပ်လိုင်းဆိုရင် မန္တလေးပို့တာမျိုးရှိတယ်၊ တရုတ်ပြည်ဘက်သွားတာမျိုးတွေရှိတယ်၊ အဲ့လိုမျိုးတွေပေါ့။"* - မွန်ပြည်နယ်မှ ရာဘာစိုက်တောင်သူ။

**ရာဘာလုပ်ငန်း၏ အားနည်းချက်များ**

**မြန်မာ့ရာဘာများသည် သစ်အရည်အသွေးကောင်းသော်လည်း ထုတ်ယူမှုနည်းစနစ်နှင့် နည်းပညာပိုင်းဆိုင်ရာ အားနည်းခြင်းတို့ကြောင့် နိုင်ငံတကာအဆင့်မီသည့် ရာဘာပြားများကို ထုတ်လုပ်နိုင်ခြင်း မရှိပေ။** ထို့ကြောင့် ပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချနေသော်လည်း ဈေးကောင်းမရပဲ ဈေးနှိမ်ခံရမှုများနှင့်သာ ရင်ဆိုင်ရသဖြင့် အရည်အသွေးနိမ့်ကုန်စည်ကို ဝယ်ယူသည့် တရုတ်ဈေးကွက်ကို အဓိက မှီခိုနေရသည်။ တရုတ်ဈေးကွက်ကိုသာ မှီခိုနေရခြင်းကြောင့် တရုတ်ဘက်မှ ဝယ်လိုအား ကျဆင်းလာသောအခါ ရာဘာဈေးကျခြင်းများကို ကြုံတွေ့ရပြန်သည်။ ပြည်တွင်းဈေးကွက်တွင်မူ ဖိနပ်လုပ်ငန်းများ၏ ဝယ်လိုအားကို အများစုမှီခိုနေရပြီး ရာဘာနှင့်ပတ်သက်သော စက်ရုံများ များများစားစားမရှိခြင်းကလည်း ရာဘာလုပ်ငန်း၏ အားနည်းချက်တစ်ခုဖြစ်နေသည်။ ထို့ပြင် မွန်ပြည်နယ် ရာဘာစိုက်ပျိုးသူများ အသင်းသည် နိုင်ငံခြားမှ ရာဘာအဝယ်တော် ကုမ္ပဏီများကို ခေါ်သွင်းခဲ့သော်လည်း အရည်အသွေးမကောင်းသောကြောင့် အရောင်းအဝယ်မတည့်သည့် အခြေအနေများလည်း ရှိခဲ့သည်။

**စကားမှတ်စု (၁၃)**

*"သူတို့က ဂျပန်ကုမ္ပဏီတွေခေါ်လာလိုက်၊ မလေးကုမ္ပဏီတွေခေါ်လာလိုက်၊ နောက်ဆွေးနွေးတော့ ဒီကနဲ့ အဆင်မပြေဘူးလေ။ ရာဘာအရည်အသွေးကလည်းနိမ့်နေတယ်၊ သူတို့လိုချင်တဲ့ပုံလည်း ကိုယ်ကမလုပ်ပေးနိုင်ဘူး။ ရာဘာအရည်အသွေးက ယိုးဒယားကိုလိုက်မမှီဘူးလေ။"* - မွန်ပြည်နယ်မှ ရာဘာစိုက်တောင်သူ။

**စကားမှတ်စု (၁၄)**

*"တရုတ်ကျတော့ ဈေးနှိမ်တယ်၊ ဒီအရည်အသွေးကို သူတို့ကသိပ်မကြည့်ဘူး။ ယိုးဒယားကျတော့ အရည်အသွေးကို သူတို့ကြည့်တယ်လေ။ သူတို့ရာဘာပြားတွေဆို လှနေရောဘဲ။ ညီပြီးအမှိုက်တွေက ရှင်းနေရော၊ ဒီက (မြန်မာ) လူက အဲလောက်မလုပ်နိုင်ဘူး။"* - မွန်ပြည်နယ်မှ ရာဘာစိုက်တောင်သူ။

**အရည်အသွေးကောင်းသည့် ရာဘာများမထုတ်လုပ်နိုင်သည့်အပြင် အလုပ်သမားငှားရမ်းရန် မတတ်နိုင်ခြင်း၊ အမြတ်ရရှိမှုနည်းခြင်း ပြဿနာများကိုလည်း ကြုံတွေ့လျက်ရှိသည်။** ယခင် ၂၀၁၁- ၂၀၁၂ ခုနှစ်ဝန်းကျင်တွင် ရာဘာအစေးပြားဈေးသည် ကျပ် ၁,၂၀၀ မှ ၁,၅၀၀ ကျော်ဝန်းကျင်ထိ ရှိခဲ့ပြီး ၂၀၁၄ ခုနှစ်နောက်ပိုင်းမှစ၍ အစေးပြားဈေးသည် ကျပ် ၇၀၀ မှ ၆၀၀ အထိ ဈေးနှုန်းထိုးကျလာသည်ကို တွေ့ရသည်။ ထို့ကြောင့် တစ်ပိုင်တစ်နိုင် ရာဘာလုပ်ငန်းရှင်များအနေဖြင့် အလုပ်သမားငှား၍ လုပ်ကိုင်ရန် တွက်ခြေမကိုက်၊ အရှုံးပေါ်နေသည်ကို တွေ့ရသည်။ ကျွမ်းကျင်လုပ်သားများရရှိရန် ခက်ခဲသည့်အပြင် ရာဘာပင်များ အပင်အိုလာခြင်းတို့ကြောင့် အစေးထွက်နှုန်း နည်းခြင်းနှင့်လည်း ကြုံတွေ့နေကြရသည်။

**စကားမှတ်စု (၁၅)**

*"အခြေအနေကလေ မကောင်းဘူး။ ရာဘာလုပ်ရတာ သိတဲ့အတိုင်း သမီး၊ ကိုယ်လုပ်ရင်တော့ ကိုယ်စားဖို့ကျန်တာပေါ့နော်။ အလုပ်သမားနဲ့လုပ်ရင်တော့ မတန်ဘူး။ အလုပ်သမားယူသွားတာနဲ့ပဲ ကုန်သွားတာပေါ့နော်။ အခုဆိုလည်း ဈေးနှုန်းကလည်း မကိုက်ဘူးဆိုတော့ လုံးဝအဆင်မပြေဘူး။"* - မွန်ပြည်နယ်မှ အမျိုးသမီးရာဘာစိုက်တောင်သူ။

**စကားမှတ်စု (၁၆)**

*"အစေးကတော့ လျော့လာတာပဲ၊ ပေါင်တွေကလျော့လျော့လာတယ်၊ နှစ်ကြာလာတော့ လျော့လာတာပေါ့။ နောက်တစ်ခုက ဘာလဲဆိုတော့ အလုပ်သမား ပြဿနာပေါ့။ အစေးလည်းမကောင်း၊ အခု ဒီဘက်ခြမ်းက အလုပ်သမား တော်တော်ရှားရခက်တယ်။"* - မွန်ပြည်နယ်မှ ရာဘာစိုက်တောင်သူ။

**ရာဘာလုပ်ငန်း၏ အခွင့်အလမ်းများ**

**မွန်ပြည်နယ်ရှိ ရာဘာလုပ်ငန်းများအတွက် CSO များမှ နည်းပညာပိုင်းဆိုင်ရာ အထောက်အပံ့များအပြင် နိုင်ငံခြားကုမ္ပဏီများနှင့် ချိတ်ဆက်ပေးမှုများ လုပ်ဆောင်လာပြီး အစိုးရမှ ရာဘာစိုက်ပျိုးသည့် တောင်သူများအား ချေးငွေထောက်ပံ့ပေးမှုများ ပြုလုပ်နေသည်ကို တွေ့ရပါသည်။** ထိုသို့ အစိုးရအဖွဲ့နှင့် CSO များ၏ ရာဘာလုပ်ငန်းအပေါ် ထောက်ပံ့မှုများ ပြုလုပ်လာခြင်းက ရာဘာစိုက်တောင်သူများအတွက်သာမက ရာဘာလုပ်ငန်းရှင်များအတွက် အရည်အသွေးမြင့်သည့် ရာဘာများ ထုတ်လုပ်လာနိုင်ခြင်းနှင့် နိုင်ငံတကာဈေးကွက်ထိုးလာနိုင်ခြင်း စသည့် အခွင့်အလမ်းကောင်းများ ပေါ်ပေါက်လာနိုင်ပါသည်။

**ရာဘာလုပ်ငန်း၏ ခြိမ်းခြောက်မှုများ**

**မြန်မာ့ရာဘာလုပ်ငန်း၏ အဓိကခြိမ်းခြောက်မှုမှာ ဈေးကွက်ပြိုင်ဆိုင်မှု များပြားလာခြင်းက နိုင်ငံတကာဈေးကွက်တွင် ဝင်ရောက်ယှဉ်ပြိုင်ရန် အခက်အခဲများကို ဖန်တီးလာခြင်းပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မြန်မာ့ရာဘာသည် ထိုင်း၊ မလေးရှား၊ ဗီယက်နမ်၊ အင်ဒိုနီးရှားနှင့် လာအိုတို့၏ ရာဘာများထက်ပင် အရည်အသွေးနိမ့်ကျခြင်းကြောင့် ဖြစ်သည်။** မြန်မာ့ရာဘာကို စင်ကာပူနိုင်ငံသို့ တင်ပို့ဖူးသော်လည်း နောက်ပိုင်းတွင် ရပ်တန့်ခဲ့ရသကဲ့သို့ ဂျပန်နိုင်ငံမှ မြန်မာ့ရာဘာကို ဝယ်ယူချင်သော်လည်း အရည်အသွေးနိမ့်ကျမှုကြောင့် တင်ပို့ရန် အဆင်မပြေသည့်အခြေအနေများအား တွေ့ရှိရပါသည်။ နည်းပညာပိုင်းဆိုင်ရာနှင့် ရာဘာစေး ထုတ်ယူမှုနည်းစနစ် အားနည်းနေခြင်းကလည်း အရည်အသွေးမီသော ရာဘာများ ထုတ်လုပ်ရန်အတွက် အခက်အခဲအတားအဆီး တစ်ခုဖြစ်နေဟု သုံးသပ်နိုင်ပါသည်။

**စကားမှတ်စု (၁၇)**

*"ဟိုဘက်ကလည်း သိပ်မဝယ်လို့လား မသိဘူးပေါ့။ အစေးဈေးက ပြီးခဲ့နှစ်ကစဖွင့်တာပေါ့နော်၊ ၈၀၀။ ကျွန်တော်ထင်တယ် တက်မယ်ထင်တာ၊ မတက်ဘူး။ အစေးဈေးက ကျကျကျကျလာတော့ သူတို့လည်းပြိုင်ပြီးတော့ မဝယ်ကြလောက်ဘူးလို့ ထင်တယ်ပေါ့နော်။ ဒီနယ်က အဓိက အားကိုးတာက ရာဘာပဲလေ။ အထွက်များတော့ သူတို့ပြိုင်တော့လည်း လိုက်မဝယ်ဘူး။"* - မွန်ပြည်နယ်မှ ရာဘာစိုက်တောင်သူ။

**ကိုဗစ်ကပ်ရောဂါသည် မြန်မာ့ရာဘာလုပ်ငန်း၏ နောက်ထပ်အတားအစီးတစ်ခု ဖြစ်လာသည်ကို တွေ့ရသည်။** ကပ်ရောဂါကြောင့် လမ်းပန်းဆက်သွယ်ရေး ပိတ်ဆို့မှုများက ပြည်ပသို့

ရာဘာတင်ပို့ရောင်းချရာတွင် အခက်အခဲများ ဖြစ်ပေါ်စေသည်။ ရာဘာစေးဈေးများ လျော့ကျလာသည်။ ယခင်က အဆင့် ၃ ရှိသော ရာဘာချပ်တစ်ပေါင်လျှင် ၆၅၀ မှ ၇၀၀ ကျပ်နှင့် အဆင့် ၅ ရှိသော ရာဘာချပ်တစ်ပေါင်လျှင် ၅၀၀ မှ ၅၅၀ ကျပ်အတွင်း ရှိခဲ့သော်လည်း ယခုအခါတွင်မူ အဆင့် ၃ ရှိသော ရာဘာချပ်တစ်ပေါင်လျှင် ၄၅၀ ကျပ် နှင့် အဆင့် ၅ ရှိသော ရာဘာချပ်တစ်ပေါင်လျှင် ၃၅၀ မှ ၃၀၀ ကျပ် ဝန်းကျင်အထိ ထိုးကျသွားခဲ့ပါသည်။ ရာဘာဈေးကျလာမှုများကြောင့် တစ်ပိုင်တစ်နိုင် ရာဘာလုပ်ငန်းရှင်များအနေဖြင့် အလုပ်သမားများ ငှားရမ်းပြီးလုပ်ကိုင်လျှင် အရှုံးပေါ်နေသည့် အခြေအနေများနှင့် ကြုံတွေ့နေကြရသည်။ တစ်ချို့သောရာဘာခြံများမှာ လုပ်ငန်းကိုပင် ရပ်နားလိုက်ရသည့် အခြေအနေများ ရှိနေပေသည်။

**စကားမှတ်စု (၁၈)**

*"ရှိတာပေါ့။ ပထမတစ်ချက်က ဘာလဲဆိုတော့၊ ဥပမာ - ဈေးကွက်က ကျွန်တော့်အထင် တရုတ်ပဲပို့တယ်လေ၊ တရုတ်ကိုပို့တော့ အခုကားတွေဘာတွေ အဝင်အထွက်မရှိဘူးဆိုတော့ တချို့ ဝယ်ကိုမဝယ်တော့ဘူး။ တချို့ကဝယ်တော့လည်း ဈေးနှိမ်ပြီးတော့ ဝယ်တယ်လေ။ မစေးတဲ့သူက ခြံတွေဘာတွေ ပိတ်လိုက်ရတာမျိုးလည်း ရှိတယ်။ တချို့တွေဆို ရာဘာခြံတွေကို ရောင်းစားလိုက်တာပေါ့လေ။ မော်လမြိုင်-မုဒုံ လမ်းတစ်လျှောက်မှာဆို ကစားကွင်းတွေဖြစ်ကုန်ပြီ။ တချို့ဆို ဆီဆိုင်တွေ အဲ့လိုတွေဖြစ်ကုန်တယ်ပေါ့။"* - မွန်ပြည်နယ်မှ ရာဘာစိုက်တောင်သူ။

ထို့ကြောင့် ဈေးကွက်ပြိုင်ဆိုင်မှုများခြင်း၊ နည်းပညာဆိုင်ရာ အထောက်အပံ့အားနည်းခြင်းနှင့် ကိုဗစ်ကပ်ရောဂါကြောင့် ရာဘာဈေးနှုန်းများကျလာခြင်းတို့သည် ရာဘာလုပ်ငန်းအပေါ် အဓိကခြိမ်းခြောက်နေသည်ကို တွေ့ရှိရသည်။

## အကြံပြုချက်များ

- နိုင်ငံတကာ အရည်အသွေးမီသော ရာဘာများထုတ်လုပ်နိုင်ရန်အတွက် အဓိကလိုအပ်သော သွင်းအားစုဖြစ်သည့် နည်းပညာပိုင်းဆိုင်ရာ အထောက်အပံ့နှင့် ထုတ်ယူမှုနည်းစနစ်ကို CSO များနှင့် အစိုးရအဖွဲ့အစည်းများမှ ထောက်ပံ့ပေးရန် လိုအပ်သည်။
- အရည်အသွေးမီသော ရာဘာများထုတ်လုပ်နိုင်ရန်အတွက် အစိုးရ သို့မဟုတ် CSO များအနေဖြင့် အဆင့်မြင့် ရာဘာဓာတ်ခွဲခန်းများကို မွန်ပြည်နယ်တစ်ဝိုက်တွင်လည်းကောင်း မြန်မာနိုင်ငံအနှံ့ရှိ ရာဘာစိုက်ပျိုးသည့် ဒေသများတွင်လည်းကောင်း ပိုမိုဖြန့်ကျက်ထားရှိနိုင်ရန် လိုအပ်ပါသည်။

- ရာဘာလုပ်ငန်းအား ပြည်တွင်း၌ ပိုမိုမြှင့်တင်ရန် လိုအပ်ပါသည်။ ဥပမာ - ရာဘာနှင့်ပတ်သက်သည့် (တာယာစက်ရုံကဲ့သို့သော) စက်ရုံများ ပြည်တွင်း၌ ပိုမိုတည်ရှိလာစေရန် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ခေါ်ယူခြင်း တိုးမြင့်သင့်သည်။
- ရာဘာလုပ်ငန်းများသည် ရာသီဥတုကောင်းမွန်သောဒေသများတွင် တည်ရှိသည့်အတွက် ပြည်တွင်း၊ ပြည်ပ ခရီးသွားလုပ်ငန်းများနှင့် ပူးပေါင်း၍ သစ်တောခရီးသွားပုံစံမျိုး ဆွဲဆောင်မည်ဆိုပါက အဆိုပါလုပ်ငန်းများ၏ ဝင်ငွေတိုးလာနိုင်ပေသည်။



ဓါတ်ပုံ - Sai Nun Khay (n.d.)

# ၉။ ရှမ်းပြည်နယ်

ရှမ်းပြည်နယ်သည် မြန်မာနိုင်ငံ၏ အရှေ့မြောက်ပိုင်းတွင်တည်ရှိသည်။ ရှမ်းပြည်နယ်တွင် ရှမ်းတိုင်းရင်းသား အများစုနေထိုင်ကြသည်။ အကျယ်အဝန်းအားဖြင့် စတုရန်းကီလိုမီတာ တစ်သိန်းငါးသောင်းကျော်ရှိသည်။ ရှမ်းပြည်နယ်သည် စိုက်ပျိုးရေးကဏ္ဍတွင် ဆန်စပါး၊ ပြောင်းဖူး၊ ပဲပုပ်၊ အာလူး၊ ကြံ၊ လက်ဖက်၊ ကော်ဖီ၊ သရက်သီးနှင့် အခြားဟင်းသီးဟင်းရွက်၊ အသီးအနှံများကို စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့် တောင်တန်းများထူထပ်သောပြည်နယ် ဖြစ်သည်။ နိုင်ငံအတွင်း စားသုံးနေသော အသီးအနှံများ၏ ၆၀ ရာခိုင်နှုန်းကို ရှမ်းပြည်နယ်မှ ထုတ်လုပ်ပေးသည့်အပြင် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်၊ ထိုင်းနှင့် လာအိုနိုင်ငံများသို့လည်း တင်ပို့မှုများရှိသည်။

## ၉.၁။ ကော်ဖီလုပ်ငန်း

### နောက်ခံအကြောင်းအရာ

ကော်ဖီစိုက်ပျိုးရေးလုပ်ငန်းအနေနှင့် အရည်အသွေးမြင့်သော အာရေးဗီးက (Arabica) ကော်ဖီကို ပင်လယ်ရေမျက်နှာပြင် အမြင့်ပေ ၃,၀၀၀ကျော် ဒေသများတွင် အဓိကထား စိုက်ပျိုးကြပြီး ပင်လယ်ရေမျက်နှာပြင် အမြင့်ပေ ၃,၀၀၀ အောက်တွင် ရိုဗက်စတာ (Robusta) ကို စိုက်ပျိုးကြသည်။ ပင်လယ်ရေမျက်နှာပြင် အမြင့်ပေ ၄,၀၀၀ရှိသော ရှမ်းပြည်နယ် တောင်ဘက်ရှိ ရွာငံဒေသတွင်မူ အရည်အသွေးအမြင့်ဆုံး အာရေးဗီးက ကော်ဖီကို အော်ဂဲနစ် (ခေါ်) အစိမ်းရောင် နည်းပညာ (green farming) ဖြင့် စိုက်ပျိုးထုတ်လုပ်ကြသည်။ ကော်ဖီအား ကော်မာရှယ်လ်၊ ပရီမီယံ၊ စပါယ်ရှယ်လတီ (Commercial, premium, specialty) ဟူ၍ အရည်အသွေး အဆင့်များ ခွဲခြားထားပါသည်။ မြန်မာနိုင်ငံတွင် တစ်နှစ်လျှင် ကော်ဖီတန်ချိန် ၈,၀၀၀ ကို ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ အဓိက ထုတ်လုပ်လျက်ရှိပြီး ဇန်နဝါရီ၊ ဖေဖော်ဝါရီနှင့် မတ်လတို့တွင် ကော်ဖီရိတ်သိမ်းကြသည်။ ကော်ဖီထုတ်လုပ်သူများသည် ကိုယ်ပိုင် စိုက်ပျိုးမြေများဖြင့် ကော်ဖီစိုက်ခြင်း၊ တောင်သူများနှင့် စာချုပ်ချုပ် (contract farming) ကာ ကော်ဖီများကို ဝယ်ယူခြင်းများကို ကျင့်သုံးကြပါသည်။ ဤသုတေသနတွင် အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းနှင့် ခြိမ်းခြောက်မှု SWOT ဆန်းစစ်မှုကို အခြေခံ၍ ရှမ်းပြည်နယ်၏ ကော်ဖီလုပ်ငန်းကို လေ့လာထားပါသည်။

**ကော်ဖီလုပ်ငန်း၏ အားသာချက်များ**

**ရှမ်းပြည်နယ်သည် ကော်ဖီစိုက်ပျိုးရန်အတွက် သင့်တင့်မျှတသော ပင်လယ်ရေမျက်နှာပြင် အမြင့်ပေ၊ မြေအမျိုးအစား၊ မိုးရေချိန်နှင့် ရာသီဥတုတို့ကို ပိုင်ဆိုင်ထားခြင်းမှာ ကော်ဖီလုပ်ငန်းအား အလားအလာရှိသော စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်စေသည်။** ရိတ်သိမ်းစဉ်ကာလ၌ ခြောက်သွေ့သောရာသီဥတုနှင့် နေပူခြင်းမှာ အခြားနိုင်ငံများနှင့်ယှဉ်လျှင် အားသာချက်တစ်ခု ဖြစ်သည်။ ကော်ဖီစေ့၏ အရည်အသွေးသည် ၎င်း၏တန်ဖိုးအပေါ် အဆုံးအဖြတ်ပေးနိုင်ပြီး အရည်အသွေးမြင့်ကော်ဖီ၏ အမြတ်သည် သာမန်အရည်အသွေးရှိ ကော်ဖီများထက် ၅ ဆ ပိုမိုလေ့ရှိသည်။

**အခြားသော အဓိက အားသာချက်တစ်ခုမှာ ပြည်ပဝယ်လိုအားများ ရှိနေခြင်းဖြစ်သည်။ ကော်ဖီလုပ်ငန်းသည် ကမ္ဘာပေါ်တွင် ဒုတိယ ဈေးကွက်အကြီးဆုံးဖြစ်သည့်အပြင် သဘာဝအတိုင်း စိုက်ပျိုးထားသော မြန်မာ့ကော်ဖီ၏ ထူးခြားသော အရသာနှင့် အရည်အသွေးတို့ကြောင့် အမေရိကန်နှင့် ဥရောပဒေသများ၏ ဝယ်လိုအားမှာ များပြားလျက်ရှိသည်။** ကမ္ဘောဒီးယား၊ ကနေဒါ၊ ဂျပန်၊ စင်ကာပူ၊ အမေရိကန်၊ ထိုင်း၊ ဟောင်ကောင်၊ ရုရှား၊ ဒူဘိုင်း၊ ဩစတြေးလျနှင့် ထိုင်ဝမ်စသည့် နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၂၀ ကို ပို့ကုန်အဖြစ် တင်ပို့ရုံသာမက စပါယ်ရှယ်လတီအဆင့် ကော်ဖီကို ပြည်တွင်းရှိ လေဆိပ်များ၊ စားသောက်ဆိုင်များ၊ ဟိုတယ်နှင့် စူပါမားကတ်များတွင် ဖြန့်ဖြူးရောင်းချကြသောကြောင့် ပြည်တွင်းဝယ်လိုအားလည်း အသင့်အတင့် ရှိပေသည်။

**မြန်မာနိုင်ငံတွင် လက်ဖက်ရည်ထွန်းကားသော ယဉ်ကျေးမှုထက် ကော်ဖီယဉ်ကျေးမှု ထွန်းကားလာစေရန် ကြိုးပမ်းမှုများကြောင့် ပြည်တွင်းဝယ်လိုအားမှာ မြင့်တက်လာပါသည်။** ကော်ဖီသောက်ခြင်း၏ အကျိုးကျေးဇူးများအပြင် အရည်အသွေးမြင့်ကော်ဖီကို ဓလေ့တစ်ခုအနေနှင့် သောက်ချင်လာအောင် ဆွဲဆောင်မှုများ ရှိလာသည်။ အဆင့်မြင့်ကော်ဖီဈေးကွက်ကို အဓိကထားရာမှ ယခုနောက်ပိုင်းတွင် ပလိန်းကော်ဖီ၊ အသင့်ဖျော်ကော်ဖီ၊ နှပ်ကော်ဖီဟူ၍ ဈေးကွက်များ ပြောင်းလဲပေါ်ပေါက်လာသည်။ ကော်ဖီများ ထုတ်လုပ်ရန် အဓိကကျသော ထုတ်လုပ်သည့်နည်းစနစ်၊ စက်ပစ္စည်း၊ နည်းပညာအပိုင်း တိုးတက်လာသောကြောင့် ကော်ဖီအရည်အသွေးလည်း မြင့်တက်ပြီး လုပ်ငန်းလည်ပတ်မှုပုံစံများလည်း တိုးတက်လာသည်။ ကော်ဖီစက်ရုံအများစုသည် ဒေသခံအများစုနှင့် လည်ပတ်ကာ ၎င်းတို့အား နည်းပညာများပံ့ပိုးခြင်း၊ စက်ရုံ၏ အရေးကြီးနေရာများတွင် ရာထူးခန့်အပ်၍ လက်တွဲလုပ်ဆောင်ခြင်းများ ရှိလာသည်။ ထို့အပြင် လုပ်ငန်းရှင်ကြီးအချို့သည် ကော်ဖီလုပ်ငန်းလုပ်ကိုင်သူ ဒေသခံများအတွက် ကုန်ချောထုတ်လုပ်ရာတွင် လိုအပ်သော ဝန်ဆောင်မှုများပေးခြင်း (ဥပမာ - ပါကင်ထုတ်ပေးခြင်း) တို့ကို လုပ်ဆောင်လာကြသည်။

စာချုပ်များဖြင့် စနစ်တကျ ရောင်းဝယ်ဖောက်ကားခြင်း၊ အိမ်အရောက် ပို့ဆောင်မှုစနစ် (online delivery)ဖြင့် ဆက်သွယ်ရောင်းချခြင်း ပုံစံများသို့ ပြောင်းလဲကျင့်သုံးလာသည်။ ပြည်တွင်းကော်ဖီဈေးကွက်တွင် နိုင်ငံခြားမှ အသင့်သောက်ကော်ဖီများကို ဝယ်ယူသုံးစွဲရာမှ ယခုဆိုလျှင် ပြည်တွင်းရှိ တစ်နိုင်တစ်ပိုင် လုပ်ငန်းရှင်များမှ ကော်ဖီမှုန့်များကို ကိုယ်တိုင် ထုတ်လုပ်ဖြန့်ချီလာခဲ့ကြသည်။ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုများမှတစ်ဆင့် ကော်ဖီဆိုင်များ၊ ကော်ဖီနှင့် ဆက်စပ်သောလုပ်ငန်းများ (ဥပမာ - ကော်ဖီဖြင့် ချေးချွတ်သည့် ဆပ်ပြာထုတ်လုပ်ခြင်း၊ မျက်နှာပေါင်းတင်ခြင်း) ပေါ်ပေါက်လာခဲ့ကြသည်။

**ကော်ဖီဈေးကွက်မြင့်တက်လာမှု၊ ဝယ်လိုအားမြင့်လာမှု၊ တစ်ဆင့်ပြီးတစ်ဆင့် ထုတ်လုပ်မှုအပိုင်းများနှင့်အတူ ဒေသခံတို့၏ အလုပ်အကိုင်အခွင့်အလမ်းများလည်း တိုးတက်လာခဲ့သည်။** ခရမ်းချဉ်၊ မုန့်ညင်း၊ မုန်လာ အစရှိသော အခြားသီးနှံများနှင့်ယှဉ်လျှင်လည်း ဆုံးရှုံးနိုင်ခြေနည်းသည့် အားသာချက်ရှိသော ကော်ဖီကိုစိုက်ပျိုးသူ တောင်သူအရေအတွက်မှာလည်း တိုးပွားလာသည်။ ကော်ဖီစိုက်တောင်သူများနှင့် ထုတ်လုပ်သူများဖြင့် ဖွဲ့စည်းထားသော ကော်ဖီအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်နိုင်စွမ်း၊ အချို့သောလုပ်ငန်းရှင်များ၏ စွန့်ဦးတီထွင်မှုများ၊ လေ့လာဆန်းသစ်မှုများ၊ နိုင်ငံတကာ ကော်ဖီဈေးကွက်ကို ထိုးဖောက်ရန်အတွက် လိုအပ်သော ထောက်ခံချက်လက်မှတ်များ၊ ဓာတ်ခွဲခန်းအဖြေများကို ယူဆောင်ပေးနိုင်ခြင်းတို့ကြောင့် မြန်မာ့ကော်ဖီဈေးကွက်မှာ တစ်ဆထက်တစ်ဆ အောင်မြင်လာခဲ့ပေသည်။ မျှတသော ကုန်သွယ်မှုလက်မှတ် (Fair trade Certificate)၊ အော်ဂဲနစ်လက်မှတ် (Organic Certificate)၊ မိုးသစ်တော အသိအမှတ်ပြုလက်မှတ် (Rainforest Certificate)၊ ရေရှည်တည်တံ့သောစီးပွားရေးဆု (Sustainable Business Award) အစရှိသည်တို့က ၂၀၂၀ ခုနှစ်တွင် ကမ္ဘာ့မြေပုံပေါ်၌ မြန်မာနိုင်ငံတွင် အရည်အသွေးကောင်းသောကော်ဖီ စိုက်ပျိုးထွက်ရှိကြောင်း သက်သေထူထားပြီးဖြစ်သည်။

မိုးသစ်တောကော်ဖီ (အစိုးရ၏ သစ်တောဧရိယာအတွင်း သစ်တောကို မပြုန်းတီးစေပဲ စိုက်ပျိုးရရှိသောကော်ဖီ)သည် သဘာဝပတ်ဝန်းကျင်ကို ကူညီသောကြောင့် သဘာဝပတ်ဝန်းကျင်ကို ဂရုစိုက်သောဝယ်သူများမှ ဈေးကောင်းပေး ဝယ်ယူကြသည်။ ကော်ဖီပင်သည် နှစ်ရှည်သီးနှံဖြစ်သောကြောင့် သဘာဝပတ်ဝန်းကျင်ကို အကျိုးပြုသည့်အပြင် ကော်ဖီခွံကိုလည်း သဘာဝမြေသြဇာအဖြစ် အသုံးပြုနိုင်သည်။ ရှာငံမြေဘက်တွင် သစ်တော ပြန်လည်ထူထောင်သည့်အနေဖြင့် ကော်ဖီကို သစ်တောများနှင့် တွဲ၍စိုက်ပျိုးမှုများပင် ရှိလာသည်။

**ကော်ဖီလုပ်ငန်း၏ အားနည်းချက်များ**

**ဈေးကွက်အားနည်းခြင်းနှင့် ဈေးကွက်ချိတ်ဆက်မှုနည်းခြင်းတို့သည် ကော်ဖီလုပ်ငန်း၏ အဓိက အားနည်းချက်များဖြစ်သည်။** ကော်ဖီဈေးကွက်ရှိရန် များစွာလိုအပ်သည့်အတွက် အစိုးရ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များအနေဖြင့် ဈေးကွက်ဖော်ဆောင်ပေးသင့်ပါသည်။ စိုက်ပျိုးမြေ အကန့်အသတ်၊ မြေကြီး အကန့်အသတ်၊ ဈေးကွက် အကန့်အသတ် ရှိသောကြောင့် ကော်မာရှယ် အရည်အသွေးအရ ယှဉ်ပြိုင်ရန် ခက်ခဲပြီး ပရီမီယမ်နှင့် စပါယ်ရှယ် ကော်ဖီဈေးကွက်ကိုသာလျှင် ယှဉ်ပြိုင်နိုင်ကြသည်။ ကော်ဖီအဓိကထွက်သော ဘရာဇီးလ်၊ ဗီယက်နမ်တို့နှင့်ယှဉ်လျှင်လည်း ထုတ်လုပ်မှုကုန်ကျစရိတ် ကြီးမားခြင်းကြောင့်လည်း ဈေးကွက်စိန်ခေါ်မှုများ ရှိသည်။

**ကော်ဖီစိုက်ပျိုးမှုအတွက် အရင်းအနှီးသွင်းအားစုကြီးသောကြောင့် တောင်သူများအနေနှင့် စိုက်ပျိုးဖို့ အခက်အခဲရှိကြသည်။** မြေသြဇာသွင်းအားစု ကုမ္ပဏီတို့၏ အထောက်အပံ့များကိုလည်း (ဥပမာ - အကြွေးဖြင့် ရောင်းခြင်း)များစွာ လိုအပ်ပေသည်။ ထို့အပြင် စိုက်ပျိုးရေးကဏ္ဍအတွက် ချေးငွေရရှိရန် အထောက်အထားများ ပြသရသော်လည်း ငွေချေးသည့် ဘဏ်အရေအတွက်မှာ အလွန်နည်းပါးသည်။ တချို့ထုတ်လုပ်သူများအနေဖြင့် တင်ပို့ရန်လိုင်စင်မရှိခြင်း၊ ကော်ဖီစက်ရုံ တည်ထောင်ရန် အရင်းအနှီးများခြင်းတို့ကြောင့် လုပ်ငန်းကြီး လုပ်ကိုင်သူများမှတစ်ဆင့် တင်ပို့ရောင်းချခြင်း၊ ကော်ဖီထုတ်လုပ်ခြင်းများ ပြုလုပ်ကြသည်။

**ကော်ဖီလုပ်ငန်း၏ အခြား အားနည်းချက်တစ်ခုမှာ ပြည်ပမှတင်သွင်းသော စက်ပစ္စည်းများကို အားကိုးနေရခြင်းဖြစ်သည်။** ကော်ဖီထုတ်လုပ်ရာတွင် အရည်အသွေးကောင်းရန် အဓိကဖြစ်သောကြောင့် ဘရာဇီးလ်၊ ထိုင်း၊ ကိုလံဘီယာ၊ ထိုင်ဝမ်နှင့် ဥရောပနိုင်ငံများမှ ကော်ဖီစက်ပစ္စည်းများ၊ ကော်ဖီဖျော်စက်၊ ကော်ဖီလှော်စက်၊ ကော်ဖီထည့်ရန်အိတ်၊ အိတ်ပိတ်စက် တို့ကို တင်သွင်းဝယ်ယူရသည်။ ထို့မျှသာမက ပြည်တွင်းမှ ကော်ဖီထွက်နှုန်းသည် ပြည်တွင်း၊ ပြည်ပ ဈေးကွက်အတွက် လုံလောက်သော ပမာဏမရှိခြင်းကြောင့် တချို့အသင့်သောက်ကော်ဖီများကို နိုင်ငံခြားမှ ပြန်လည်တင်သွင်းခြင်းများ ရှိနေသည်။

**ကော်ဖီလုပ်ငန်း၏ အခွင့်အလမ်းများ**

**ကော်ဖီလုပ်ငန်း၏ အဓိက အခွင့်အလမ်းမှာ အစိုးရနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ အထောက်အပံ့များ ရရှိခြင်းဖြစ်သည်။** အစိုးရဌာနများဖြစ်သော အသေးစားနှင့်အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့နှင့် ဆက်သွယ်လုပ်ကိုင်ရသည်။ အထူးသဖြင့် နိုင်ငံတကာသို့ ပစ္စည်းတင်ပို့ခြင်း၊

ကုန်စည်များ သွားရောက်ပြသခြင်းတို့အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ အဆက်အသွယ်များ ကူညီပေးသည်။ ထို့ပြင် ၂၀၁၆ ခုနှစ်တွင် အစိုးရသည် ကော်ဖီနှင့် ပတ်သက်သောသင်တန်း (Coffee nia training course) ကို စိုက်ပျိုးခြင်းနှင့် ထုတ်လုပ်မှုအပိုင်းများကို လေ့လာရန်အလို့ငှာ ဗီယက်နမ်ခရီးစဉ် စီစဉ်ပေးခဲ့ပါသည်။ လုပ်ငန်းအဆက်အသွယ်များ ချိတ်ဆက်ရန်လည်း ကိုးရီးယားသို့ ကော်ဖီပြပွဲ (expo) အနေဖြင့် ပို့ဆောင်ပေးဖူးသည်။

INGO များဖြစ်သည့် JICA၊ USAID၊ ဂျာမနီအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (GIZ) နှင့် Responsible Business Fund (RBF) တို့မှ နည်းပညာနှင့် ငွေကြေးထောက်ပံ့မှုများ ရှိခဲ့သည်။ ဥပမာ - ၂၀၁၅ခုနှစ်တွင် GIZမှ ရှာင်ဒေသကို ကော်ဖီပရောဂျက်အနေနှင့် ရွေးချယ်ပြီး ငွေကြေးဆိုင်ရာ သင်တန်းများ၊ နည်းပညာထောက်ပံ့မှုများနှင့် အခြားလိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့သည်။ ထို့ပြင် USAID နှင့် ချိတ်ဆက်ပြီး Winrock International နိုင်ငံတကာအဖွဲ့အစည်းမှ ကော်ဖီထုတ်လုပ်သည့် နည်းစနစ်၊ နည်းပညာထောက်ပံ့မှုများ၊ သင်တန်းများ ပေးခဲ့ပါသည်။ ကော်ဖီ အစိုကြိတ်စက်၊ အခြောက်ကြိတ်စက် အစရှိသော စက်ပစ္စည်းများ၊ ဈေးကွက်ချိတ်ဆက်မှုများ၊ တောင်သူများနှင့် ထုတ်လုပ်သူများကို ချိတ်ဆက်ပေးမှုများ လုပ်ခဲ့ကြသည်။ သတိပြုစရာမှာ ငွေကြေးထောက်ပံ့သည့် INGO များသည် တောင်သူများအတွက် ချေးငွေပေးရာတွင် အစိုးရ၏ စီစဉ်မှုမှတစ်ဆင့် လုပ်ဆောင်ကြပေသည်။

ကော်ဖီလုပ်ငန်း၏ အခြားအခွင့်အလမ်းတစ်ခုမှာ သဘာဝပတ်ဝန်းကျင်ကို အကျိုးပြုခြင်းပင် ဖြစ်သည်။ အော်ဂဲနစ် နည်းပညာဖြင့် စိုက်ပျိုးသည့်အပြင် အခြားနှစ်ရှည်ပင်များနှင့် တွဲစိုက်ရသောကြောင့် သစ်တောပြုန်းတီးမှုကို ကာကွယ်ပေးကာ ရာသီဥတုဖောက်ပြန်မှုကို လျှော့ချပေးသည်။ ထို့အပြင် ရှမ်းပြည်နယ် ဟိုပုန်းမြို့နယ်၏ အချို့နေရာများတွင် ဖင်လန်၊ ဂျာမနီ၊ ဆွဇ်ဇာလန်အစိုးရတို့နှင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုခင်းဆိုင်ရာ ရုံး၏ အကူအညီဖြင့် ဘိန်းအစားထိုးသီးနှံအဖြစ် ကော်ဖီကို စိုက်ပျိုးလာခြင်းမှာ ဒေသခံများနှင့် ပတ်ဝန်းကျင်အတွက် အလွန်ပင်အကျိုးရှိလှပါသည်။ ကျားမတန်းတူရေး၊ ပညာရေး၊ စီးပွားရေးဖွံ့ဖြိုးမှု၊ လူထုအကျိုးပြုလုပ်ငန်းများကို တိုးတက်စေသည့်အပြင် သစ်တောပြုန်းခြင်းများကို လျှော့နည်းစေသည်။ ကော်ဖီလုပ်ငန်းများ၌ မှျတသောကုန်သွယ်မှုလက်မှတ် ရှိလျှင် နိုင်ငံတကာကော်ဖီဈေးကွက်တွင် ဈေးကောင်းကောင်း ရရှိနိုင်ပေသည်။ ဥပမာ - ၂၀၁၉ ခုနှစ်တွင် မျှတသောကုန်သွယ်မှုလက်မှတ်အား မြန်မာပြည်မှ ပထမဆုံးချီးမြှင့်ခံထားရသော Green Gold ကော်ဖီစိုက်ပျိုး ထုတ်လုပ်ရေးသမဝါယမအသင်းလီမိတက်[3]မှ ဥရောပသို့ ကော်ဖီများ တင်ပို့ရောင်းချရန်

---

[3] Green Gold ကော်ဖီစိုက်ပျိုး ထုတ်လုပ်ရေးသမဝါယမအသင်းလီမိတက်အား ၂၀၁၅ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ရှမ်းတောင်တွင် တည်ရှိကာ (United Nations Myanmar, 2019) ကျေးရွာ ၅၅ ရွာမှ ထုတ်လုပ်သူတောင်သူ ၉၀၀ ကျော် ပါဝင်နေပြီဖြစ်သည် (Embassy of Switzerland in Myanmar, 2020)။

Malongo ပြင်သစ်ကော်ဖီကုမ္ပဏီနှင့် ပူးပေါင်းခဲ့ရာ ၎င်း၏ကော်ဖီအတွက် ဈေးကောင်းရရှိရုံသာမက လူမှုရေးကိစ္စများနှင့် ကုမ္ပဏီ သို့မဟုတ် ထုတ်လုပ်မှုအခြေအနေများ ဖွံ့ဖြိုးတိုးတက်ရေးတွင် အသုံးပြုရန် အာမခံကြေးပါ ခံစားရရှိနေပြီ ဖြစ်သည်။

ထို့ပြင် ကော်ဖီပင်စိုက်ပျိုးလျှင် တစ်နှစ်ပတ်လုံးတွင် ကော်ဖီအား ရိတ်သိမ်းခူးဆွတ်သည့် ရာသီမှာ ဒီဇင်ဘာလမှ မတ်လအထိ ဖြစ်သောကြောင့် တောင်သူများအနေဖြင့် ဝင်ငွေရရှိသည့်အပြင် ကော်ဖီ၏အရိပ် အပင်အဖြစ် အသုံးပြုသော ထောပတ်၊ မက္ကာဒေးမီးယားတို့မှလည်း ဝင်ငွေရရှိသည်။ ကော်ဖီ၏ စွန့်ပစ်ပစ္စည်းမှာ သဘာဝဓါတ်မြေဩဇာအဖြစ် အသုံးပြုနိုင်သောကြောင့် တောင်သူများအတွက် ကုန်ကျစရိတ် သက်သာပေသည်။

## ကော်ဖီလုပ်ငန်း၏ ခြိမ်းခြောက်မှုများ

**ကိုဗစ်ကပ်ရောဂါသည် ကော်ဖီဈေးကွက်တိုးတက်ခြင်း၏ အဓိက အတားအဆီးဖြစ်သည်။** ကိုဗစ်ကြောင့် ပြည်တွင်းဈေးကွက်၌ စပါယ်ရှယ်အရည်အသွေး ဝယ်လိုအားများ ကျဆင်းလာကာ ဈေးနည်းသည့် ကော်ဖီများကို ဝယ်ယူကြသည်။ နိုင်ငံတကာကော်ဖီဈေးကွက် ထိခိုက်သောကြောင့် ကုန်အမှာစာ လျော့ကျမှု၊ စာချုပ်ပျက်မှုများ ရှိခဲ့သည်။ ကိုဗစ်ကာလတွင် မြန်မာနိုင်ငံသို့ လာရောက်အလုပ်လုပ်ကိုင်သည့် နိုင်ငံခြားသား အရေအတွက်နည်းလာခြင်း၊ ရောင်းချမှု အများဆုံးရှိသည့် လေဆိပ်ပိတ်သွားခြင်း၊ စားသောက်ဆိုင်များ၊ ဟိုတယ်နှင့် ကော်ဖီဆိုင်ကြီးများ ပိတ်ရခြင်းတို့ကြောင့် ရောင်းအားများစွာ ကျဆင်းခဲ့ပါသည်။ ထို့အပြင် ကိုဗစ်ကာလတွင် ခေါင်းဆောင်မှုအပိုင်းပြောင်းလဲကာ အရောင်းစရိတ်၊ အသုံးစရိတ်၊ အလုပ်သမားအရေအတွက်တို့ကို လျှော့ချခဲ့ရသည်။ လုပ်ငန်းလည်ပတ်မှု၊ စီမံခန့်ခွဲမှု၊ ထုတ်လုပ်ပုံစံများ ပြောင်းလဲခဲ့ရသည့်အပြင် အိမ်မှ အလုပ်လုပ်ခြင်းစနစ်ဖြင့် လုပ်ငန်းလည်ပတ်ခဲ့ရသည်။ ဖုန်းဖြင့် ရောင်းချခြင်း၊ အွန်လိုင်းဖြင့် ရောင်းချပို့ဆောင်ခြင်းသို့ ပြောင်းလဲလုပ်ကိုင်ခဲ့ရသည်။ ဝယ်လိုအားနည်းပါးသောကြောင့် ကော်ဖီထုတ်လုပ်သည့် ပမာဏကို လျှော့ချခဲ့ရသည်။ ထို့ပြင် နိုင်ငံရေးမငြိမ်သက်မှု ပုံရိပ်သည်လည်း ကော်ဖီလုပ်ငန်းကို များစွာထိခိုက်စေသည်။ ဥပမာအနေဖြင့် ရခိုင်ကိစ္စနှင့် ပတ်သက်ပြီး ယင်းလုပ်ငန်းရှင်များသည် နိုင်ငံတကာမှ ဝယ်သူများ ဆုံးရှုံးသွားရသည်ကို လေ့လာမိပါသည်။

## အကြံပြုချက်များ

- နိုင်ငံတော်အစိုးရ၏ ဈေးကွက်ဖော်ဆောင်မှုများ အလွန်လိုအပ်ပါသည်။ မည်မျှပင် အရည်အသွေး ကောင်းနေစေကာမူ၊ စိုက်ပျိုးနိုင်သည့် ပမာဏများစေကာမူ ရောင်းရမည့် ဈေးကွက်မရှိလျှင် တောင်သူများ ဝင်ငွေလျော့ကာ လုပ်ငန်း ဆက်လက်လည်ပတ်နိုင်မည် မဟုတ်ပေ။ ထို့ပြင်

နိုင်ငံတကာဈေးကွက်တွင် ဈေးကောင်းရရှိရန် လိုအပ်သော လက်မှတ်များရရှိအောင် အစိုးရမှ ပံ့ပိုးမှုများ လိုအပ်ပေသည်။

- ကော်ဖီစိုက်တောင်သူများအတွက် အစိုးရအနေဖြင့် ဈေးငွေကို လွယ်လွယ်ရရှိစေရန် စည်းမျဉ်းများသတ်မှတ်ခြင်း၊ ဘဏ်များကို အားပေးခြင်းနှင့် သွင်းအားစု လုပ်ငန်းများအနေဖြင့် ခါတ်မြေသြဇာများကို အကြွေးပေးခြင်းများ လုပ်ဆောင်ရန် လိုအပ်ပါသည်။
- ကော်ဖီဈေးကွက်မှာ အများကြီး တိုးတက်လာနိုင်ချေရှိသဖြင့် လုပ်ငန်းရှင်အသစ်များအတွက် နေရာလွတ်များရှိနေပြီး ဝယ်လိုအားကို ဖြည့်ဆည်းပေးနိုင်ရန် စိုက်ပျိုးဧကများ တိုးချဲ့ရန် လိုအပ်သည်။ အရည်အသွေး ပိုမိုကောင်းမွန်စေရန် ထုတ်လုပ်သည့် နည်းစနစ်များကိုလည်း မြှင့်တင်ရန် လိုအပ်ပါသည်။
- ပြည်ပဈေးကွက်အနေနှင့် ကော်ဖီစေ့ ကုန်ကြမ်းဈေးကွက်မှာ အလွန်ပင် အလားအလာရှိကာ နိုင်ငံတကာ မားကတ်တင်းများအထိ အရင်းအနှီးထည့်နိုင်ပါက ယခုထက်ပင်ပို၍ ဈေးကွက်ထိုးဖောက်နိုင်မည်။ ထို့ပြင် ကော်ဖီထုတ်လုပ်မှုပုံစံများကို ပိုမိုမြှင့်တင်ပါက နိုင်ငံတကာဈေးကွက်တွင် ပို၍နေရာရရှိမည် ဖြစ်ပါသည်။
- အနာဂါတ်တွင် နိုင်ငံခြားသားခရီးသွားများအတွက် ကော်ဖီခြံလည်ပတ်ခြင်း၊ ကော်ဖီထုတ်လုပ်ခြင်းအပေါ် လေ့လာရေးခရီးစဉ်များကို စီစဉ်ပေးနိုင်ပါကလည်း ဝင်ငွေရရှိမည့်အပြင် ကော်ဖီရောင်းအားကိုပါ တိုးတက်စေနိုင်ပါသည်။

## ၉.၂။ လက်ဖက်လုပ်ငန်း

**နောက်ခံအကြောင်းအရာ**

မြန်မာနိုင်ငံအတွက် လက်ဖက်သည် အရေးပါသော ယဉ်ကျေးမှုအမွေအနှစ်ဖြစ်သည်။ နိုင်ငံတစ်ဝှမ်းရှိ လူအများသည် လက်ဖက်ခြောက်ကို သောက်သုံး၍ လက်ဖက်အစိုကို စားသုံးကြသည်။ နှပ်လက်ဖက်အစိုသည် နိုင်ငံတော်အစားအစာဖြစ်၍ လူမျိုးစုပေါင်းများစွာအတွက် အရေးပါသော အချက်အပြုတ်လိုအပ်ချက်အဖြစ် တည်ရှိနေသည်။ မြန်မာနိုင်ငံတွင် လက်ဖက်ကို ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်တွင် အဓိကစိုက်ပျိုးပါသည်။ ရှမ်းပြည်နယ် အရှေ့ပိုင်း ကျိုင်းတုံမြို့နယ်တွင်လည်း စိုက်ပျိုးပါသည်။ သောက်သုံး၍ရသော လက်ဖက်ခြောက်သည် ပြည်တွင်း၊ ပြည်ပဈေးကွက် အခိုင်အမာ ပိုင်ဆိုင်ထားသော်လည်း စားသုံး၍ရသော နှပ်လက်ဖက်မှာမူ ပြည်တွင်းဈေးကွက်ကိုသာ လွှမ်းမိုးနိုင်ပါသည်။

**လက်ဖက်လုပ်ငန်း၏ အားသာချက်များ**

**လက်ဖက်လုပ်ငန်းသည် ခိုင်မာသော ပြည်တွင်းဈေးကွက်တစ်ခုကို ပိုင်ဆိုင်ထားသော်လည်း ပြည်ပဈေးကွက်မှာမူ ပြိုင်ဆိုင်မှုပြင်းထန်သလို ရွေးချယ်မှုလည်း ပြင်းထန်သည်။** လက်ဖက်သည် ရှမ်းပြည်နယ်အတွက် အချက်အချာကျသော စိုက်ပျိုးရေးထုတ်ကုန်တစ်ခု ဖြစ်သည်။ လက်ဖက်စိုက်ပျိုးသူများနှင့် လုပ်ငန်းရှင်များအတွက် စီးပွားရေးအကျိုးအမြတ်များနှင့်စပ်လျဉ်း၍ တကမ္ဘာလုံးနှင့် ထိတွေ့မှုရှိနိုင်သော အခွင့်အရေးများ ရရှိလာနိုင်ပါသည်။ စစ်တမ်းများအရ လက်ဖက် စိုက်ပျိုးသူများနှင့် ထုတ်လုပ်သောစက်ရုံများ အားလုံးသည် ၂၀၁၆ ခုနှစ်မတိုင်မီတွင် မြန်မာ့လက်ဖက်လုပ်ငန်း၏ ပြည်တွင်းပြည်ပဝယ်လိုအားမှာ အနည်းငယ်သာ ရှိခဲ့သည်။ သို့သော် ၂၀၁၆ခုနှစ်မှ စတင်၍ လက်ဖက်လုပ်ငန်းသည် ဘက်စုံတိုးတက်မှုများရှိလာပြီး ရလဒ်အဖြစ် ပိုမိုကြီးမားသော ထုတ်လုပ်မှုစွမ်းရည် ဖြစ်ပေါ်လာပါသည်။

**လက်ဖက်နှင့်ဆက်စပ်လုပ်ငန်းများသည် ပိုမိုကောင်းမွန်သော ဈေးကွက်အခြေအနေနှင့် ထုတ်လုပ်နိုင်စွမ်းများကြောင့် ထုတ်လုပ်နည်းပညာများတိုးချဲ့ခြင်း၊ ထုတ်ကုန်အမျိုးအစားများ ချဲ့ထွင်ခြင်းနှင့် တင်ပို့မှုကိုဦးတည်ခြင်း အစရှိသည်တို့ကို ထည့်သွင်းစဉ်းစားလာပါသည်။** ရှမ်းပြည်နယ် ပင်းတယမြို့နယ်ရှိ လက်ဖက်စိုက်ပျိုးသူ တောင်သူများနှင့် ထုတ်လုပ်သော စက်ရုံများသည် "ပင်းတယ လက်ဖက်အစုအဖွဲ့" ကိုတည်ထောင်၍ ဂျာမနီနိုင်ငံသို့ သဘာဝ လက်ဖက်ခြောက်ကို တင်ပို့လျက်ရှိပါသည်။ ထုတ်လုပ်သောစက်ရုံများသည်လည်း သမရိုးကျ အခြောက်ခံခြင်းနှင့် ထုတ်လုပ်သောနည်းလမ်းများမှ ပို၍သန့်ရှင်းပြီး သဘာဝကျကာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိတို့ကို အခြေခံသော

ထုတ်လုပ်ရေးနည်းလမ်းများသို့ ပြောင်းလဲလာပါသည်။ လက်ဖက်နှင့်ဆက်စပ်လုပ်ငန်းများသည် စားသုံးသူများ၏အကြိုက်နှင့် အတွေ့အကြုံများအပေါ်မူတည်၍ ဈေးကွက်ချဲ့ထွင်ခြင်းအပေါ် ပိုမိုအာရုံစိုက်လာပါသည်။

**လက်ဖက်လုပ်ငန်း၏ အားနည်းချက်များ**

**လက်ဖက်လုပ်ငန်းသည် အလားအလာရှိသော်လည်း အပြန်အလှန်သက်ရောက်မှုရှိနေသော အားနည်းချက် အများအပြားလည်းရှိသည်။** လက်ဖက်လုပ်ငန်းသည် ပိုမိုကောင်းမွန်သော ထုတ်ကုန်များထုတ်လုပ်ရန် နည်းပညာအထောက်အပံ့၊ ငွေကြေးအထောက်အပံ့၊ စက်ပစ္စည်းအကူအညီ မရရှိပေ။ သို့ဖြစ်ပါ၍ ထပ်ဆောင်းကုန်ထုတ်စွမ်းအားရရှိရန် မပြုလုပ်နိုင်ပေ။ လက်ဖက်စိုက် တောင်သူများနှင့် ထုတ်လုပ်သောစက်ရုံ အများစုသည် အသေးစားလုပ်ငန်းများ ဖြစ်သည့်အတွက် နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းမရှိပေ။ ၎င်းတို့သည် အရည်အသွေးမြင့်စက်ပစ္စည်းများ ဝယ်ယူရန်လည်း ငွေကြေးအရင်းအနှီး မစိုက်ထုတ်နိုင်ပေ။ သို့ဖြစ်ပါ၍ မြန်မာ့လက်ဖက်စိုက်ခင်းများနှင့် စက်ရုံများသည် စက်ပစ္စည်းအကြီးစားများကို တရုတ်နိုင်ငံမှ တင်သွင်းရသည်။

**စစ်တမ်းကောက်ယူထားသော လက်ဖက်စိုက်ပျိုးသူများနှင့် ထုတ်လုပ်သောစက်ရုံများအရ နည်းပညာအထောက်အပံ့နှင့် ဈေးကွက်လက်လှမ်းမှီနိုင်ရန် အစိုးရအကူအညီ နည်းပါးသဖြင့် NGO များအပေါ်သာ အဓိကမှီခိုအားထားရကြောင်း တွေ့ရှိရသည်။** ယင်းအဖွဲ့အစည်းများသည် နယ်ခံလက်ဖက်စိုက်ပျိုးသူများနှင့် ထုတ်လုပ်သော စက်ရုံများအား သဘာဝမြေသြဇာထုတ်လုပ်နည်း၊ သဘာဝမြေဆွေးပြုလုပ်နည်းနှင့် အရည်အသွေးမြင့် လက်ဖက်ထုတ်ကုန်များ ထုတ်လုပ်နည်းတို့နှင့်ပတ်သက်၍ နည်းပညာ အထောက်အပံ့များပေးကာ ကမ္ဘာ့ကုန်စည်ကွင်းဆက်နှင့် ချိတ်ဆက်ပေးရန် နိုင်ငံတကာ ကုန်စည်ဝယ်လက်များကိုပင် ခေါ်ဆောင်လာပါသည်။ သို့သော် ထိုအဖွဲ့အစည်းများ ပြန်လည်ထွက်ခွာသွားသည့်အခါ ဝယ်လိုအားလစ်ဟာမှုကို ဖြစ်ပေါ်စေသည်။ အကျိုးဆက်မှာ နိုင်ငံတကာဈေးကွက်များ၏ စံချိန်စံနှုန်းများနှင့် ကိုက်ညီသော အရည်အသွေးမြင့် လက်ဖက်ခြောက်ကို မထုတ်လုပ်နိုင်ပေ။ သို့ဖြစ်ပါ၍ သာမန်အဆင့် လက်ဖက်ထုတ်ကုန်များအား အရည်အသွေးကို အဓိကမထားသော တရုတ်နိုင်ငံသို့သာ တင်ပို့ရပေသည်။ မြန်မာ့လက်ဖက်လုပ်ငန်းသည် တရုတ်နိုင်ငံအပေါ်သာ အလွန်အမင်း မှီခိုအားထားလာရသဖြင့် တရုတ်နိုင်ငံသည် ပစ္စည်းဈေးနှင့် ဝယ်လိုအားကို ထိန်းချုပ်လာနိုင်သည်။ ဤအချက်သည် နိုင်ငံတကာအဆက်အသွယ်များ ရှာဖွေရာတွင် အစိုးရ၏အကူအညီ မည်မျှအရေးပါကြောင်းကို မီးမောင်းထိုးပြနေသည်။

**စကားမှတ်စု (၁၉)**

*"သူတို့လိုချင်တဲ့ ပမာဏ ကျွန်တော်တို့ မပေးနိုင်ဘူးလေ။ သူတို့က green tea ကို တန်ချိန် တစ်သောင်း လောက်လိုချင်တယ်။ ထုတ်နိုင်တာက ထောင်ချီပဲ ထုတ်နိုင်တယ် ဆိုတော့ အဲ့မှာ နည်းနည်းလေး ကွာဟချက်ရှိတာပေါ့။"* - ရှမ်းပြည်နယ်မှ လက်ဖက်စိုက်ပျိုးထုတ်လုပ်သူ။

**အနောက်နိုင်ငံများသည် လက်ဖက်ခြောက် သောက်သုံးသောအလေ့အထ နည်းပါးပါသည်။** အာရှတိုက်အတွင်းတွင်မူ မြန်မာ့လက်ဖက်သည် ဗီယက်နမ်၊ အင်ဒိုနီးရှား၊ တရုတ်၊ နီပေါနှင့် သီရိလင်္ကာနိုင်ငံများမှ လက်ဖက်နှင့် ဈေးကွက်ယှဉ်ပြိုင်နေရပါသည်။ မျိုးစေ့မှာ ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက်တွင် အရေးပါဆုံးဖြစ်ရာ ကောင်းမွန်သောမျိုးစေ့ကို မှန်ကန်သော စိုက်ပျိုးနည်းလမ်းများနှင့် မြေဩဇာကို အသုံးပြုမှသာ ကောင်းမွန်သော ကုန်ချောကို ရရှိမည်ဖြစ်ပါသည်။ သို့ပါသောကြောင့် အရည်အသွေးကောင်းမွန်သော မျိုးစေ့များကို ရယူနိုင်ရန် အစိုးရ၏ အထောက်အပံ့မှာ များစွာအရေးပါပါသည်။

**လျှပ်စစ်မီး ပုံမှန်မရရှိခြင်း၊ သယ်ယူပို့ဆောင်ရေးစရိတ်နှင့် ထောက်ပံ့ပို့ဆောင်ရေး စိန်ခေါ်မှုများသည်လည်း လက်ဖက်လုပ်ငန်းအတွက် ပြဿနာများဖြစ်သည်။** လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ပြောကြားချက်အရ ရှမ်းပြည်နယ်တွင် ကျေးရွာပေါင်း ၂,၉၁၄ရွာသည် လျှပ်စစ်မီးမရရှိပေ။ လျှပ်စစ်မီး ပုံမှန်မရရှိခြင်းက လက်ဖက်စိုက်ပျိုးသူများနှင့် ထုတ်လုပ်သောစက်ရုံများ၏ စီးပွားရေးချဲ့ထွင်မှုကို ပိတ်ပင်လျက်ရှိသည်။ ထို့ပြင် ရှမ်းပြည်နယ်တွင် စိုက်ပျိုး၍ ထုတ်လုပ်ပြီးသော လက်ဖက်ကုန်ချောများအား စီးပွားရေးအချက်အချာဖြစ်သော ရန်ကုန်မြို့နှင့် မန္တလေးမြို့သို့ ပို့ဆောင်ကြသည်ဖြစ်ရာ သယ်ယူပို့ဆောင်ရေးစရိတ် ပိုမိုကျခံရပါသည်။

**လက်ဖက်လုပ်ငန်း၏ အခွင့်အလမ်းများ**

**လက်ဖက်လုပ်ငန်းသည် များပြားလှသော အားနည်းချက်များရှိသော်လည်း လက်ဖက်စိုက် တောင်သူများနှင့် ထုတ်လုပ်သူများအတွက် အခွင့်အလမ်းများလည်းရှိသည်။** လက်ဖက်အတွက် ပြည်ပဈေးကွက်မှာ နည်းပါးသော်လည်း ပြည်တွင်းဈေးကွက်မှာ အတိုင်းအတာတခုအထိ ရှိသည်။

GIZ နှင့် RBF နယ်သာလန်ကဲ့သို့ NGO များသည် လက်ဖက်စိုက်ပျိုးသူများနှင့် လက်ဖက်ပို့ကုန်လုပ်ငန်းရှင်များအား ငွေကြေးအကူအညီသာမက နိုင်ငံတကာအဆက်အသွယ်များနှင့် နည်းပညာအထောက်အပံ့ပါ ပေးအပ်လေ့ရှိသည်။ ထိုကဲ့သို့ နှီးနွှယ်ဆက်ဆံခြင်းက လက်ဖက်လုပ်ငန်းသည်

နိုင်ငံတကာအဖွဲ့အစည်းများနှင့် လက်တွဲခြင်းမှ မည်ကဲ့သို့ အကျိုးကျေးဇူး ရရှိနိုင်သည်ကို သက်သေပြလျက်ရှိပါသည်။

**စကားမှတ်စု (၂၀)**

*"ကျွန်တော့်အနေနဲ့ ၂၀၁၉ Denmark supporting fund လျှောက်တာ အောင်သွားတာပေါ့လေ။ ဒီန်းမတ်က ၄၀ ရာခိုင်နှုန်း စိုက်ပေးတယ်။ ကျွန်တော်က ၆၀ ရာခိုင်နှုန်း လုပ်တယ်။ အထောက်အပံ့ ရသွားတာပေါ့။"* - ရှမ်းပြည်နယ်မှ လက်ဖက်စိုက်ပျိုးထုတ်လုပ်သူ။

**စကားမှတ်စု (၂၁)**

*"ဂျာမနီက သူတို့ရဲ့ ပစ္စည်းထုတ်တဲ့ ကုမ္ပဏီနဲ့ ချိတ်ဆက်ပြီး လုပ်တယ်။ နောက်ပိုင်းမှာ သူတို့အနေနဲ့ marketing အပိုင်းလည်း ဆက်သွယ်ပေးတဲ့ အတွက် ဂျာမနီက buyer company တွေကို ခေါ်လာပြီး ဒီနဲ့ (မြန်မာ) ချိတ်ဆက်ပေးပြီး ဆောင်ရွက်ပေးပါတယ်။ ဂျာမနီကနေပြီး ဈေးကွက်ကနေ ထုတ်လုပ်ပေးတဲ့ အဆင့်ထိ အရောက်ပို့တဲ့ဟာတွေကို ဂျာမနီနိုင်ငံကနေ တကယ့်ကုမ္ပဏီ တစ်ခုခေါ်လာပြီး ချိတ်ဆက်ပေးပါတယ်။"* - ရှမ်းပြည်နယ်မှ လက်ဖက်စိုက်ပျိုးထုတ်လုပ်သူ။

မြန်မာ့လက်ဖက်အဖွဲ့အစည်း တည်ထောင်ခြင်း၊ လက်ဖက်စိုက်ပျိုးထုတ်လုပ်သူများ၊ တင်ပို့သူများနှင့် အဖွဲ့အစည်းများအကြား တွဲဖက်လုပ်ကိုင်ခြင်းတို့သည်လည်း လက်ဖက်လုပ်ငန်းကို အကျိုးပြုမည်ဖြစ်သည်။ အကျိုးဆက်များသည် ပိုမိုကောင်းမွန်သော စိုက်ပျိုးထုတ်လုပ်ရေး နည်းစနစ်များကဲ့သို့သော လက်ဖက်လုပ်ငန်း တိုးတက်မှုများကို ဖြစ်စေသည်သာမကဘဲ အဖွဲ့အစည်း စီမံခန့်ခွဲမှုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးမှုတို့ကိုပါ ယူဆောင်လာပေသည်။

**လက်ဖက်လုပ်ငန်း၏ ခြိမ်းခြောက်မှုများ**

**ကိုဗစ်-၁၉ ကပ်ရောဂါသည် လက်ဖက်လုပ်ငန်းအတွက် ကြီးမားသော ခြိမ်းခြောက်မှုတစ်ခုဖြစ်သည်။** ကိုဗစ်ကပ်ရောဂါနှင့် နောက်ဆက်တွဲ စီးပွားရေးကျဆင်းမှုကြောင့် လက်ဖက်၏ ပြည်တွင်းဝယ်လိုအားမှာ ကျဆင်းသွားခဲ့သည်။ NGO များ နိုင်ငံအတွင်းမှ ထွက်ခွာသွားခြင်းသည် လက်ဖက်လုပ်ငန်းအတွက် အရေးကြီးသော နိုင်ငံတကာ အဆက်အသွယ်များ

ပျောက်ကွယ်သွားခြင်းဖြစ်သည်။ ကျဆင်းလာသော စျေးနှုန်းကလည်း လက်ဖက်စိုက်ပျိုးသူများနှင့် တင်ပို့သူများအတွက် လုပ်ငန်းချဲ့ထွင်ရန် ငွေကြေးအရင်းအနှီးကို မဆိုထားနှင့် လုပ်ငန်းလည်ပတ်ရန် ကုန်ကျငွေကိုပင် မကာမိနိုင်ဖြစ်နေသည်။ ၂၀၁၆ခုနှစ်မှ စတင်ခဲ့သော လက်ဖက်လုပ်ငန်း၏ တိုးတက်မှုများကို ကပ်ရောဂါမှ ဖျက်ဆီးနေပြီဖြစ်သည်။ အစိုးရထံမှ လိုအပ်သောအကူအညီများ မရရှိခြင်းမှာလည်း ယခုကဲ့သို့ စီးပွားရေးကျဆင်းနေချိန်တွင် လက်ဖက်လုပ်ငန်းအား ခြိမ်းခြောက်နေသည်။ အစိုးရသည် ရုန်းကန်နေရသော တောင်သူများနှင့် ထုတ်လုပ်နေသူများကို ကူညီနိုင်ခြင်းမရှိပါက လက်ဖက်လုပ်ငန်း၏ ဖြစ်ပေါ်လာမည့် ထိခိုက်မှုများကို ထိန်းချုပ်နိုင်မည်မဟုတ်ပေ။

## အကြံပြုချက်များ

- နိုင်ငံတော်အစိုးရသည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဖြစ်ပေါ်လာသောထိခိုက်မှုများကို လျှော့ချနိုင်ရန် လက်ဖက်စိုက်ပျိုးသူများအား လိုအပ်သောနည်းပညာနှင့် ငွေကြေးအထောက်အပံ့ကို ပေးအပ်သင့်သည်။
- အစိုးရသည် နိုင်ငံတကာအဆက်အသွယ်များနှင့် ပြည်ပစျေးကွက်များ ဖန်တီးနိုင်ရန် မြန်မာ့လက်ဖက်အဖွဲ့အစည်း၊ အခြေခံလူတန်းစားအဖွဲ့အစည်းများ၊ စိုက်ပျိုးသူများနှင့် ထုတ်လုပ်သူများနှင့်အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်သင့်သည်။
- အစိုးရသည် ပြည်ပစျေးကွက်များတွင် မြန်မာ့လက်ဖက်ထုတ်ကုန်များ၏ ပုံရိပ်ကို မြှင့်တင်ပေးမည့် နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်များကို ပေးအပ်နိုင်ရန် ပြင်ဆင်သင့်သည်။
- အစိုးရသည် လက်ဖက်စိုက်ပျိုးသူများနှင့် ထုတ်လုပ်သူများ၏ သမရိုးကျ စီးပွားရေးလုပ်ကိုင်နည်းများကို ပြည်တွင်းစျေးကွက် ခိုင်မာစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးနိုင်ရန် ပံ့ပိုးသင့်သည်။
- အစိုးရသည် ရှမ်းပြည်နယ်အတွင်းရှိ စိုက်ပျိုးမြေများသို့ လျှပ်စစ်မီးရရှိစေနိုင်ရန် ကြိုးပမ်းသင့်သည်။

## ကိုးကား


Albatros Adventure Marathons. (n.d.). Photos of Myanmar. https://bagan-temple-marathon.com/photos-myanmar

Aung Aung Myint. (2019, April 2). ဝဥနှင့် သီးနှံအခြောက်ခံလုပ်ငန်း ချင်းတွင်ဖွင့်လှစ်. *ကွန်ရက်ပေါက်ဖော်*. http://www.paukphaw.com/index.php?m=article&f=view&id=896

Aung Nyein Chan. (2018, July 2). Change afoot in southern Shan State's premiere tea town. *Myanmar Now*. https://www.myanmar-now.org/en/news/change-afoot-in-southern-shan-states-premier-tea-town

Chau, T. (2020, January 29). Chin opens yam processing plant in first major investment. *Myanmar Times*. https://www.mmtimes.com/news/chin-opens-yam-processing-plant-first-major-investment.html

Coup continues to disrupt Made in Myanmar garments. (2021, April 12). *Just Style*. https://www.just-style.com/features/coup-continues-to-disrupt-made-in-myanmar-garments/

Cyriac, N. (2019). *Myanmar's F&B is a Promising Market in Southeast Asia*. YCP Solidiance. https://ycpsolidiance.com/article/myanmars-fb-is-a-promising-market-in-southeast-asia

Department of Population. (2015). *The 2014 Myanmar Population and Housing Census: Shan State Report* (Vol.3). Myanmar Government. https://themimu.info/sites/themimu.info/files/documents/Report_Shan_State_Census_Report_MOIP_May2015.pdf

Department of Population. (2015). *၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ချင်းပြည်နယ်၏ လူဦးရေ ကိန်းဂဏန်းအချက်အလက်များ.* Myanmar Government. https://myanmar.unfpa.org/sites/default/files/pub-pdf/3D_Chin_Figures_MYR.pdf

Department of Trade Promotion Ministry of Commerce. (n.d.). *National Export Strategy of the Republic of the Union of Myanmar: 2015-2019.* Myanmar Government. https://www.intracen.org/uploadedFiles/intracenorg/Content/Redesign/Audience/policy_makers/2015-2019%20Myanmar%20-%20National%20Export%20Strategy.pdf

Ei Myat Mon. (2019, February 7). Foreign investors show interest in Chin elephant foot yam processing unit: MVFP. *Myanmar Digital News*. https://www.mdn.gov.mm/en/foreign-investors-show-interest-chin-elephant-foot-yam-processing-unit-mvfp

Embassy of Switzerland in Myanmar. (2020, January 16). *The Swiss Ambassador, Tim Enderlin, visited the coffee production project supported by UNODC in Southern Shan in villages in Hopong* [Facebook Page]. Facebook. Retrieved November 18, 2021 from https://www.facebook.com/swissembassyyangon/posts/1428300157347435

Flanders Investment and Trade. (2020). *Food & Beverage in Myanmar: Discover a sector with potential.* https://www.flandersinvestmentandtrade.com/export/sites/trade/files/market_studies/Food%20%26%20Beverage%20Myanmar.pdf

Human Rights Foundation of Monland. (2020, May 1). *Government must save Mon State rubber industry.* http://rehmonnya.org/archives/5854

International Labor Organization Liaison Office for Myanmar. (2020). *Covid-19 Impact on Employment and Labor Market in Myanmar.* https://myanmar.un.org/sites/default/files/2020-07/ILO%20Myanmar%20COVID-19%20Impact%20Assessment%20-%20updated.pdf

McCrow, E. (2019). *U Ho Ling's Story: Life as an Elephant Foot Yam Farmer in the Chin Hills* [Photograph]. ADRA Myanmar. https://adramyanmar.org/u-ho-lings-story-life-as-an-elephant-foot-yam-farmer-in-the-chin-hills/

Ministry of Planning and Finance. (2020, April 28). *Overcoming as One: COVID-19 Economic Relief Plan - CERP.* https://www.mopfi.gov.mm/my/blog/45/11310

*Myanmar: Beer Market and the Impact of COVID-19 on It in the Medium Term.* (2020). Williams & Marshall Strategy. https://www.marketresearch.com/Williams-Marshall-Strategy-v4196/Myanmar-Beer-Impact-COVID-Medium-13617814/

Myanmar Business Today (2015, April 9). Myanmar to Work toward Higher Quality Rubber Exports. https://mmbiztoday.com/myanmar-to-work-toward-higher-quality-rubber-exports/

Myanmar Information Management Unit. (n.d.). *ချင်းပြည်နယ်.* https://themimu.info/mm/states_regions/chin

OEC. (2019). *Myanmar* [Data Set]. Observatory of Economic Complexity https://oec.world/en/profile/country/mmr

Paton, E. (2021, April 6). Myanmar's Defiant Garment Workers Demand That Fashion Pay Attention. *The New York Times*. https://www.nytimes.com/2021/03/12/business/myanmar-garment-workers-protests.html

*Rising foreign investment in Myanmar's food and beverage segment*. (n.d.). Oxford Business Group. https://oxfordbusinessgroup.com/analysis/highly-attractive-foreign-investment-food-and-beverage-segment-rising

Sai Nun Khay. (n.d.). Dallas tea company imports rare leaves from woman-owned estate in Myanmar. *The Dallas Morning News*. https://www.mmtimes.com/news/small-scale-rubber-farmers-need-govt-help.html

*Shan State* [Data Set]. Ministry of Electricity and Energy. https://www.moee.gov.mm/en/ignite/page/376

Theingi Myint & Kyaw Myo Thu. (2020, October 19). *Myanmar's Natural Rubber Forward Policy: How to do it?*. FFTC Agricultural Policy Platform. https://ap.fftc.org.tw/article/2606

The World Bank. (2020). *Myanmar Economic Monitor: Coping with Covid-19*. https://documents1.worldbank.org/curated/en/906171608086222905/pdf/Myanmar-Economic-Monitor-Coping-with-COVID-19.pdf

Thiha Ko Ko. (2019, December 12). Agriculture as an economic driver. *Myanmar Times*. https://www.mmtimes.com/news/agriculture-economic-driver.html

Thiha Ko Ko. (2019, July 22). Coffee industry expands as overseas demand rises. *Myanmar Times*. https://www.mmtimes.com/news/coffee-industry-expands-overseas-demand-rises.html

UNHCR South-east Myanmar Information Management Unit. (2014). *Mon State Profile*. https://themimu.info/sites/themimu.info/files/documents/Infographic_MonStateProfile_UNHCR_June2014.pdf

United Nations Myanmar. (2019, August 27). *Coffee Growers in Myanmar Receive a Fair Deal*. https://myanmar.un.org/en/14836-coffee-growers-myanmar-receive-fair-deal

World Integrated Trade Solution. (2019). *Myanmar 2019 Import Partner Share* [Data Set]. https://wits.worldbank.org/CountryProfile/en/Country/MMR/Year/LTST/TradeFlow/Import/Partner/by-country/Product/50-63_TextCloth

ခိုနွမ်းသုန်. (2019, March 11). ချင်းပြည်နယ် ရင်နီးမြှုပ်နှံမှုနှင့်ကုန်စည်ပြပွဲ ရန်ကုန်မြို့တွင် ကျင်းပမည်. *BNI Multimedia Group*. https://www.bnionline.net/mm/news-64766

ဧယျာငြိမ်း. (2019, December 16). လက်ရှိဘဏ္ဍာနှစ် နှစ်လကျော်တွင် ပြည်ပသို့ ရော်ဘာတန်ချိန် သုံးသောင်းကျော်တင်ပို့မှုမှ ဒေါ်လာသန်း ၄၀ ရရှိထားပြီး ယခင်နှစ်ကာလတူထက် တန်ချိန်လေးထောင်ခန့် လျော့ကျခဲ့သဖြင့် ဝင်ငွေဒေါ်လာ ငါးသန်းလျော့ကျဟု ဆို. *Eleven Media Group*. https://news-eleven.com/article/149793

*ပြည်ပဝင်ငွေတိုးဖို့ ဝဥစိုက်ပျိုးနည်း*. (2019, December 4). Htwetttoe. https://htwettoe.com/article-details/education/8093914

*မြန်မာ့ဝဥ စိုက်ပျိုးထုတ်လုပ်မှု မြင့်မားခြင်းမှ ဈေးကွက်ခိုင်မာရေးဆီသို့, 19(25).* (2019). https://www.commerce.gov.mm/sites/default/files/19-25%20Onl.pdf

ဟသ်ာနီ. (2017, August 8). မွန်ပြည်နယ်တွင်ရာဘာကြမ်းများ တရုတ်ဈေးကွက်သို့ မှီခိုတင်ပို့နေရ၍ ကျပ်သန်း ၄၀၀ ခန့်ဆုံးရှုံးနေ. *The Irrawaddy*. https://burma.irrawaddy.com/business/2017/08/08/140125.html

*"စီးပွားရေးလုပ်ငန်းများ၏ အန္တိမရည်မှန်းချက်မှာ အမြတ်ရရှိရေးပင်ဖြစ်သည်။ မြန်မာ့စီးပွားရေးလုပ်ငန်းများအကြောင်း အစီရင်ခံစာ (Myanmar Business Insight Report - MBIR) သည် မြန်မာ့စီးပွားရေးလုပ်ငန်းများ အမြတ်ရရှိစေရန် အထောက်အပံ့ဖြစ်စေပါသည်။ ဤအစီရင်ခံစာသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ရင်နှီးမြှုပ်နှံမှု တိုးချဲ့လိုသည့် စီးပွားရေးလုပ်ငန်းရှင်များ၊ စီးပွားရေးနယ်ပယ်ထဲသို့ စတင်ဝင်ရောက်ရန် ခြေလှမ်းပြင်ဆင်နေသည့် စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းများ၏ ယန္တရားထဲတွင် စီမံခန့်ခွဲနေသော အုပ်ချုပ်သူများ၊ မန်နေဂျာများနှင့် စီးပွားရေးသုတေသီများအတွက် မြန်မာ့စီးပွားလုပ်ငန်းများအကြောင်း ပိုမိုနားလည်စေရန် ကောင်းစွာ အထောက်အပံ့ပေးနိုင်သော အစီရင်ခံစာဖြစ်ပါသည်။"*

# မြန်မာ့စီးပွားရေးလုပ်ငန်းများအကြောင်း အစီရင်ခံစာ (၂၀၂၀ ခုနှစ်)


**အတွဲ (၂)** **နိုဝင်ဘာလ၊ ၂၀၂၁ ခုနှစ်**


Inya Economics


**ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပရိုဂရမ်**

www.inyaeconomics.com

inyaeconomics@gmail.com

psd.ie.mm@gmail.com